http://www.cherrythitsar.org



မောင်ညိုပြာ

# ဓာတ်ခွဲခန်းမှူး တစ်ဦး၏ ဒိုင်ယာရီ

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# ဓာတ်ခွဲစမ်းမှူးတစ်ဦး၏ နိုင်ယာဂရာ

## မောင်ညိုပြာ

ပေါ်ပြူလာဂျာနယ်တွင် ဖော်ပြခဲ့သော ဆောင်းပါးများကို စုစည်းထား ပါသည်။

ကံ့ကော်ဦး
ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။

http://www.cherrythitsar.org


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၂၃၈ / ၂၀၀၂ (၃)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၆၇ / ၂၀၀၃ (၇)

❑

**ထုတ်ဝေသူ**

ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ

ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊

မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးစွန့်ကော်ယူ၊ မာကျူရီပုံနှိပ်တိုက်

အမှတ် (၄၉)၊ ရေကျော်လမ်း၊

ပုဇွန်တောင်၊ ရန်ကုန်မြို့။

❑

**မျက်နှာဖုံးပန်းချီ**

ဇော်မောင်

❑

**ပုံနှိပ်ခြင်း**

ပထမအကြိမ် – အောက်တိုဘာလ၊ ၂၀၀၃ ခုနှစ်

အုပ်ရေ – ၅၀၀

တန်ဖိုး – ၅၀၀ ကျပ်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အေအိုင်ဒီအက်စ်နောက်ခံ | ၇ |
| ၂။ | ယူစီဂျီနောက်ခံ | ၁၁ |
| ၃။ | ဓာတ်ခွဲခန်းမှူးများ ဝိုင်းဖွဲ့စကားပြောခြင်းနောက်ခံ | ၁၅ |
| ၄။ | ဓာတ်ခွဲခန်းမှူးများ ဝိုင်းဖွဲ့စကားပြောခြင်း နောက်ခံ | ၂၁ |
| ၅။ | လူနာ မေးခွန်းများကို ဖြေကြားခြင်းနောက်ခံ | ၂၆ |
| ၆။ | အသားမျှင် ဓာတ်ခွဲစမ်းသပ်ခြင်းနောက်ခံ | ၃၀ |
| ၇။ | ဗီတာမင် စားသုံးကြခြင်းနောက်ခံ | ၃၅ |
| ၈။ | မိုက်ကရိုစကုပ်နောက်ခံ | ၄၁ |
| ၉။ | ဓာတ်ခွဲခန်းတစ်ခန်းအတွင်း ပေါက်ကြားမှုများနောက်ခံ | ၄၆ |
| ၁၀။ | ကုန်သွယ်ရေး (၁၀) ကျင်လည်ခဲ့ရတဲ့ ဘ၀နောက်ခံ | ၅၀ |
| ၁၁။ | ဓာတ်ခွဲစမ်းသပ်ခနှင့် လူနာမျက်နှာပေးအကြောင်းနောက်ခံ | ၅၅ |
| ၁၂။ | ဆေးခန်းထိုင်စားသူများ ဘ၀ နောက်ခံ | ၆၀ |
| ၁၃။ | ဂျပန်ပညာတော်သင်အိပ်မက် နောက်ခံ | ၆၅ |
| ၁၄။ | သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စကားပြောခြင်းနောက်ခံ | ၇၀ |
| ၁၅။ | ဆိတ်သုန်းသွားသော အရာများအကြောင်း နောက်ခံ | ၇၆ |
| ၁၆။ | ဆေးပညာရှင်များ စာပေလိုက်စားကြခြင်း နောက်ခံ | ၈၂ |
| ၁၇။ | ကျူစီနောက်ခံ | ၈၇ |
| ၁၈။ | သွေးဖောက်ခံရမှာ တွေးကြောက်သူများ နောက်ခံ | ၉၁ |
| ၁၉။ | အေအိုင်ဒီအက်စ်တစ္ဆေ ကျဆုံးပါစေ နောက်ခံ | ၉၇ |

http://www.cherrythitsar.org

၂၀။ ၁၀.၇.၂၀၀၁ နေ့၊ အင်းစိန်–ရန်ကုန်
ဘတ်စ်ကားစီးခြင်းနောက်ခံ ၁၀၂
၂၁။ အယူအဆ အမျိုးမျိုးရှိကြသည့် အကြောင်းနောက်ခံ ၁၀၇
၂၂။ ဓာတ်ခွဲခန်းမှူးတစ်ယောက်၏ တချို့ဓာတ်ဝင်ခန်းများ
နောက်ခံ ၁၁၂
၂၃။ (ACID TO WATER) နောက်ခံ ၁၁၇
၂၄။ တံခါးစောင့် တစ်ယောက်၏ အကြောင်းနောက်ခံ ၁၂၂

# အေအိုင်ဒီအက်စ်နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁)

အဲဒီလူက လူတစ်မျိုး။ အလုပ်မှာ သိပ်ပြီးဝီရိယရှိလှသည်လည်း မဟုတ်။ အလုပ်ဆီသို့ သွားရပြီဆိုလျှင် သူ့ခြေလှမ်းတွေ နှေးကွေးနေတတ်၏။ သည်လို ခပ်ဖြည်းဖြည်း လမ်းလျှောက်ရင်း သဘောတရားနှင့် ဒဿန၊ ရသနှင့် အနုပညာ၊ နည်းပညာနှင့် ခံစားချက်များအကြောင်းကို စဉ်းစားချင် စဉ်းစားနေသည်။ သူက စာရေးဆရာတစ်ယောက်လည်း ဖြစ်နေပြန်သည်မှာ သူ့စီးပွားရေး တိုးတက်ရာတိုးတက်ကြောင်းအတွက် များစွာ အဆီးအတားဖြစ်ခဲ့သည်။ ဖြစ်နေသည်။ ဖြစ်ဦးမည်။ အမြဲတမ်းပင် သိပ္ပံပညာနှင့် ဝိဇ္ဇာပညာတို့ လိုင်းပူးသဖြင့် မကြာခဏ ရှော့(ခ်)ဖြစ်ရသည်။

သူသည် ဝီရိယကောင်းသူတစ်ဦး မဟုတ်သော်လည်း ငွေတော့ မက်သင့်သလောက် မက်သည်။ ငွေလိုချင်သဖြင့် ဝီရိယစိတ်သည် သူ့ကိုယ်ထဲပြန်ဝင်လာပြီး နောက်ဆုံးတော့ ဝီရိယကောင်းသူတစ်ဦး ပြန်ဖြစ်သွားသည်။ သူ့ဓာတ်ခွဲခန်းသို့ သူရောက်ရှိသောအချိန်သည် နံနက်(၉)နာရီ သာသာပဲ ရှိသေးသည်။

(၁၀) နာရီ၊ (၁၁) နာရီ။ သွေးစစ်မည့်သူဆို၍ တစ်ဦးမှ ပေါ်

http://www.cherrythitsar.org



မလာသေး။ (၁၂) နာရီသာ ထိုးသွားသည်။ လူနာ တစ်ဦးမှမရသေး။ သက်ရှိသတ္တဝါဆို၍ သူ့ ဓာတ်ခွဲခန်းထဲကို ကြွက်တစ်ကောင်သာ ဖြတ်ပြေး သွားသည်။ မနေ့က ဆရာဝန်တစ်ယောက်ကို သူပြောခဲ့သော စကားများ ကို သူပြန်ကြားယောင်လာသည်။

"တကယ်တော့ ဆီး၊ ဝမ်း၊ သွေး၊ သလိပ် စစ်ဆေးစားသောက် ရတဲ့ ဓာတ်ခွဲခန်းအလုပ်ဆိုတာ မရှိမဖြစ်မှ မဟုတ်တာ။ ကုန်ကုန်ပြောရရင် ဆရာဝန်အလုပ်တောင် တစ်ခါတလေ မရှိမဖြစ်မဟုတ်တဲ့အထဲ ပါပါသွား တတ်တယ်။ တကယ့်ကို မရှိမဖြစ်ပစ္စည်းတွေကတော့ ဆန်၊ ဆေးဝါးနဲ့ မျက်မှန်တွေပဲပေါ့။ လူတွေက တော်ရုံတန်ရုံ ဖြစ်တဲ့ရောဂါလောက် ကတော့ သူတို့ဘာသာ သူတို့ ဆေးဝယ်သောက်ဖို့ နားလည်နေကြပြီ။ ဆေးတွေထဲမှာ ပါရာစီတမောကတော့ ဇာတ်လိုက်ပဲပေါ့။ ဒိုင်ယာစီပင်။ သူက အကယ်ဒမီ နှစ်ထပ်ကွမ်းဇာတ်ပို့။ နောက်တစ်ခါ မျက်မှန်ကို ကြည့် မယ်ဆိုရင် သူက မရှိမဖြစ် လူသုံးကုန်ဖြစ်ရုံတင်မက အလှအပ အဆင် တန်ဆာကုန်ပစ္စည်းလည်း ဖြစ်နေပြန်တယ်။ မျက်စိမှုန်တဲ့လူက တပ်ကို တပ်ရမယ်။ မမှုန်တဲ့လူတွေကလည်း ရှိုးလုပ်ပြီး တပ်ကြတယ်။ မျက်မှန် လေးတပ်လိုက်ရင် သူ့ကိုယ်သူ သိပ်ဟုတ်လှပြီထင်သွားတဲ့လူကလည်း ရှိသေးတယ်။ မျက်မှန်ခရေစီတွေ အများကြီးရှိတယ်။ ဘဝတစ်လျှောက်လုံး မျက်မှန်မတပ်ဖူးတဲ့လူ တော်တော်ရှားတယ်။ မော်စီတုန်းကို မျက်မှန်နဲ့ မတွေ့ဖူးဘူး။ ဒါမျိုးရှားတယ်။ အဲဒီတော့ ကျွန်တော်တို့ ရွှေဘုံသာလမ်း မှာ ဆေးဆိုင်နဲ့ မျက်မှန်ဆိုင်အသစ်တွေ မှိုလိုပေါက်လာတာ ဆရာအသိပဲ။ ပြီးတော့ ဈေးနှုန်း။ ဆေးဈေးနှုန်းတွေကတော့ သိနေကြလို့ ဈေးသိပ်တင် လို့ မရဘူး။ မျက်မှန်ကျတော့ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ် ဆန်းပဲ။ ဘာကိုင်း၊ ညာကိုင်း၊ ဘယ်နိုင်ငံက လာတယ်။ ဘာညာ။ သိပ်မှတ်

http://www.cherrythitsar.org



ရခက်တယ်။ ဝယ်တဲ့လူက ဆိုက်ကိုနဲ့လာတာ။ ဈေးကြီးမှ ကောင်းတယ် ထင်တဲ့လူလည်း ရှိသေးတယ်။ ခြုံပြောရရင် ကျွန်တော်တို့ ရွှေဘုံသာလမ်း မှာ မျက်မှန်ဆိုင်အသစ်တွေက ဆေးဆိုင်အသစ်တွေထက် ပိုများလာ တယ်”

ထိုကဲ့သို့ ခေါက်ခွဲခန်းမှူးက ယမန်နေ့က သူပြောခဲ့သော စကား ကို သူ ပြန်လည်သတိရနေမိခြင်းမှာ သူ ယခုအချိန်အထိ ဈေးဦးမပေါက် သေးသော ခံစားချက်၏ ဆင့်ကဲရိုက်ခတ်မှုဖြစ်သည်။ တောင်တွေး မြောက် တွေးနှင့် (၁၂) နာရီထိုးပြီ။ အလုပ်က ငြိမ်သက်လှသည်။ အေးစက်လှ သည်။ ခပ်လှမ်းလှမ်းမှ သံထည်ဖြင့်လုပ်ထားသော မိုက်ကရိုစကုပ်ကြီးက သစ္စာရှိလှသည်။ မနေ့က ထားခဲ့သည့်ပုံစံအတိုင်း သူ့ကို မျက်တောင် မခတ်ဘဲ ကြည့်နေသည်။ သူသည် လက်ထဲမှနာရီကို ကြည့်လိုက်သော အခါ အားတက်သွားသည်။ ဆန်းကြယ်လွန်းသော လူသားတွေ၏ စိတ်ထဲ မှာ သူ့စိတ်လည်း ကျန်ရစ်မနေခဲ့။ စောစောတုန်းကတော့ အချိန်တွေ အကုန်မြန်လွန်းသည်။ ယခုတော့ ကုန်ခဲနေသည်။ တစ်နာရီရယ် ထိုး လိုက်ပါတော့လား။ တစ်နာရီရောက်ရန် ကြာလွန်းနေသည်။ တစ်နာရီထိုး လျှင် အေအိုင်ဒီအက်စ် ရှိ မရှိ ရောဂါစစ်ဖို့ လူတစ်ယောက် ကျိန်းသေလာ မည်။ ကုန်ကျစရိတ် ၁၀၀၀ နှုတ်လျှင် သူ့အတွက် ၁၀၀၀ ကျန်မည်။ ငွေ ၁၀၀၀ ရလျှင် နေ့တွက်ကိုက်ပြီဖြစ်၍ သူ မြို့ထဲလျှောက်လည်မည်။ တံခါးပိတ်ပြီး အိပ်ချင်အိပ်မည်။ အခန်းထဲမှာ ငြိမ်ငြိမ်ကလေး နေနေရ၍ အကြောင်းပြချက်ခိုင်လုံသော အမောဖောက်ခြင်းကို သူ အနားပေးရမည်။

မနေ့က လူနာတစ်ယောက်က “မနက်ဖြန် (၁) နာရီမှာ ဆက် ဆက်စောင့်နေပါ။ ကျွန်တော် ဆံပင်ညှပ်ဆိုင်မှာ မုတ်ဆိတ်ရိတ်ခါးရှလို့ မသက်ာလို့။ ပြီးတော့ ကျွန်တော် အိမ်ထောင်ပြုတော့မလို့ဆိုတော့ အိပ်ချ

http://www.cherrythitsar.org



အိုင်ဗီပိုး ရှိ မရှိ စမ်းထားရမှာ။ ငွေက အကြောင်းမဟုတ်ဘူး။ မှန်အောင် သာစစ်၊ ဒါပဲ။ နက်ဖြန်သာ ဆက်ဆက်စောင့်နေ။ နေ့လယ် (၁) နာရီ”

နေ့လယ် (၁) နာရီထိုးပြီ။ မုတ်ဆိတ်ရိတ်လို့ ဓားရှသည့်လူ မလာသေး။ ကိစ္စမရှိ။ အလျော်အစား နာရီဝက်၊ မိနစ် (၄၀) ရှိနိုင်သည်။ (၂) နာရီ။ ခရီးလမ်းပန်းအခက်အခဲနှင့် ရန်ကုန်သားတွေ၏ မတိကျမှုတွေ ပေါင်းလိုက်လျှင် အဲသည်လောက်တော့ အနုတ်အသိမ်း ရှိနိုင်သည်။ (၃) နာရီ။ ငွေ့ငွေ့ကလေး မျှော်လင့်နေတုန်း။ (၄) နာရီ။ သွားပြီ. . သူ့အခန်းထဲမှာ အငြိမ်နေလို့မရတော့။ ဆေးခန်းရှေ့ထွက်လာသည်။ အိမ်နီးချင်း ဓာတ်ခွဲခန်းမှ သူငယ်ချင်းသုံးယောက်ကိုလည်း ယောင်လည်လည်နှင့် တွေ့ရသည်။ သူငယ်ချင်း ဓာတ်ခွဲခန်းမှူးတွေက သူ့ဆီကို လျှောက်လာသည်။ ပြီးတော့ သူတို့သုံးယောက် သူ့ကို ပြိုင်တူပြောသည်။

“မုတ်ဆိတ်ရိတ်ဓားရှတဲ့လူ လာသေးလားဗျာ။ သူက ကျွန်တော်တို့ သုံးယောက်ကို တစ်နာရီမှာ စောင့်နေပါဆိုလို့ စောင့်နေတာ။ သွားစရာရှိတာတောင် မသွားရဘူး”

❑ ❑ ❑

# ယူစီဂျီနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂)

"ဆီး စစ်ချင်လို့"

"ဘာအတွက်လဲ။ ဆီးစစ်တယ်ဆိုတာ အမျိုးမျိုးရှိတယ်။ ပြည်ရှိ မရှိ စစ်ချင်တာလား၊ ဆီးထဲမှာ ဘာပိုးရှိလဲ၊ ပိုးမွှားကြည့်ချင်တာလား။ ကျောက်ကပ် ကောင်း၊ မကောင်း သိချင်တာလား။ ဆီးချို ရှိ မရှိ"

"အဲဒါ တစ်ခုမှမဟုတ်ဘူး။ ကိုယ်ဝန် ရှိ မရှိ စစ်ချင်တာပါ"

ဓာတ်ခွဲခန်းမှူးနှင့် အပြန်အလှန်ပြောနေသူမှာ မျက်နှာစိမ်း ယောက်ျားလေးတစ်ယောက် ဖြစ်သည်။ သူက ဆီးစစ်ချင်လို့ဟု စတင် ပြောသောအချိန်တွင် သူတစ်ယောက်တည်းသာ အခန်းတွင်း ရောက်လာ သေးသည်။ သိပ်မကြာမီ ဓာတ်ခွဲခန်းမှူးက မေးခွန်းများမေးနေချိန်တွင် အရွယ်ကောင်းသော မိန်းမငယ်တစ်ယောက် ရောက်လာသည်။ ဓာတ်ခွဲ ခန်းမှူးသည် သူ့မေးခွန်းမဆုံးမီ သူ သဘောပေါက်သွား၏။

မိန်းကလေးသည် ရှက်နေသဖြင့် ကောင်ကလေးနောက်နားတွင် တွယ်ကပ်နေသည်။ ရှက်ဖွယ်၊ အားနာဖွယ် ကိစ္စတစ်ခု တိတ်တိတ်ကလေး

http://www.cherrythitsar.org



ကျူးလွန်ထားသည်ကို လူတချို့ ဖမ်းမိသိရှိသွားသောအခါ တွေ့ရသော ရှက်စနိုး မျက်နှာမျိုး။ ဗွီဒီယိုတို့ ရုပ်ရှင်တို့မှာ သူ့အမျိုးသားကို အမျိုးသမီးက ကိုယ်ဝန်ရှိနေပြီဖြစ်ကြောင်း ဖွင့်ပြောသောအခါ ထားတတ်သည့် မျက်နှာထားမျိုး။

ဓာတ်ခွဲခန်းမှူးသည် သူ့ဓာတ်ခွဲခန်းဘဝတစ်လျှောက်မှာ သူ့ထံ ယခုပုံစံ လူနာတွေ အမြောက်အမြား ရောက်ရှိတွေ့ဆုံ ဆက်ဆံခဲ့ဖူးသဖြင့် သူ့တုံ့ပြန်မှုများသည် မြင့်တက်မနေဘဲ ဝပ်နေသည်။ သို့သော် မိန်းကလေးကို တစ်ချက်မော့ကြည့်ပြီး စဉ်းစားနေမိ၏။

“ဒီမိန်းကလေး အပျိုရည်ပျက်ခဲ့ပြီ။ ဒါဟာ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်မို့ ငါ့ကို ဖွင့်ပြောတာ။ သူတို့ကိစ္စကိုသိတဲ့လူ အတော်နည်းမှာပဲ။ တကယ်လို့ မိန်းကလေးရဲ့မိဘတွေသိရင် ဘယ်လိုနေမလဲ။ ရင်ကွဲမှာပဲ”

ကျင့်သား ကောင်းကောင်းရနေပြီဖြစ်၍ စကားလည်းပြော၊ တွေးလည်းတွေး၊ ဆွေးလည်းဆွေးနှင့် သူတို့ကမ်းပေးသော ဆီးကို စစ်ဆေးကြည့်နေမိသည်။ အခု နောက်ဆုံးပေါ် U.C.G Strip ဖြင့် ဓာတ်ခွဲနေမိ၏။ ပေါ့စစ်တစ်။ (Positive)

“ကိုယ်ဝန်ရှိနေပြီကွ”

သူက သူတို့စုံတွဲကို အဲသည်လိုပြောလိုက်တော့ နှစ်ယောက် စလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ သူတို့ ဆုတောင်းနှင့် ပြောင်းပြန်ဖြစ်သွားသည်မှာ သေချာသည်။ လုပ်ငန်းပြီးသွားသဖြင့် ယခုမှ ကောင်လေးနှင့် ကောင်မလေးကို သူ လေ့လာအကဲခတ်နေမိသည်။ ကောင်လေးက ရုပ်ဆိုးဆိုး၊ ကောင်မလေးက ခပ်ချောချော။ စိတ်ထဲမှာ နှမြောသွားမိသည်။ ဓာတ်ခွဲခန်းစမ်းသပ်ခကိုရှင်းဖို့ ကောင်လေး၏ပိုက်ဆံအိတ်ကို ဖွင့်လိုက်စဉ် ငါးရာတန်တွေ အထပ်လိုက် ထွက်လာသည်။ ပြန်အမ်းရန်

http://www.cherrythitsar.org



ငွေတစ်ဆယ်တန်တွေ လိုလာသည်။ ကောင်လေးက ပိုက်ဆံအိတ်၏ တခြားအခန်းတစ်ခန်းကို ဖွင့်လိုက်သည်။ တစ်ဆယ်တန်၊ နှစ်ဆယ်တန် အသစ်ကျပ်ချွတ်တွေ အထပ်လိုက်။ ကောင်မလေးက ကောင်လေးကို အထင်ကြီး၊ အားကိုးသော အဓိပ္ပာယ်မျိုးဖြင့် ကြည့်နေသည်ဟု ထင်ရ၏။ ဓာတ်ခွဲခန်းမှူးကတော့ ထိုငွေများဖြင့် ကောင်မလေးကို ကောင်လေးက ပေါက်လိုက်လေသလားဟု သံသယဖြစ်သွား၏။

"အဲဒီကလေးကို မလိုချင်ဘူး။ ကူညီပါဗျာ"

"ဟေ.. ဘယ်လိုဖြစ်လို့လဲကွ ကောင်လေးရ။ မိဘတွေ သဘောမတူလို့လား"

"တူပါတယ်"

"လက်မထပ်ရသေးဘူးလား"

"ဟုတ်ကဲ့"

"မင်းတို့အချင်းချင်းက မေတ္တာရှိသလား"

"ရှိပါတယ်"

ကောင်မလေးက မပြော။ ကောင်လေးက ပြောသည်။

"ဒီလိုဆိုရင် လူ့အသက်တစ်ချောင်းကို ဘာဖြစ်လို့ ပစ်စလက်ခတ် လုပ်ပြီး ဆုံးဖြတ်မှာလဲ။ လူ့အသက်တစ်ချောင်း။ ကိုယ့်ရင်သွေး။ အဆင် မသင့်ရင် မိခင်ပါ အသက်ဆုံးရှုံးသွားနိုင်တယ်။ ဒီမှာထိုင်၊ မင်းတို့ကို ငါ ပုံပြင်တစ်ပုဒ် ပြောပြမယ်။ တစ်ခါတုန်းက ငါ့သူငယ်ချင်း အတွဲတစ်တွဲရှိ တယ်။ လက်မထပ်ရသေးခင် မင်းတို့လို ကျူးလွန်ခဲ့ကြတယ်ပေါ့ကွာ။ လက်ထပ်မင်္ဂလာဆောင်မယ့်နေ့ဆိုရင် ကိုယ်ဝန်က သုံးလရှိနေပြီ။ သူတို့ နှစ်ယောက်စလုံး အရပ်ဝမ်းဆွဲတစ်ယောက်ဆီအသွားမှာ လမ်းမှာ ငါနဲ့ တွေ့တယ်။ သူတို့က ပွင့်ပွင့်လင်းလင်းပဲပြောတယ်။ မင်္ဂလာဆောင်မှာ

http://www.cherrythitsar.org



မပေ့ါမပါးနဲ့ ပုံစံမျိုး ပေါက်နေမှာစိုးလို့တဲ့။ သူတို့အကြောင်းပြချက်နဲ့ လူတစ်ယောက်ရဲ့အသက်နဲ့ တန်ဖိုးချင်း ကွာလွန်းတယ်။ တစ်နာရီလောက် မင်္ဂလာဆောင် အခမ်းအနားမှာ ဗိုက်ချပ်ချပ်လေးနဲ့နေချင်လို့ဆိုရင် မလုပ်ပါနဲ့။ အဲဒီလိုမလုပ်ဖို့ သူတို့ကို ခေါက်ဆွဲကျွေးပြီး မနည်းစည်းရုံးရတယ်။ သူတို့ အရပ်ဝမ်းဆွဲဆီမသွားဘဲ အိမ်ပြန်သွားကြတယ်။ နောက် ကလေးမွေးတော့ မိန်းကလေး။ ချစ်စရာသိပ်ကောင်းတာပဲ။ အဲဒီသမီးလေး မွေးနေ့ကျင်းပတိုင်း ငါ့ကိုဖိတ်တယ်။ သမီးရဲ့ဖခင်က ဘာပြောသလဲဆိုရင် "ဒါ သမီးရဲ့မိဘအစစ်ပဲတဲ့။ ဖေဖေ မေမေတို့က မိဘအတု" တဲ့။ အခုဆိုရင် အဲဒီကောင်မလေးဟာ အပျိုဖျန်းဖြစ်နေပြီ။ မျက်နှာလေးက သနားစရာ၊ ချစ်စရာ။ သူ့အကြည့်က သူ့ကို ကမ္ဘာလောကကြီးမှာ အသက်ရှင်ခွင့်ပေးဖို့ ပန်ကြားနေသလိုလိုပဲ။ အဲဒီတော့ အိမ်ပြန်ကြတော့။ အမြန်ဆုံး လက်ထပ်ဖို့ စီစဉ်ကြတော့"

"ဟုတ်ကဲ့ ဆရာ"

ကောင်မလေးက မပြော။ ကောင်လေးက ပြောသည်။ သူ လေ့လာမိသလောက်ကတော့ ကောင်လေးသည် သူ့တရားကို အလွန်နှစ်ခြိုက်သွားသည့်ပုံပေါ်သည်။ အဘယ့်ကြောင့်ဆိုသော် လက်ထပ်ရန် ကောင်လေးကသာ တက်ကြွနေချိန်တွင် ဓာတ်ခွဲခန်းမှူး၏စကားများသည် ကောင်မလေးကိုချစ်နေသော ကောင်လေးအတွက် များစွာ အထောက်အကူပြုနေသောကြောင့်ဖြစ်သည်။ သူ့ပုံစံမှာ ကောင်မလေးက သူ့ကို အမြန်ဆုံး လက်ထပ်ရန်၊ ဝေ့လည်လည်မလုပ်ရန် ကောင်မလေးကို ဩဇာရှိသည့် လူတစ်ဦးတစ်ယောက်ထံ ခေါ်သွားပြီး နားချခိုင်းသည့် ပုံစံမျိုးဖြစ်နေပြီ။

❑ ❑ ❑

# ဓာတ်ခွဲခန်းမှူးများဝိုင်းဖွဲ့စကားပြောခြင်း
# နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၃)

ဒီနေ့တော့ သူ့သူငယ်ချင်း ဓာတ်ခွဲခန်းမှူးတွေ သူ့ဆီ အလည်အပတ်လာပြီး ဝိုင်းဖွဲ့စကားပြောဖြစ်ကြသည်။ သူ လုပ်သက်ပြည့်ပင်စင်ယူထားတာ တစ်နှစ်ကျော်ကျော်ရှိပါပြီ။ အခုလို ပင်စင်မယူသေးတဲ့ လက်ရှိအလုပ်လုပ်နေတဲ့ ဓာတ်ခွဲခန်းမှူးတွေ အလည်လာတဲ့အခါ သူ့ရင်တွင်းခံစားချက်တွေကို သူ စိတ်ဖြာဓာတ်ခွဲနေမိတယ်။ ဒီနေ့တော့ တစ်ခြားဓာတ်ခွဲစရာမရှိတာနဲ့ သူ့စိတ်ကိုပဲ သူ ဓာတ်ခွဲကစားနေမိတာပေါ့။

လက်ရှိတာဝန်ထမ်းဆောင်နေဆဲ သူငယ်ချင်း ဓာတ်ခွဲခန်းမှူးတွေ အလည်လာကြတဲ့အခါ သူဟာ သူ့ကိုယ်သူ ဇရာတော်တော် ထောင်းနေပြီလို့ စောစီးပထမ ခံစားလိုက်ရတယ်။ ဒုတိယအနေနဲ့ကတော့ လွတ်လပ်သွားသလို သူ ခံစားရတယ်။ သူတို့ကို သူ တွေ့ရတော့ လွမ်းလည်းလွမ်းတယ်။ မလွမ်းလည်း မလွမ်းချင်ဘူး။ လွမ်းတယ်ဆိုတာ သူအလုပ်လုပ်ခဲ့စဉ်က လွမ်းစရာတွေကို သတိရလို့ပါ။ မလွမ်းဘူးဆိုတာက သူ

http://www.cherrythitsar.org



အလုပ်လုပ်ခဲ့စဉ်က နာကြည်းစရာတွေကို သွားသတိရလို့ပါ။

စတုတ္ထအချက်အနေနဲ့ကတော့ ပင်စင်စားဆိုတဲ့ ဝေါဟာရနဲ့ အားနည်းချက်တွေကို သူ ခံစားရတယ်။ အင်္ဂလိပ်အဘိဓာန်တစ်ခုမှာ "လူတစ်ယောက်ကို မကျန်းမာလို့ဖြစ်စေ၊ အသက်အရွယ် အရေအတွက် အရဖြစ်စေ အနားယူခွင့်ပေးလိုက်ကာ ပင်စင်လစာငွေကို ထုတ်ပေးခြင်း"လို့ ဖော်ပြထားတယ်။ ဒီအကြောင်းပြချက်နှစ်ခုစလုံးဟာ လောကမှာ ဘာမှမပြဘူးဆိုတဲ့ ဥစ္စာတစ်ခုတည်းပဲ မြဲတော့တယ်ဆိုတဲ့ မရဏရဲ့ လက်နက်ပွားတွေပဲဖြစ်တယ်လို့ တွေးမိပြီး သူစိတ်ညစ်သွားတယ်။

ပင်စင်စား (သို့မဟုတ်) အငြိမ်းစားဆိုတဲ့ ဝေါဟာရရဲ့ပြုစားချက်တွေကတော့ လူကို တတိယအရွယ်ဆီ တန်းပို့လိုက်တာမှာ အရှိန်လွန်သွားပြီး စတုတ္ထအရွယ်ရဲ့ နယ်နမိတ်ကို တော်တော်လေး ကျံ့ဝင်သွားတယ်။ ငပျင်းတစ်ကောင် ပျင်းပျင်းရှိတာနဲ့ အိပ်နေတာကို တွေ့တဲ့လူတွေက အငြိမ်းစားလို့ခေါ်တယ်။ အလုပ်လက်မဲ့တစ်ယောက်ကို အခု ဘာလုပ်နေသလဲလို့ သွားမေးရင် အငြိမ်းစားလို့ သူ့ကိုယ်သူ ကင်ပွန်းတပ်မယ်။ ဒီဝေါဟာရရဲ့ ပြုစားချက်တွေကတော့ အတိတ်ဆိုတဲ့သဘော ဆောင်နေတယ်။ အချိန်တွေ အတော်အတန် တိုက်စားသွားခဲ့ကြပြီ။ ငယ်ငယ်က ရွှေထီးဆောင်းခဲ့တဲ့အကြောင်းကို ပြန်ပြောင်းပြောပြနေသလိုပဲပေါ့။ အဲဒီ အငြိမ်းစားဝေါဟာရရဲ့ မလှမ်းမကမ်းနေရာတွေမှာ မိတ်ဆွေ အတုအယောင်တွေဖြစ်တဲ့ မရဏတွေက စောင့်နေတယ်။ "မြန်မြန်လုပ်၊ ကြာလှချည်လား" လို့လည်း အော်ပြောနေတယ်။

ဥပမာအားဖြင့် မင်္ဂလာဆောင်ကြော်ငြာတွေ၊ ဖိတ်စာတွေမှာဖြစ်ဖြစ်၊ နာရေးကြော်ငြာတွေမှာဖြစ်ဖြစ် အငြိမ်းစားဆိုတဲ့ဝေါဟာရကို တွေ့ရတဲ့အခါ သူ ဘယ်လိုခံစားရသလဲဆိုရင် လက်ရှိမဟုတ်ပါဘူးဆို

http://www.cherrythitsar.org



ပြီး ခံစားရတယ်။ အာနိသင်ပြယ်နေတဲ့ ဆေးပြားလိုလည်း ခံစားရတယ်။ သူ မှားချင် မှားမည်။ ဒါပေမယ့် သူ ခံစားရတဲ့အတိုင်း သူ ပြောတာပါ။ လက်ရှိ တာဝန်ထမ်းဆဲ ဓာတ်ခွဲခန်းမှူးတွေ ပြန်သွားတဲ့အခါ ပင်စင်စား ဓာတ်ခွဲဆရာတွေ ရောက်လာတယ်။ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို အငြိမ်းစား ဓာတ်ခွဲခန်းမှူးသုံးယောက် ဆုံကြတယ်။ သူတို့သုံးယောက်ဟာ အနှစ်သုံးဆယ် လုပ်သက်ပြည့်ပင်စင် တင်ခဲ့ကြတုန်းက တိုင်ပင်ပြီး တင်ခဲ့ကြတာပါ။ ခုလိုပြန်လည်ဆုံတွေ့ကြတော့ ပင်စင်ယူပြီးတဲ့နောက် ဘဝကိုယ်စီရဲ့အခြေအနေကို ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးတစ်ခုလို အသွင်ဆောင်သွားတယ်။

သူနဲ့ သူတို့တတွေဟာ လုပ်သက်ပြည့်ပင်စင်ယူလိုက်တာ တစ်နှစ်သာသာ ရှိပါပြီ။ အခု ဒါဟာ ပထမဆုံး ပြန်လည်ဆုံတွေ့မှုပါ။ သတင်းတွေကတော့ ကြားနေရပါတယ်။ သူ သတိထားမိသလောက်တော့ ကူညီတဲ့ လောကသားတွေကြားထဲမှာ သတင်းပျံ့နှံ့မြန်တတ်တယ်။ စိန်အရောင်းအဝယ်လုပ်စားတဲ့လောကမှာဆိုရင် သူတို့အချင်းချင်းအကြောင်းတွေ ချက်ချင်းပျံ့နှံ့တတ်တယ်။ ဒီလိုပဲ ဓာတ်ခွဲခန်းမှူးလောကမှာလည်း သူတို့အချင်းချင်း ဘာလုပ်တယ်၊ ဘာကိုင်တယ်၊ ဘာဖြစ်တယ်ဆိုတဲ့ သတင်းဟာ ပျံ့နှံ့လွယ်လွန်းတယ်။

"ဆိုစမ်းပါဦး ကိုထွန်းအေးရဲ့။ ကျွန်တော်တို့သုံးယောက် တိုင်ပင်ပြီး အလှည့်အပြောင်းတစ်ခု လုပ်ခဲ့ကြတယ်။ လုပ်သက်ပြည့် ပင်စင်ယူလိုက်မယ်ဆိုရင် အခုထက် ကျွန်တော်တို့ စားရေးသောက်ရေး ချောင်လည်လာမယ်လို့ ယုံကြည်ပြီး လုပ်ခဲ့ကြတာပဲ။ ဘယ့်နှယ့်လဲ အဆင်ပြေတယ် မဟုတ်လား ကိုထွန်းအေး"

သူက သူ့သူငယ်ချင်း ကိုထွန်းအေးကို မေးလိုက်တယ်။ ကိုထွန်း

http://www.cherrythitsar.org



အေးက ဘာမဆို သေသေသပ်သပ် လုပ်တတ်တယ်။ ပိုင်မှ ရိုက်တတ်တယ်။ တကယ်ပိုင်ရင် အိမ်တိုင်ချွတ်ရိုက်တဲ့လူ။ သူက စကားနည်းတယ်။ သူ့ဇနီးကလည်း သူ့လို ဓာတ်ခွဲခန်းမှူးပါပဲ။

“ခင်ဗျားတို့ကို ကျွန်တော် လက်ဖက်ရည်တိုက်မယ်။ အလုပ်ကတော့ အတော်များတယ်။ ဒီလိုလေ။ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းဟာ ဝင်ငွေ အင်မတန်ကောင်းပြီး ချက်ချင်း သူဌေးထဖြစ်နိုင်တဲ့ စီးပွားရေးလုပ်ငန်းကြီးဆိုတာကို ခေရှင်တွေ သိသွားကြတယ်။ အဲဒီတော့ ရောဂါရှာဖွေရေး ပညာရှင်တွေမဟုတ်တဲ့ ပြင်ပ စီးပွားရေးသမားတွေဟာ ဒီလုပ်ငန်းကို ဝင်တိုးကြတယ်။ ပညာရှင်တွေကို ငှားရမ်းကြတယ်။ ဓာတ်ခွဲခန်းတစ်ခုဆိုရင် တစ်ပြည်လုံးက အလုပ်အပ်ကြတယ်။ တစ်နေ့တစ်နေ့ ကွန်ပျူတာခလုတ်တွေနှိပ်ရတဲ့ လက်ချောင်းလေးတွေက ညောင်းချိနေတော့တာပဲ”

သူသည် သူ့သူငယ်ချင်း ကိုထွန်းအေး၏ ဂုဏ်ယူကျေနပ်စွာ ပြောလိုက်သော မင်မောင်းပါသည့် အသံကို ကြားလိုက်ရသောအခါ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးနေသော ယနေ့ကာလတွင် ဓာတ်ခွဲခန်းဘဝသည် နှစ်မျိုးနှစ်စား ကွဲပြားသွားသည်ကို သူ သတိထားမိလိုက်ပြီး ခံလည်း ခံစားသွားရသည်။ လယ်သမားဘဝနှင့် နှိုင်းယှဉ်ပြောရလျှင် ထွန်စက်ဖြင့်လယ်ထွန်ခြင်းနှင့် နွားဖြင့်လယ်ထွန်ခြင်း ကွာခြားသလိုမျိုး ကွာခြားသည်။ ယခုအခါ ကိုထွန်းအေး၏မျက်နှာသည် အအေးခန်းထဲ အေးအေးဆေးဆေးနေရခြင်း၊ အပူအပင်နှင့် ကြွေးမြီကင်းရှင်းသော အခြေအနေကြောင့် အေးဆေးပဲဆိုသော ခေတ်စကားကို ပိုင်ထားခြင်းတို့ကြောင့် မျက်နှာတစ်ခုလုံး စိုပြည်ဝင်းအိနေတော့သည်။ မရှေးမနှောင်းပင် ကိုထွန်းအေးက သူ့အခြေအနေကို မေးသည်။

http://www.cherrythitsar.org


"ကျွန်တော်တို့ ခွာတ်ခွဲခန်းဘဝဟာ နှစ်မျိုးကွဲသွားပြီ။ ကွန်ပျူတာ ခွာတ်ခွဲခန်းရယ်၊ ရိုးရိုးခွာတ်ခွဲခန်းရယ်ပေါ့။ ကွန်ပျူတာ ခွာတ်ခွဲခန်းမှာတော့ မိုက်ကရိုစကုပ်ဟာ ဘာမှ မပြောပလောက်ဘူး။ ရိုးရိုးခွာတ်ခွဲခန်းမှာတော့ မိုက်ကရိုစကုပ်ဟာ ဇာတ်လိုက်ပဲပေါ့။ ကျွန်တော်တို့ ခွာတ်ခွဲခန်းလုပ်ထားတဲ့ ခွာတ်ခွဲခန်းမှူးတွေကတော့ ဘယ်မှာ ဝင်ငွေကောင်းပါ့မလဲ။ ဒါပေမယ့် ကျွန်တော်တို့အတွက်တော့ စာပေလေး အေးအေးဆေးဆေး ရေးနေရမယ်။ နပ်မှန်မှန် စားနေရမယ်ဆိုရင် တော်ပါပြီ။ ကျွန်တော့် အမြင့်ဆုံး ရည်မှန်းချက်က Classic ဖြစ်ဖို့ပါ။ သူဌေးဖြစ်ရင်ကောင်းတာပေါ့။ မဖြစ်ရင်လည်း ကိစ္စမရှိပါဘူး"

"ကဲ. . ခင်ဗျားကော အခြေအနေကောင်းရဲ့လား။ အခု ခင်ဗျား ခွာတ်ခွဲခန်းက ဖွင့်တာ တောမြို့တစ်မြို့မှာနော်"

သူက ခွာတ်ခွဲခန်းမှူး ကိုကြည်ဝင်းကို မေးလိုက်သည်။

"ကျွန်တော်တို့ မြို့မှာပေါ့။ အထူးကုဆေးခန်း Special Clinic ဖွင့်မယ်ဆိုလို့ ထွက်လိုက်တာ။ မြို့သူမြို့သားတွေက ထွက်ခိုင်းလို့ ထွက်လိုက်တာပေါ့။ လက်တွေ့ကျတော့ သိပ်လည်းမကောင်းဘူး။ သိပ်လည်း မဆိုးဘူး။ တလောတုန်းက ကလေးနေမကောင်းလို့ မိုက်ကရိုစကုပ် ရောင်းစားလိုက်ရတယ်။ အဲဒါ ခင်ဗျားမှာ အပိုတစ်လုံးရှိတယ် မဟုတ်လား။ ကျွန်တော့်ကို လပေးနဲ့ ငှားပါဗျာ။

"ဟာ. . မရှိတော့ဘူး ကိုကြည်ဝင်း။ ကျွန်တော့်ကို အထင်မကြီးနဲ့။ ကျွန်တော်လည်း သိပ်မပြေလည်ဘူး။ ဒီဇင်ဘာလတုန်းက ရောင်းစားလိုက်ပြီ။ အခုသုံးနေတဲ့ ဒီတစ်လုံးတောင် မနည်းကို ကုပ်ကပ်ထားရတာ။

ကိုကြည်ဝင်း၏ မျက်နှာလေး လောင်ကျွမ်းညှိုးငယ်သွားရှာသည်။ သူတို့သုံးယောက် ပင်စင်အတူတကွ ယူခဲ့ကြသည်။ ထိုနေ့က

http://www.cherrythitsar.org



စားမြိန်ရိပ်သာမှာ အတူတကွ ရယ်မောစားသောက်ခဲ့ကြသေးသည်။ ထို နေ့က ဘဝသုံးခုသည် တူသလိုလို ရှိခဲ့သေးသည်။ ထိုနေ့က ရယ်သံများ၏ အင်အားသည် တူသလို ရှိခဲ့သည်။

သူသည် ဓာတ်ခွဲခန်းမှူး ကိုထွန်းအေးနှင့် ကိုကြည်ဝင်းကို အလေးအနက် တစ်လုံးချင်း ဖြည်းဖြည်းလေးလေး စကားပြောနေမိသည်။

"ကျွန်တော်တို့သုံးယောက်ဟာ တစ်နေ့တည်း ပင်စင်ယူခဲ့ကြ တယ်။ ကျွန်တော်တို့ဟာ ကံကြမ္မာကို အစစအရာရာ တိုင်ပင်ခဲ့ပေမယ့် ကံကြမ္မာက ကျွန်တော်တို့ကို ဘာမှ မတိုင်ပင်ဘူး"

❑ ❑ ❑

# ဓာတ်ခွဲခန်းမှူးများဝိုင်းဖွဲ့စကားပြောခြင်း
# နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၄)

တစ်နေ့တော့ ဓာတ်ခွဲခန်းမှူးတွေစုပြီး အေအိုင်ဒီအက်စ်၏ဆိုးကျိုးများ၊ အနိဋ္ဌာရုံများကို ပြောနေကြသည်။ အိမ်နီးချင်းဆေးခန်းများမှ ဓာတ်ခွဲခန်းမှူးများသည် စုမိလျှင် အလုပ်အကိုင် အဆင်ပြေသလား။ ကေ့စ်တွေ ရရဲ့လား။ ဘာလား၊ ညာလား မေးတတ်ကြသည်။ အေအိုင်ဒီအက်စ်ရောဂါ ကြောက်စရာကောင်းပုံကို သူတို့လောက်သိတာ လောကမှာ မရှိ။ လူနာ၏သွေးကို ဓာတ်ခွဲစမ်းသပ်၍ ဒီပိုက်(စ်)ခွက်ကလေး၏ အလယ်တွင် ပန်းနုရောင်တောက်တောက်ကလေးပေါ်လာလျှင် သွားပြီ။ ကိုယ်ကျိုးနည်းပြီ။ ကာယကံရှင်တွေကလည်း မျက်နှာသိပ်ပျက်သည်။ တရားမရှိနိုင်ကြတော့ တရားမမှတ်နိုင်ကြတော့။

အေအိုင်ဒီအက်စ်ရောဂါဖြစ်နေသူကို ဟိုတုန်းက အနူတွေကို ရွံ့သလိုရွံ့တတ်သည်။ လူ့အပယ်ခံဘဝ ရောက်ရခြင်းတွင် ကုဋ္ဌနူနာနေရာကို အစားဝင်လာသော ရောဂါဆိုးကြီးဖြစ်သည်။ အေအိုင်ဒီအက်စ် ရှိနေပြီ

http://www.cherrythitsar.org


ဆိုလိုက်သည်နှင့် ကာယကံရှင်သည် သူ့ဘဝပျောက်ဆုံးသွားသလိုမျက်နှာ ပေးဖြင့် ဓာတ်ခွဲခန်းမှူး၏ရှေ့မှောက်၌ ငုတ်တုတ်ကလေးထိုင်ကာ မှိုင်နေ တတ်သည်။ ဓာတ်ခွဲခန်းမှူးသည် ဒီဗိုက်စ်ခွက်လေးအလယ်တွင်ရှိသော ပန်းနုရောင်အစက်ကလေးကို တစ်လှည့်၊ ခပ်ဆွေးဆွေးထိုင်နေသော လူနာ၏မျက်နှာကိုတစ်လှည့် ကြည့်ကာ ဘာစ,လုပ်ရမှန်း မသိအောင် ဖြစ်ရ၏။

ခပ်ကဲကဲကောင်လေးများကို မစာနာတတ်ပေမယ့် ဆေးထိုးအပ်တို့၊ သွေးသွင်းခြင်းတို့၊ လင်ယောက်ျားတို့မှတစ်ဆင့် ကူးစက်သောလူများကိုမူ အကြီးအကျယ် စာနာမိသည်။ သူက စာရေးဆရာလည်းဖြစ်နေသောကြောင့် အလင်္ကာတွေ ဖွဲ့တတ်သည်။

"ကြည့်စမ်း၊ ယေဘုယျသဘောပြောရရင် ဒီ 'စပေါ့' ရဲ့ ပန်းနုရောင်တောက်တောက်ကလေးဟာ ဘယ်လောက် အသွေးကျလဲ။ ဒါပေမယ့် သင်္ကေတက အရုပ်ဆိုးတဲ့အခါကျတော့ အဲဒီ ပန်းရောင်ဟာ တစ္ဆေလို ကြောက်စရာကောင်းလာတယ်။ ပန်းနုရောင်လှလှလေး တွေ့ရပေမယ့် ရင်ထဲမှာ မလှပနိုင်တော့ဘူး။ ရွံလာတယ်။ အကျည်းတန်လာတယ်။ အရုပ်ဆိုးလာတယ်။ ဒီပန်းနုရောင်လှလှကလေးဟာ အဆိပ်တွေပဲလို့ ထင်လာတယ်။ သင်္ကေတ သဘောတရားကို ပြောတာပါ။ သဘောထားကောက်ကျစ်ယုတ်မာတဲ့ မိန်းမချောတစ်ယောက်ဟာလည်း ဒီသင်္ကေတ ပဲပေါ့။ အလင်္ကာသဘောကို ပြောတာပါ။ လက်တွေ့သဘောပြောရရင် တော့ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ စကားဟာ မှားသွားပြီဗျ။ အေအိုင် ဒီအက်စ်ရောဂါနဲ့ အသည်းရောင်အသားဝါဘီပိုးတို့ဟာ ဆေးမှမရှိတာ"

ထိုအခါ သူ့သူငယ်ချင်း ဓာတ်ခွဲခန်းမှူး ကိုအောင်မင်းက သူ့ကို ကောက်ခါငင်ကာ မေးခွန်းတစ်ခု ထ,မေးသည်။

http://www.cherrythitsar.org



"ဒီမှာ ကိုမှိုင်းအောင် တကယ်လို့ ခင်ဗျားမှာ အေအိုင်ဒီအက်စ်ရောဂါရှိနေပြီဆိုရင် ခင်ဗျား ဘာလုပ်မလဲ။ အပေါ်ယံ မဖြေပါနဲ့။ ခင်ဗျားကိုယ်ခန္ဓာထဲမှာ အိပ်ချ်အိုင်ဗီဗိုင်းရပ်စ်တွေ အပြည့်အနှက် ဝင်ရောက်နေရာယူထားတာဟာ တကယ်ပဲ အတည်ပြုပြီးသားဆိုတဲ့ သဘောမျိုးနဲ့ ခင်ဗျား ဖြေပါ"

ကိုမှိုင်းအောင် မျက်နှာပျက်သွားသည်။

"တကယ်လို့ ကျွန်တော်ဟာ အေအိုင်ဒီအက်စ်ရောဂါသည် အမှန်တကယ်ဖြစ်ခဲ့ပြီဆိုရင် ကျွန်တော့်ခန္ဓာကိုယ်ထဲမှာ အေအိုင်ဒီအက်စ်ရောဂါပိုးတွေ ဆင်းလိုက်တက်လိုက် သွေးထဲမှာ သန်းပေါင်းများစွာ လှုပ်ရှား ပွားများနေပြီဆိုပါတော့။ ကျွန်တော် ဗီတာမင်ဆေးပြားတွေ များများစားမယ်။ အသီးအရွက်တွေ များများစားမယ်။ အဆီတွေ၊ ထောပတ်တွေ လျှော့စားမယ်။ ဘုရားကု, ကုမယ်။ မယ်ဒီတေးရှင်းတွေ ထိုင်ချင်ထိုင်မယ်။ ကျွန်တော့်ကိုယ်ကျွန်တော် စက်ကင်ဒရီ မဝင်အောင်၊ ရောဂါမြန်မြန် မကျွမ်းအောင်၊ ကြာကြာခံအောင် နေထိုင်မယ်။ အေအိုင်ဒီအက်စ်ရောဂါသည် (၈) နှစ် အသက်ရှည်တယ်ဆိုရင် ကျွန်တော် (၁၀) နှစ်ခံအောင် ကြိုးစားမယ်။ တရားမှတ်မယ်။ တရားနဲ့ဖြေမယ်။ စစ်ဖြစ်တဲ့အခါ၊ ငလျင်လှုပ်တဲ့အခါ လူတွေ ထောင်သောင်းပေါင်းချီပြီးတော့တောင် သေကြရသေးတာပဲလို့ တွေးမယ်။ ပြီးတော့ ကိုယ်လည်း တစ်နေ့တော့ ကျိန်းသေ သေရမှာပဲလို့ တွေးမယ်။ အခု နည်းနည်းစောသေတာပဲလို့ တွေးပြီး ဖြေမယ်။ စိတ်ဓာတ်ကျသွားရင် ဘာမှလုပ်လို့မရတော့ဘူးဗျ။ ဒီလိုနဲ့ နိုင်ငံခြားကနေ အေအိုင်ဒီအက်စ်ကုတဲ့ဆေးတွေရောက်လာတဲ့အထိ စောင့်မယ်။ ခင်ဗျားကလည်း နိမိတ်မရှိ နမာမရှိ။ ကျွန်တော်လည်း တကယ်ရောဂါသည် တစ်ယောက်လို ခံစားသွားရတယ်။ ဒီရောဂါဆိုးကြီး ကုဋ္ဌနူနာလို

http://www.cherrythitsar.org



ကမ္ဘာကြီးကနေ ကွယ်ပျောက်သွားမှ ကောင်းမှာ”

တတိယဓာတ်ခွဲခန်းမှူးတစ်ဦးနာမည်မှာ ကိုလှဖုန်း ဖြစ်သည်။

ကိုလှဖုန်းကတော့ ကြီးကြီးကျယ်ကျယ်တွေ ပြောတတ်သည်။ နိုင်ငံတကာတို့ ကုလသမဂ္ဂတို့ ထောင်စုနှစ်တို့ ပါလာတတ်သည်။

“ကျွန်တော်တို့ဟာ ထောင်စုနှစ်ဟောင်းရယ်၊ ထောင်စုနှစ်သစ်ရယ် နှစ်ခုခွပြီး လူဖြစ်ရတာ ကံကောင်းတာပဲ။ ဒါမျိုးဟာ နှောင်နှစ်ပေါင်း တစ်ထောင်ကြာမှ တစ်ခါကြုံရမယ်။ ဒါပေမယ့် ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့ ခရီးလမ်းမှာ မတော်တဆ ကံဆိုးခဲ့ရပြီ။ အဲဒါ အေအိုင်ဒီအက်စ် ရောဂါဆိုးကြီးနဲ့ ပက်ပင်းတိုးခဲ့ရတာပဲ ဖြစ်တယ်။ ကုလသမဂ္ဂစစ်တမ်း တွေအရတော့ အပြစ်မဲ့တဲ့ အမျိုးသမီးတွေ၊ ကလေးတွေ သိပ်သနားစရာ ကောင်းတာပဲ။ အမျိုးသားတွေဟာ အမျိုးသမီးတွေရဲ့ တောင်းဆိုမှုကို ငြင်းပယ်ကြတယ်။ အကာအကွယ် မလုပ်ကြဘူး။ ဒီလိုနဲ့ အမျိုးသမီး အေအိုင်ဒီအက်စ်ရောဂါသည်တွေ ကမ္ဘာမှာ တိုးလာခဲ့တယ်။ အခု ထောင်စုနှစ်သစ်မှာ အလှအပတွေကို ဖျက်ဆီးပစ်လိုက်တာ အေအိုင်ဒီ အက်စ်ပေါ့”

ဓာတ်ခွဲခန်းမှူး အိမ်ရှင် ကိုမှိုင်းအောင်က ကိုလှဖုန်း၏စကားကို အလေးအနက် ထောက်ခံနေသည်။ အချက်အလက်တွေနှင့် ထောက်ခံ သည်။ အေအိုင်ဒီအက်စ် ကျဆုံးပါစေဟု ခါးခါးသီးသီး ထအော်သည်။ ထိုအချိန်တွင် လူစိမ်းတစ်ယောက် ဝင်လာသည်။ အေအိုင်ဒီအက်စ် စစ် ဆေးချင်သည့် လူနာ။

“အေအိုင်ဒီအက်စ် စစ်လို့ ရလားဗျ”

“ရပါတယ်၊ ရပါတယ်။ အေအိုင်ဒီအက်စ်ဆိုတာ ရောဂါကို ပြောတာ။ ပိုးနာမည်က အိပ်ချ်အိုင်ဗီလို့ ခေါ်တယ်။ အေအိုင်ဒီအက်စ်ကို

http://www.cherrythitsar.org



ကျွန်တော် သေသေချာချာ စစ်ပေးမယ်”

ကိုမှိုင်းအောင်၏ အသံသည် စောစောကလို ခါးသီးမနေတော့။ အေအိုင်ဒီအက်စ်ကို ရွတ်နေသံမှာ လိုလိုလားလားနှင့် ချိုမြိန်နေသလို ထင်ရလေသည်။ တကယ့်လူပဲ။

❑ ❑ ❑

# လူ့နာမေးခွန်းများကို ဖြေကြားခြင်းနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၅)

တကယ်ဆိုရင် သက်ဆိုင်ရာကိုသာ မေးမြန်းစုံစမ်းခြင်း ဝါသနာ အသေအချာပါတယ်ဆိုရင် သေမင်းထံမှာ ဘယ်လိုမသေအောင်နေရမလဲ လို့ မေးမြန်းအကဲစမ်းကြည့်ဖို့ ကောင်းတယ်။

တစ်စုံတစ်ယောက်က ရှေ့နေတစ်ဦးနဲ့ တွေ့တယ်ဆိုရင် ဘယ် အမှုဟာ ပုဒ်မဘယ်လောက်လဲ။ အာမခံကော ရနိုင်လား။ ထောင်ဘယ် နှစ်နှစ်လောက်ကျမလဲ စသဖြင့် စပ်စုတတ်ပါတယ်။

တစ်စုံတစ်ယောက်ဟာ ရဲအရာရှိတစ်ဦးနဲ့တွေ့ရင် ဘာတွေမေးချင် သလဲမသိဘူး။ အဲဒီလူရှေ့မှောက်မှာ သူနေထိုင်ရတာ စောစောကရှေ့နေရဲ့ ရှေ့မှောက်မှာထိုင်နေရတာနဲ့ ဘယ်လိုများကွာသလဲမသိဘူး။ သေချာတာက တော့ ဒီနှစ်ယောက်စလုံးရဲ့ရှေ့မှောက်မှာထိုင်နေရတာဟာ ရည်းစားဟောင်း တစ်ယောက်ရဲ့ရှေ့မှောက်မှာထိုင်နေရတာနဲ့တော့ သိပ်ကို ကွာခြားထေးလံ နေတယ်။ လူတစ်ယောက်က အကြွေးရှင်တစ်ယောက်ရဲ့ရှေ့မှောက်ရောက်

http://www.cherrythitsar.org



နေရင် ဘာတွေမေးမလဲ။ မေးစရာတော့ ရှိမှာမဟုတ် ဘူး။ အသနားခံတဲ့ စကားလုံးလှလှတွေရွေးစရာပဲရှိတော့မယ်။

ကွဲကွာသွားတာ ကြာရှည်ပြီဖြစ်တဲ့ အမေနဲ့ ပြန်လည်တွေ့တဲ့ အခါ "အမေ နေကောင်းလား"လို့ လွမ်းဆွတ်ငေးငေး မေးမိမှာ သေချာ တယ်ထင်တယ်။

အနှစ်နှစ်ဆယ်လောက် ကွဲကွာနေတဲ့ ကျောင်းနေဖက် သူငယ် ချင်းတစ်ယောက်နဲ့ တွေ့တယ်ဆိုရင် မေးစရာတွေ သိပ်များလွန်းနေတယ်။

"သူငယ်ချင်း အိမ်ထောင်ကျပြီလား။ ကလေးဘယ်နှစ်ယောက် ရပြီလဲ။ စီးပွားရေး အဆင်ပြေရဲ့လား။ ရာထူးရာခံ တိုးပြီလား။ အခု ဘယ်မှာနေလဲ။ ယောက္ခမတွေနဲ့လား" အဲဒီလို မေးမယ်။ ငယ်စဉ်က အကြောင်းတွေ လှန်ကြဦးမယ်။

စိတ်ဝင်စားဖွယ် အကောင်းသား။

ဒီ ဓာတ်ခွဲခန်းမှူးဟာလည်း သူ့အနေနဲ့ ဆေးဘက်ဆိုင်ရာ ပညာရှင်တစ်ဦးဆိုတာကို သိသွားကြတဲ့အခါ ကျန်းမာရေးနဲ့ပတ်သက်လို့ အတော်ကလေး မေးမြန်းထောက်လှမ်းတာ ခံရရှာတယ်။ ခြင်ကိုက်ဖုက အစ ဘာလုပ်ရမလဲတဲ့။

"ခင်ဗျားမှာ ခြင်ကိုက်ဖု လေးငါးဆယ်ခုပဲ ရှိတယ်။ ကျွန်တော့် ခြေထောက်မှာ ရာနဲ့ချီပြီးရှိတယ်။ ခြင်ကိုက်ဖုကို သွေးစစ်ကြည့်လို့လည်း မရဘူး။ ခြင်ကိုက်ဖုကနေ ငှက်ဖျားရောဂါ ဖြစ်လာတဲ့အခါကျမှသာ သွေး စစ်ကြည့်လို့ ရတာပါ။ တစ်ခါတုန်းက ခြင်တွေကိုက်ပြီး ယားနာတွေဖြစ်နေ တဲ့ ကလေးတစ်ယောက်ကို ဆရာဝန်က ဘယ်လို ဆေးကုသသလဲဆိုရင် ဒီလို Mosquito bite allergy ဆိုတာ ဘာမှမတတ်နိုင်ဘူး။ ခြင်မကိုက် အောင်နေတဲ့။ တစ်ခါတုန်းက မိန်းမတစ်ယောက်ဟာ ဝဲနှင်းခူတွေ ခြေ

http://www.cherrythitsar.org



ထောက်မှာဖြစ်နေတယ်။ သူတို့မြို့က ဆရာဝန်တစ်ယောက်ကလည်း အဲဒီလို ရောဂါမျိုး အပါအဝင် အရေပြားတွေ ကုတယ်။ သူ အဲဒီဆရာဝန်အိမ်ရောက်သွားတော့ ဟိုက အလည်လာတာလားလို့ ဝိုင်းမေးကြတော့ မဟုတ်ဘူး၊ မဟုတ်ဘူး လို့ သူ ပြောနေရင်းက ဟုတ်တယ်၊ ဟုတ်တယ် လို့ပြန်ပြောလိုက်ရတယ်။ ဘာလို့ဆိုတော့ ဆရာဝန်ကတော်ရဲ့ခြေထောက်က ဝဲနှင်းခူပြင်ဟာ သူ့ဟာထက်ကြီးနေလို့ပဲ”

ဓာတ်ခွဲခန်းမှူးက အဲဒီလို ပြန်ပြောဖူးတယ်။ ဆေးရုံ၊ ဆေးခန်းမှာ လုပ်တယ်ဆိုတာနဲ့ ကျန်းမာရေးနဲ့ပတ်သက်တာ အကုန်မေးနေကြတော့တာပဲ။ တစ်ခါတစ်ခါ ဘယ်ဆရာဝန်ကြီးတွေ ဘယ်ဆေးခန်းမှာ ထိုင်လဲ အမေးခံရတယ်။ ဆရာခေါ်တဲ့လူလည်း ရှိတယ်။ ညီလေး၊ အစ်ကိုခေါ်တဲ့လူလည်း ရှိတယ်။ သူငယ်ချင်း ခေါ်တဲ့လူလည်း ရှိတယ်။ ဓာတ်မှန်ရိုက်ခ ဘယ်လောက်လဲ။ E.C.G ရိုက်ခ ဘယ်လောက်လဲ။ အဖြေကို ဘယ်ဆရာဝန်ကြီးတွေဖတ်လဲ စသည်ဖြင့် အမေးခံရတတ်ပါတယ်။ ပတ်သက်ဆက်နွယ်တဲ့ကိစ္စတွေမေးရင် အများအားဖြင့် သိနေတာတွေ ဖြစ်လို့မို့ အဆင်သင့် ဖြေနိုင်ခဲ့တယ်။ အားကိုးတကြီးမေးလာတဲ့ အမေးတွေကို စေတနာထားပြီး ဖြေကြားခဲ့တာပေါ့။ ဒါပေမယ့် ခက်တာက တချို့လူတွေက မေးသာမေးတာ ဓာတ်ခွဲခန်းမှူး အကြံပေးတဲ့အခါ လက်တွေ့ဆောင်ရွက်ကြတာ မဟုတ်ဘူး။ ရွှေ့ထားကြသလား မသိဘူး။ ဒီလိုဒီလို ဓာတ်ခွဲခန်းမှူးခမျာ စဉ်းစားခန်းဝင်နေတုန်းမှာ ဧည့်သည် ကောင်မလေး တစ်ယောက် ရောက်လာတယ်။ အဲဒီ ကောင်မလေးဟာ သူတို့ ရပ်ကွက်ထဲက ဈေးမှာ ဈေးရောင်းတဲ့ ကလေးမပါ။

“ကျွန်မ မကြာခဏ နှာစေးတယ်။ (၅) နှစ်လောက်ရှိပြီ။ အဲဒါ ဘာဆေးသောက်ရမလဲ ဆရာ”

http://www.cherrythitsar.org



"စီဗစ် အပြားကြီးကို မနက်ထမင်းစားပြီး (၃) ပြား၊ ည ထမင်းစားပြီး (၃) ပြားနဲ့ (၆) လ သောက်ပါ"

"မများလွန်းဘူးလား၊ တော်ကြာ တစ်ခုခုဖြစ်နေပါဦးမယ်"

"ဘာမှ မဖြစ်ပါဘူး။ တစ်ခါတုန်းက ဆိုဗီယက်ယူနီယံက ဆရာဝန်တစ်ယောက် ပြောဖူးတယ်။ စီဗစ် ဆေးပြားကို (၁၀၀)ပါတဲ့ ပုလင်းတစ်ပုလင်းလုံးသောက်လိုက်ဦး ဝမ်းနည်းနည်းသက်မယ်။ တစ်ခြား ဘေးထွက်ဆိုးကျိုး မရှိဘူးတဲ့။ နယူးစ်ဝိခ်မဂ္ဂဇင်းထဲမှာလည်း ဆောင်းပါးရှင်တစ်ဦးက စီဗစ်ကို နေ့စဉ်မှန်မှန်သောက်ရင် ကင်ဆာဆိုရင် ဖြစ်ခါစ ပျောက်တယ်တဲ့။ နှလုံးရောဂါလည်း ပျောက်တယ်တဲ့။ ဒီလိုကောင်းတဲ့ စီဗစ်ပါ။ ခက်တာက လူတွေဟာ ဘာလုပ်ရမလဲ လာသာမေးတာ။ လုပ်ခိုင်းတာကျ မလုပ်ကြဘူး။ ဥပမာ Folic Acid ဆေးပြားကို မှန်မှန်သောက်ပါဆို တစ်ပြားနှစ်ပြားသောက်ပြီး ထားပစ်ခဲ့ကြတာပါ။ ရွှေ့ထားတတ်ကြတယ်။ နင်လဲပဲ ဒါပါနဲ့ဆို နောက် ငါ့ကိုမေးတာ သုံးခါရှိပြီ။ နင် ရွှေ့ထားပြီလား။ ဒီလိုဆို နောက် ငါ့ကို လာမမေးနဲ့တော့။ သွားတော့ ငါ လုပ်စရာရှိသေးတယ်"

ကောင်မလေး ထွက်သွားသောအခါ ဓာတ်ခွဲခန်းမှူးသည် သူ့စားပွဲပေါ်ရှိ ဓာတ်ခွဲဆိုင်ရာ အကိုးအကားစာအုပ်တွေကို စနစ်တကျစီနေစဉ် စာအုပ်တွေကြားမှာ ဆရာဝန် ဆေးစာရွက်တစ်ရွက် ထွက်ကျလာသည်။ သူ ခံစားနေရသော အဆစ်အမြစ်ကိုက်ခဲရောဂါအတွက် ဆရာဝန်ကြီးတစ်ယောက်က ရေးပေးထားခြင်းဖြစ်သည်။ ဆက်ဆက်သောက်ရန်လည်း မှာကြားထားလျက်သားနှင့် သူ မသောက်ဖြစ်ခဲ့။ အကြောင်းကြောင်းကြောင့် ရွှေ့ထားခဲ့ရပြီး မေ့ပင်မေ့နေခဲ့သည်။ စာရွက်လေး ထွက်ကျလာစဉ်က ဘာစာရွက်မှန်း မမှတ်မိအောင် သူ မေ့နေခဲ့သည်။

❑ ❑ ❑

# အသားမျှင်ဓာတ်ခွဲစမ်းသပ်ခြင်းနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၆)

ထိုစဉ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ပြီး တစ်နှစ်သာ သာခန့်အကြာတွင် ဖြစ်သည်။ သူ ရန်ကုန်ဆေးရုံကြီးသို့ ရောက်ရောက်ခြင်း Histopathology Section (အသားမျှင် လေ့လာရေး ဌာနစိတ်) တွင် အလုပ်ဝင်ရသည်။ ၁၉၇၂-ခုနှစ်က ဖြစ်၏။

အသားမျှင်ထဲတွင် (တစ်နည်းအားဖြင့်) အနာထဲတွင် ကင်ဆာဆဲလ် ရှိ၊ မရှိ မည်သည့်ဆဲလ်နှင့် ဘက်တီးရီးယားရှိသည်ကို ရှာရသော ဌာနစိတ်ဖြစ်သည်။

အသားမျှင်နမူနာ၏ အမိကနေရာကို ရောဂါဗေဒ ဆရာဝန်ကြီးက ဖြတ်တောက်နေချိန်တွင် ဓာတ်ခွဲခန်းမှူးက စာရွက်ပေါ်တွင် လိုက်မှတ်ရသည်။ အသားမျှင်၏ ပုံသဏ္ဌာန်အရောင်၊ အရွယ်အစားတို့ကို ရောဂါဗေဒဆရာဝန်က နှုတ်မှရွတ်သည်ကို ဓာတ်ခွဲခန်းမှူးက လိုက်ရေးရသည်။ ထိုအချိန်မှစ၍ မိုက်ခရိုစကုပ်ဖြင့် ကြည့်သည်အထိကို Biopsy ဘိုင်အိုစီ လုပ်သည်ဟုခေါ်သည်။ အကယ်၍များ အသားမျှင်ထဲတွင် ကင်ဆာဆဲလ်

http://www.cherrythitsar.org



များ တွေ့ပြီဆိုလျှင် ရောဂါဗေဒဆိုင်ရာ ဓာတ်ခွဲပညာရှင်များ၏ သန္တာန်တွင် သေခါနီးလူနာတစ်ဦးကို တွေ့လိုက်ရသလို ခံစားသွားရရှာသည်။

ထိုစဉ်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ရောဂါရှာဖွေရေးဌာန၏ ဌာနမှူးမှာ အလွန်ဩဇာတိက္ကမ ကြီးသည်။ ပေါက်ရောက်သည်။ ဥပဓိရုပ်တို့ မင်တို့ ကောင်းသည်။ ထိုပုဂ္ဂိုလ်ကြီးသည် ရှုးရှုးရှဲရှဲနှင့် အော်ဟစ်နေသည်ကို သူမှတ်မိသည်။ တနင်္လာနေ့ တစ်နေ့ဖြစ်သည်။ ဌာနမှူးသည် ဒေါသတကြီး ပေါက်ကွဲနေသည်။

"ဒါ ဘယ်လိုဖြစ်တာလဲ၊ ပါမောက္ခကြီးတူမရဲ့နို့အုံ ဘယ်ရောက်သွားလဲ။ ပါမောက္ခကြီးကို ငါ ဘယ်လို ရင်ဆိုင်ရမလဲ။ တခြားဟာ ပျောက်သွားတာဆိုရင် ဖြေနိုင်သေးတယ်။ အခုဟာက အသားစ။ ကောင်မလေးရဲ့နို့ကို နောက်တစ်ခါထပ်ဖြတ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ အဲဒါ ဘယ်လိုလုပ်မလဲ"

ပါမောက္ခကြီး၏တူမ နို့အုံ နမူနာအသားစကို ဓာတ်ခွဲခန်းမှူး (၆) ယောက် ပြန်ရှာကြည့်ကြသည်။ ဆေးရည်စိမ်ထားသည့် အခန်းထဲမှာ မွှေနှောက်ရှာကြည့်၏။ ဖော်မယ်ဒီဟိုက်ဆေးရည်စိမ်ထားသော ဦးနှောက်၊ အသည်းများနှင့် အဆုတ်များမှာ ဖန်ပေါင်းချောင်များထဲတွင် အစီအရီ တွေ့နေရသည်။

ဓာတ်ခွဲခန်းမှူးတွေက မည်သို့မျှ ရှာမတွေ့ကြောင်း ဌာနမှူးဆရာဝန်ကြီးကို သွားအစီရင်ခံသောအခါ ဆရာကြီးသည် နက်နက်နဲနဲ ခံစားသွားရကာ လေးလေးပင်ပင် စိတ်ဆိုးသွားတော့သည်။

"သွားပြီ. . ငါတော့ ခွေးဖြစ်ပြီ"

ဆရာဝန်ကြီးသည် ဖြစ်တောက်ဖြစ်တောက်နှင့် ပြောနေသည်မှာ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာသည်။ သူသည် ဓာတ်ခွဲခန်း

http://www.cherrythitsar.org



မှူး (၆) ယောက်ကို ဘယ်လိုအပြစ်ပေးရင်ကောင်းမလဲ စဉ်းစားနေသည်။ သူစဉ်းစားနေစဉ် ခာတ်ခွဲခန်းမှူးများက သူ့ရှေ့မှာ မတ်တတ်ရပ်နေရသည်။

“မင်းတို့ တစ်ယောက်မှ ထမင်းသွားမစားကြနဲ့။ စိုးတင့်ရေ တံခါးပေါက်ကနေ စောင့်နေ။ တစ်ကောင်မှ အောက်မဆင်းစေနဲ့”

သူ့ရုံးလုလင်ကို အမိန့်ပေးနေသည်။

ထိုစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ ထမင်းဘူး ယူမလာခဲ့ကြ။ ထမင်းဆိုင်တွေမှာ ထွက်စားသည်။ ထမင်းအဝစားမှ တစ်ကျပ်ခွဲ၊ နှစ်ကျပ်၊ သုံးကျပ်။ ခာတ်ခွဲခန်းမှူးတွေ အလွန်ဆာလောင်နေကြပြီ။

ကျိတ်မှိတ် ခံစားရသည်။ တချို့လည်း ကလေးငယ်တွေလို စားပွဲပေါ်မှာ လက်နှစ်ဖက်တင်၊ လက်နှစ်ဖက် မျက်နှာအပ်ကာ ဆာလောင်ခြင်းက သူတို့ကို မှောက်သွားသည်အထိ အလဲထိုးလိုက်ခြင်း ခံနေရ၏။

မကြာမီ ဆရာဝန်ကြီးသည် အစီအစဉ်တစ်ခု လုပ်၏။

သူ့လက်ထောက် လူယုံတွေကို သူ့ ထမင်းဟင်းများကို နွှေးခိုင်းသည်။ လေတင်မှ နွှေးခိုင်းခြင်းဖြစ်သည်။ ကြက်သားဟင်းနံ့၊ ဝက်အူချောင်းကြော်နံ့တို့ လေတင်မှ ဝဲဆင်းလာသောအခါ ခာတ်ခွဲခန်းမှူးတတွေ အလူးအလဲ ဆာသည်။ ဆရာဝန်ကြီးက အလယ် လူသွားစင်္ကြံတွင် လူးလာခေါက်တုန့်လျှောက်ပြီး သူတို့ကို အကဲခတ်နေသည်။ ခာတ်ခွဲခန်းမှူးတို့ အလူးအလဲ ဆာလောင်နေသည့်ပုံမျိုးမြင်ရမှ သူ့ဒေါသစိတ်က သက်သာပုံရပြီး ကြည်နူးသွားပုံရသည်။ ခာတ်ခွဲခန်းမှူးတွေကလည်း သူပျော်အောင် မှိုင်ပြသည်။

စာတို၊ စာရှည်များနှင့် ထုချေလွှာတင်ရသည်နှင့်စာလျှင် တော်သေးသည်ဟု အလိုအလျောက် နားလည်ထားကြသည်။ ခာတ်ခွဲခန်းမှူးတစ်ယောက်က ဆိုသည်။

http://www.cherrythitsar.org



"ငါကွာ. . နို့အုံတစ်ခု ဘယ်မှာရမလဲ မသိဘူး။ ဆာလိုက်တာ။ မနက်ကတည်းက ဘာမှ မစားရသေးဘူး။ ပြီးတော့ ငါက ဒီနေ့မှ အလုပ်ဆင်းတာ၊ ဘာဆိုင်လဲ"

ဌာနမှူး ဆရာဝန်ကြီးကလည်း သက်သက်လုပ်နေသလားမသိ။

ဗလချောင်ငပိကြော်၊ ဝက်အူချောင်းကြော်တို့ကို အေးသွားလျှင် ပြန်ပြန်နွှေးခိုင်းသည်။

သူ့လက်ထောက် လူယုံတော် ဝက်အူချောင်းနွှေးနေသည်ကို ဓာတ်ခွဲခန်းမှူးနှစ်ယောက်၊ သုံးယောက်က ဝိုင်းအုံကြည့်နေသည်။ သူ့လက်ထောက်က ဂေါ့စ်အစ ပါးပါးလေးကို လက်နှိုးလုပ်ကာ မီးဖိုပေါ်မှချစဉ် ဝက်အူချောင်းစတီးခွက် အောက်ကို လွတ်ကျသွားသည်။ အောက်မှ လှီးဖြတ်ထားသော တစ်ရှူးအသားစများကြားတွင် ဝက်အူချောင်းကြော်တွေ တင်နေသည်။ လူယုံတော်က ပြန်ကောက်ထည့်မည် လုပ်သည်။ သို့သော် ဌာနမှူးဆရာဝန်ကြီးသည် တံခါးပေါက်ဝသို့ အချိန်ကိုက်ရောက်လာကာ-

"ဟေ့ကောင်. . . အောက်ကဟာတွေ ကောက်မထည့်နဲ့။ အောက်မှာ လူ့အသားစတွေနဲ့ ရောနေတယ်။ ငါ လူသားစား ပေါ်ရိသာဒ မဟုတ်ဘူးကွ။ မင်း. . တော်တော် မသုံးမကျတဲ့ကောင်။ မင်း. . ဟိုကောင်တွေထက်တောင် ပိုပြီးယုတ်မာတဲ့ကောင်။ အခန်းထဲမှာ စားပွဲပေါ်က ကြက်သားဟင်းခွက်ကို အစွန်နားထားထားတော့ ငါ့လက်နဲ့တိုက်မိပြီး အကုန်မှောက်သွားပြီ ငါတော်ပြီကွ"

ဌာနမှူးဆရာဝန်ကြီးစကားကို ကြားသောအခါ ဓာတ်ခွဲခန်းမှူးတွေ အံ့အားသင့်သွားကြ၏။ သို့သော် သူတို့တတွေ ပြုံးနေကြသည်မှာ ဘာသဘောမှန်းတော့မသိ။

ဆရာဝန်ကြီး၏လူယုံတော်သည် ယခုအခါ သူ့ရာထူးနာမည်

http://www.cherrythitsar.org



ကို ကိုယ်စားမပြုနိုင်တော့သဖြင့် အမြီးကုပ်ကာ ရှေ့မှသွားစဉ် ဆရာဝန်ကြီးက သူ့နောက်မှ ကြိမ်းမောင်းဆဲဆိုလျက် လိုက်သွားသည်။ သူတို့ တတွေ ခပ်လှမ်းလှမ်း ရောက်သွားသည်နှင့် ခွဲစိတ်ခန်းမှူးသုံးယောက် သည် ပုံစံအမျိုးမျိုးဖြင့် လှီးဖြတ်ထားသော ဆေးရည်စိမ်ပြီးသား အသားစများပေါ်တွင် တင်နေသည့် ဝက်အူချောင်းကြော်များကို လုယက်လျက် ရေစင်အောင်ဆေးကာ အားရပါးရ ဝါးစားနေကြသည်။

ခွဲစိတ်ခန်းမှူးတစ်ယောက်က ပလုတ်ပလောင်းအသံဖြင့် ပြောသည်။

"ငါ ဒဿနတစ်ခု ရပြီ။ လူဟာ ငတ်လာရင် မရွံတတ်တော့ဘူး"

"အရေးထဲ ဒဿနတွေဘာတွေ လာမလုပ်နဲ့၊ ဆာနေရတဲ့အထဲ"

နောက်တစ်ယောက်က ပိတ်ပြောထည့်လိုက်သည်။

"ဟော့. . ဒီမှာ ပါမောက္ခကြီးရဲ့တူမရဲ့နို့အုံ ပြန်ရောက်လာပြီ။ ဘယ်လိုဖြစ်တာလဲ. . ယူသွားရင် ပြောမှပေါ့၊ ဆေးကျောင်းသားတွေကို ပြဖို့ ခဏယူသွားတာလား"

"ဒေါက်တာ ကျော်နိုင်က ယူခိုင်းတာ"

Breast Tissue ယူသွားသော ခွဲစိတ်ခန်းမှူးက ပြန်ပြောသည်။ ဌာနမှူးကို အကျိုးအကြောင်းသွားပြောပြပြီး ထမင်းသွားစားခွင့်တောင်း၏။

"သွားစားကြ. . . သွားစားကြ။ စောစောက ဒေါက်တာကျော်နိုင် ငါ့ဆီ ဖုန်းဆက်တယ်။ ကဲ. . သွားစားကြ။ ငါသာ ဒီအသုံးမကျတဲ့ အကောင်ကြောင့် မစားရတော့ဘူးကွ"

❑ ❑ ❑

# ဗီတာမင်စားသုံးကြခြင်းနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၇)

သူရောက်လာလျှင် ဓာတ်ခွဲခန်းမှူးက ပျော်သည်။ ဘာပဲဖြစ်ဖြစ် ဗဟုသုတရသည်။ ဆေးဘက်ဆိုင်ရာ ဗဟုသုတများ တီဗွီမကြည့်ဘဲ၊ စာအုပ်စာတမ်းတွေ ရှာမဖတ်ဘဲ ခပ်လွယ်လွယ်သိရသည်ကိုက တန်ဖိုးကြီးမားသည်။

သူ့နှုတ်ဖျားမှ "မယ်ဒီကိတ်တက်" နှင့် "ကိုလက်စထရော"တို့သည် ထပ်နေသည်။ မပြောမဆိုမိသောနေ့ မရှိ။ မကြားမိ နားမဆင်မိသော နေ့မရှိ။ ဓာတ်ခွဲခန်းမှူးသည် သူ့ထံ လာလည်သူများထဲမှ သူ့ကို မျှော်နေတတ်ဆုံး။ ကိုချစ်အောင်တစ်ယောက်လည်း မလာတာ သုံးလေးရက်ကြာပြီဟု ပြောနေတတ်၏။

"ဟင်းသီးဟင်းရွက် များများစားပေး၊ ဝမ်းမှန်တယ်။ အသက်လည်း ရှည်တယ်။ မယ်ဒီကိတ်တက် သိပ်ဖြစ်တဲ့ ဒိုက်ယက်ပါပဲ။ အအေးထောပတ်တို့ အုန်းသီးနဲ့လုပ်ထားတာတို့ဆို ဝေးဝေးကရှောင်။ အဲဒါတွေဟာ ကိုလက်စထရောတွေ၊ တော့ဆစ်အဲ့ပြင်းတွေပဲပေါ့။ ပြီးတော့ ပိုတက်

http://www.cherrythitsar.org



စီယံဓာတ် များများပါတဲ့ အစာ၊ ပြည့်ဝအဆီ၊ အငန်ဓာတ်တွေဟာ သွေးတိုးစေတယ်”

ကိုချစ်အောင်၏နှုတ်မှ Cholesterol တို့ Medicated တို့ Toxic Oil တို့ ဆိုတာတွေ ဓာတ်ခွဲခန်းမှူးက မကြာခဏ ကြားရတတ်သဖြင့် မှတ်ချက်ပေးဖူးသည်။

“ခင်ဗျား ဆေးကျောင်းတက်ဖို့ကောင်းတယ်”

“တက်ချင်တာပေါ့ဗျာ၊ အကြောင်းကြောင်းကြောင့် မတက်ဖြစ်ခဲ့ဘူး၊ ဝါသနာလည်းပါတယ်”

“ဒါနဲ့ ငရုတ်သီးဒိုက်ယက်ဟာ ဘယ့်နှယ့်လဲ ကိုချစ်အောင်၊ ရှောင်ရင်ကောင်းတယ် မဟုတ်လား”

“ငရုတ်သီးဟာ သိပ်ဆေးဘက်ဝင်တယ်။ ဗီတာမင်အေပေါ့။ အခြောက်ကျတော့ ကြောက်ရတယ်ဗျ။ အထဲက မှိုတွေပေါက်နေရင် အသည်းကင်ဆာ ဖြစ်တတ်တယ်။ ငရုတ်သီး ဘာကြောင့်စပ်လဲ သိလား”

“မသိဘူး၊ ဆိုစမ်းပါဦး ကိုချစ်အောင်”

“ငရုတ်သီးရဲ့မော်လီကျူးမှာ ချိတ်ကလေးတွေပါတော့ အဲဒီဆူးဟာ လျှာတို့၊ အသားတို့နဲ့ထိတော့ ရှပြီး စပ်လာတော့တာပေါ့”

ဟုတ်သလား မဟုတ်သလားတော့ မသိ။ နားထောင်လို့တော့ အလွန်ကောင်းသဖြင့် ဓာတ်ခွဲခန်းမှူးသည် သဘောကျမိသည်။

“နို့ထွက်ပစ္စည်းဟာ သုံးတတ်ရင် မယ်ဒီကိတ်ဖြစ်တယ်ဗျ။ မသုံးတတ်ရင် ကိုလက်စထရောတွေ ဖြစ်သွားရော။ နွားနို့မှာကတော့ အစာအိမ်ရောဂါအတွက် ဆေးပဲ။ ဒိန်ချဉ်ကတော့ အသည်းအတွက် ဆေးတစ်လက်ပေါ့။ အေး ဒီလိုမှမဟုတ်ဘဲ နို့ထွက်ပစ္စည်းဆို အကုန်ကောင်းတယ်ထင်ပြီး စားသုံးမယ်ဆိုရင် မမှန်သေးဘူး။ မလိုင်တို့၊ ဒိန်ခဲတို့၊ ထောပတ်တို့

http://www.cherrythitsar.org



ကျတော့ ကိုလက်စထရောတွေမို့ ဝေးဝေးက ရှောင်ကြဉ်ပေါ့”

ကိုချစ်အောင်သည် အုန်းနို့ခေါက်ဆွဲနှင့် ဝက်သားဟင်းတို့ကို ဝေးဝေးနှင့် အဝေးဆုံးက ရှောင်ကြဉ်ကြောင်း သိက္ခာပုဒ်ကို သမာဓိယာမိ ဆောက်တည်ပါ၏ ဆိုသကဲ့သို့ ရှောင်ကြဉ်ခဲ့၏။

“Animal Fat တွေဟာ Dangerous Oil တွေပဲ။ Vegetable Oil ကမှ အန္တရာယ်ကင်းတာ။ စားအုန်းဆီတော့ ချွင်းချက်ပေါ့”

တိရစ္ဆာန်အဆီတွေဟာ လူကို ဥပဒ်ပေးကြောင်းနှင့် အသီးအရွက်အဆီကသာ လူကို ဥပဒ်မပေးကြောင်းလည်း ကိုချစ်အောင်က ပို့ချခဲ့ပါသေးသည်။

ကိုချစ်အောင်နှင့် ဓာတ်ခွဲခန်းမှူး၏ အပေါင်းအသင်းများလည်း တစ်နှယ်ငင်၊ တစ်စင်ပါ ခင်မင်သွားခဲ့ကြလေ၏။ ဓာတ်ခွဲခန်းမှူးသည် စာရေးဆရာတစ်ယောက်လည်း ဖြစ်သည်။ ထို့ကြောင့် သူ့အပေါင်းအသင်းများသည် ဓာတ်ခွဲခန်းမှူးများအပြင် စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာတွေလည်းပါသည်။ သူ့အပေါင်းအသင်းတွေက ကိုချစ်အောင်ကိုမတွေ့လျှင် ရယ်ရယ်မောမော မေးတတ်သည်။

“ဟို မယ်ဒီကိတ်တက်ဆရာကြီး မလာဘူးလား။ ကြက်သားနဲ့ ငါး ဘယ်ဟာက ပိုပြီး မယ်ဒီကိတ်တက်ဖြစ်သလဲ မေးချင်လို့”

“သူက မယ်ဒီကယ်တန်းစ်တွေ တော်တော်မှတ်တာပဲ။ ဓာတ်ခွဲခန်းမှူးက မမှတ်ရဘူး။ သူကချည်း မှတ်တာပဲ။ သူစားချင်တဲ့ဟာဆို မယ်ဒီကိတ်တက်ပဲ။ မစားချင်တဲ့ဟာဆို ကိုလက်စထရောတဲ့။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် သူပြောချင်တဲ့အချက်အလက် ၈၀% လောက်က အမှန်အကန်တွေပဲလို့ ယုံကြည်ရတယ်။ အသားအရေကလည်း ဝင်းနေတာပဲ။ အရွယ်ကလည်း သိပ်တင်တယ်။ မယ်ဒီကိတ်တွေ နှိပ်နေလို့ထင်တယ်”

http://www.cherrythitsar.org



စာရေးဆရာတစ်ယောက်၏စကားကို အယ်ဒီတာတစ်ယောက်က ဝင်ဖြည့်ပေးလေသည်။ ကိုချစ်အောင်နှင့် စာရေးဆရာနှင့်တွေ့တော့ ကိုချစ်အောင်က ကြက်သားနှင့် ငါးတို့၏ ဗီတာမင်တွေ ပရိုတိန်းတို့ အကြောင်း အမိုင်နိုအက်ဆစ်အကြောင်း ရှင်းပြသည်။

"ကြက်သားကတော့ မော်ရီယာမင်း အားဆေးပဲ၊ သူ့မှာ အမိုင်နို အက်ဆစ်ဓာတ်ပါတယ်။ လူမမာတွေကို ကြက်သားစွပ်ပြုတ်တိုက်ရင် တော်ရုံတန်ရုံလူမမာဆို ချက်ချင်း လန်းလာတာပဲ။ သူက မော်ရီယာမင်း အားဆေးသဘောမျိုးပဲကိုး။ ငါးကျတော့ ဗီတာမင်အီးဓာတ်တွေ အရမ်းကြွယ်ဝတယ်။ ကိုယ်ခံအား ကောင်းစေတယ်။ အအေးဒဏ် ခံနိုင်တယ်။ အဆုတ်ကို ကြံ့ခိုင်စေတယ်။ အသားအရေ စိုပြည်လန်းဆန်းလှပစေတယ်။ အက်စကီးမိုးလူမျိုးတွေကို ကြည့်ပါလား။ ရေခဲအိမ်နဲ့နေတာ ငါးတွေကို အကောင်လိုက်ကင်ပြီး နေ့စဉ် အဝအပြစားကြတာ"

"ဒါတော့ ဟုတ်ပါတယ်။ ဒါပေမယ့် သူတို့က အရပ်အမောင်းက ပုပုကလေးတွေ၊ သေးသေးညှက်ညှက်တွေ"

အယ်ဒီတာတစ်ယောက်က ဝင်ထောက်လိုက်လျှင် ကိုချစ်အောင်သည် ချက်ချင်းချေပသည်။ အဆင်သင့် ချက်ချင်း ချေပနိုင်သည်ကိုထောက်ပြီး အရင်ကလည်း သည်လို အထောက်အတောမျိုး ကြုံဖူးပုံရသည်။

"ဒါက ဘာဆိုင်လဲဗျ။ မျိုးရိုးပဲ။ ဂျင်နရေးရှင်းကိစ္စပဲ။ ကပ္ပလီကို ဖြူအောင် ဘာဆေးစားစား ဘယ်ဖြူမလဲ။ ပုရွက်ဆိတ်ကို ငါးကျပ်သားလောက်အထိ ကြီးလာအောင် လုပ်လို့မရဘူး"

၈၀% လောက် အမှန်အကန်တွေဟု ယူဆရသော မယ်ဒီကယ်နောလိတ်ချ်တွေ သူ့ထံမှရသဖြင့် ဓာတ်ခွဲခန်းမှူးနှင့် အပေါင်းအသင်းများ

http://www.cherrythitsar.org



သည် ကိုချစ်အောင်ကို ခင်ကြသည်။ ထို့ပြင် သူတို့ အပေါင်းအသင်းတွေ စာပေဗိုင်းရပ်စ်သမားများသာ တင်းကျမ်းဖြစ်နေသဖြင့် ယခုလို စရိုက်ကွဲ သူတစ်ဦးတော့ အမှန်ပင် လိုအပ်သည်။ စိတ်ဝင်စားစရာ ဘာသာရပ်သစ်၊ အာရုံသစ်လည်း ဖြစ်သည်။

"ဆီးသီးမှာ ဘာဓာတ်ရှိသလဲ ကိုချစ်အောင်"

"အက်စ်ကောဘစ်အက်ဆစ် Ascorbic Acid ဓာတ်ရှိတယ်။ ဒီဓာတ်က လူကို ရွှင်လန်းစေတယ်။ အာရုံကို ကြည်လင်စေတယ်။ စိတ်ကို ပျော်စေတယ်"

သည်လိုပါပဲ။ တစ်ခုခု စားမည်ဆိုလျှင် ကိုချစ်အောင်သာ အနီးအပါးရှိလျှင် သူ့ကို ဘာဓာတ်တွေပါသလဲ မေးရသည်။ မိုး တစ်ဖြိုက်နှစ်ဖြိုက်ရွာလာလျှင် ကိုချစ်အောင်တစ်ယောက် အနွေးထည်ကလေးနှင့်။ နည်းနည်းပူလာလျှင် လက်တို ရှပ်ပါးပါးလေးနှင့်။ ရှူဆေးတောင့်တစ်တောင့်ကို သူ့ဆီမှာ အမြဲလိုလိုပါသည်။ အရွယ်ကလည်း ဘာတင်သလဲ မမေးနှင့်။ အသားအရေကောင်းခြင်းကလည်း သူသုံးနေသော မက်ဒီကယ် တန်းစ်ကို ဂုဏ်တက်စေခဲ့သည်။ ကျန်သည့် လူများကလည်း အားကျနေကြသည်။ သည်လိုဖြစ်လျက်နှင့်။

"ကိုချစ်အောင်တစ်ယောက် ဆေးရုံတက်နေရပြီ၊ အခြေအနေ မကောင်းဘူး။ ကားအက်စီးဒင့်။ မီးပွိုင့်မှာ ဝင်တိုက်တာတဲ့။ အဆင်မသင့်ရင် ချိုင်းထောက်နဲ့ တစ်သက်လုံးနေရမှာ"

ဓာတ်ခွဲခန်းမှူးက သူငယ်ချင်းတွေကို သတင်းပေးသည်။ ဓာတ်ခွဲခန်းမှူးက ဆက်ပြီး-

"ကျွန်တော် ကြည့် ကြည့်နေတယ်။ သူ လမ်းဖြတ်ကူးရင် သိပ်လောတာပဲ။ သူက အန္တရာယ်ဟာ အစားအသောက်နဲ့ ကိုယ်ပေါ်မှာပဲ

http://www.cherrythitsar.org



ရှိတယ်ထင်နေတာ။ လမ်းကို အန္တရာယ်ကင်းအောင် ဖြတ်ကူးတာလည်း မယ်ဒီကိတ်တက်ပဲ။ ရန်ဖြစ်ပြီး ခေါင်းကွဲအောင် အရိုက်မခံရအောင် နေတာလည်း မယ်ဒီကိတ်တက်ပဲ။ အန္တရာယ်ဟာ ပြင်ပမှာလည်း အများကြီး ရှိတယ်။ ဗီတာမင်စားနေရုံနဲ့ မပြီးဘူး”

❑ ❑ ❑

http://www.cherrythitsar.org

# မိုက်ကရိုစကုပ်နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၈)

သူ့တွင် အစတုန်းက မိုက်ကရိုစကုပ် (၅) လုံးရှိသည်။ သူသည် ဓာတ်ခွဲခန်းသင်တန်းကို အလွန်ဝါသနာပါ၍ တက်ရောက်သင်ကြားခဲ့သည်တော့ မဟုတ်။ အသင့်အတင့်သာ ဝါသနာပါခဲ့၏။ နောင် သူ ဓာတ်ခွဲခန်းမှူး (ပထမတန်း) သင်တန်းအောင်မြင်၍ ဓာတ်ခွဲခန်းမှူးအဖြစ် ခန့်အပ်ခြင်းခံရပြီးသည့်နောက်ပိုင်းတွင် သူ အသင့်အတင့်သာ ဝါသနာပါသော အလုပ်ကို သူ တစ်သက်လုံး လုပ်ကိုင်ခဲ့ရ၏။ နောင် သို့မဟုတ် ယခုအချိန်တွင် သူသည် ဓာတ်ခွဲခန်းမှူးဘဝကို အရင်ကလို ခပ်စိမ်းစိမ်း မဆက်ဆံတော့။ အချစ်စစ်စစ် မဟုတ်သော်လည်း သံယောဇဉ်စစ်စစ် တော့ ဖြစ်သွား၏။

ရတောင့်ရခဲ့ဘဝကို ကိုယ် သိပ်ဝါသနာမပါလှသော အသက်မွေးဝမ်းကျောင်းတစ်ခုဖြင့် တစ်သက်လုံး သွားရစေဦးတော့ ကိစ္စမရှိတော့။ သူ ဝါသနာပါသည့် စာပေရေးသားခြင်းကို တွဲဖက်လုပ်ကိုင်နေသဖြင့် အာသာတော့ ပြေနေသောကြောင့် အဆင်ပြေနေပြီ။ တစ်နည်းအားဖြင့်

http://www.cherrythitsar.org



သူသည် ဓာတ်ခွဲခန်းစီးပွားရေးတွင် အသားကျခဲ့ပြီ။ အကြံတုံး၊ ဉာဏ်တုံး ပဲပြောပြော တခြားအလုပ်ကိုလည်း သူ မလုပ်စားတတ်ခြင်းလည်း အပါ အဝင်ဖြစ်၏။

သူ ဓာတ်ခွဲခန်းမှူးဖြစ်ပြီး အနှစ် (၂၀) ကြာသောအခါ သူ့ အသွေးအသားများသည် ဘယ်လိုဖြစ်သည်မသိ။ မိုက်ကရိုစကုပ်ဆိုသော ဓာတ်ခွဲခန်းသုံး အနုကြည့်မှန်ဘီလူးကိရိယာကို သူ သိပ်ချစ်သွားမိခဲ့သည်။

သူသည် ရှေးဟောင်းမိုက်ကရိုစကုပ်များကို ဝယ်ယူ စုဆောင်း ဖူးသည်။ ထို မိုက်ကရိုစကုပ်မှာ အော့ပဂျက်တစ် (အဆများစွာ ကြီးမား လာစေသော မှန်ဘီလူး) တပ်ရန် အပေါက်တစ်ပေါက်သာ ရှိ၏။ Len လို့လည်း ခေါ်သည်။ မတူညီသော မှန်ဘီလူးများကို ထိုတစ်ပေါက်ထဲတွင် တပ်လိုက်၊ ဖြုတ်လိုက် လုပ်ရသည်။ များသောအားဖြင့် ရှေးဟောင်း မိုက် ကရိုစကုပ်များကို ကြေးဝါများဖြင့် ပြုလုပ်ထားသည်။ Microscope တွင် တပ်ထားသော မှန်ဘီလူးများမှာ ယေဘုယျအားဖြင့် အဆ ၁၀၀၊ အဆ ၄၀၀၊ အဆ ၁၀၀၀ ရှိသည်။ (Eye Piece X 10) အိုင်းပိစ်ဆယ်ဆနှင့် မြှောက်လိုက်ပါမှ ထိုအချိုးအစား ဖြစ်သွားပါသည်။ မင် အစက်ကလေး တစ်စက်ကို အဆတစ်ထောင် ချဲ့လိုက်လျှင် ဧရာမ ကြီးကျယ်သွားလိမ့် မည်။

သူကတော့ ရှေးဟောင်း Microscope များကို ချစ်ခင်တွယ်တာ သည်။ ဖားသားအော့ဖ်မိုက်ကရိုစကုပ် (Father of Microscope) ဟု သူက နာမည်ပေးသည်။ တစ်ခါတစ်ရံ ညအခါများ၌ မှန်ပြောင်းတစ်လက် ဖြင့် ကြယ်များကို စူးစမ်းလေ့လာတတ်သော ဂယ်လီလီယိုကို သူ သတိရ လျက် Gallilo's Microscope ဂယ်လီလီယို၏ မိုက်ကရိုစကုပ်ဟု သူ နာမည်ပေးထားသည်။

http://www.cherrythitsar.org



လူနာနှင့် ဧည့်သည်များသည် မိုက်ကရိုစကုပ်ကိုမြင်လျှင် ဘာဖြစ်လို့လည်းမသိ မျက်လုံးတွေ တောက်ပလာကာ စိတ်ဝင်စားစွာ ကိုင်တွယ်ကြည့်ကြသည်။ တချို့ကတော့ မိုက်ကရိုစကုပ်ကို အသံမထွက်တတ်သောကြောင့်လားမသိ။ စက်ဟုခေါ်သည်ကို သူ တစ်ကြိမ်ကြားဖူးသည်။

သူတို့သည် မိုက်ကရိုစကုပ်ကို ကြည့်ချင်ကြသည်။ မိုက်ကရိုစကုပ်ကြည့်နေသော ပုံများကို မြင်ဖူးကြပေလိမ့်မည်။ အပေါ်မှစီးပြီး ငုံ့ကြည့်ရသည်။ တစ်ကြိမ်တွင်တော့ လူတစ်ယောက်ရောက်လာကာ မိုက်ကရိုစကုပ်ကို လည်ပင်းစောင်းပြီး အပေါ်ထောင်ကြည့်သည်။

"ခင်ဗျား နက္ခတ်တာရာကြည့်တဲ့မှန်ပြောင်းနဲ့ မှားနေပြီ" ဟု သူပြောသောအခါ ရှက်နေသည်။

မိုက်ကရိုစကုပ်ကို အနုကြည့်မှန်ဘီလူးဟု အထင်အရှား ဘာသာပြန်ထားသော်လည်း ထိုကဲ့သို့ မည်သူကမှ လိုက်မခေါ်ပေ။ သူသည်လည်း မော်တော်ကားလို ကမ္ဘာသုံးဝေါဟာရတစ်ခု ဖြစ်သွားပြီ။ သူသည် အလွန်သေးငယ်သော မိုက်ကရိုစကုပ်တစ်ခုကို တွေ့ဖူးသည်။ ဦးထွန်းငြိမ်း ဒေစ်ရှင်နာရီလောက်ရှိသော သေတ္တာသေးသေးထဲတွင် ခေါက်ထည့်ထားပြီး သုံးသောအခါမှ တပ်ဆင်ရ၏။ မိုက်ကရိုစကုပ်ဈေးနှုန်းတွေကတော့ သုံးသောင်းမှ တစ်သိန်းအထိရှိ၏။ ဘွတ်ရှ်အင်လုံး၊ အိုလံပစ်စ်ဇိုက်အေတို့ ကမ္ဘာ့အကောင်းဆုံး မိုက်ကရိုစကုပ်များဖြစ်သည်။

သူ မိုက်ကရိုစကုပ်ကြည့်နေသည်ကို မြင်ရသော လူစိမ်းတိုင်းက သူတို့လည်း ကြည့်ချင်သည်ဟု တောင်းဆိုကြသည်။ ဘာတွေ့လဲဟု စိတ်လှုပ်ရှားစွာ မေးတတ်သည်။ "မြွေစိမ်းတစ်ကောင်တွေ့တယ်" ဟု သူနောက်ပြီး ထိုးပြလိုက်သည်။ မိုက်ကရိုစကုပ်အောက်မှ လှုပ်ရှားနေသော သံမျှင်မျှင်သည် မြွေတစ်ကောင်ပမာ ဖွံ့ထွားနေသည်။ လူစိမ်းက "အောင်

http://www.cherrythitsar.org



မယ်လေး”ဟု ထအော်သည်။

သူ ဆေးရုံကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေတုန်းက မိတ်ဆွေ သူနာပြုတချို့သည် အကျီစားသန်လွန်းသည်။ ဝမ်း စစ်ဆေးပေးရန် လာပေးသည်။ သူ မိုက်ကရိုစကုပ်နှင့် ခေတ်ခွဲနေစဉ် သူနာပြုဆရာမတွေ ဘေးနားရပ်နေသည်။

“ဘာမှ မတွေ့ဘူးဗျ”

“ရှင်”

“ဟုတ်တယ်၊ မတွေ့လို့ပါ”

“သေသေချာချာ ကြည့်ပါဦး၊ ယင်ဥလေး ဘာလေးများ မတွေ့ဘူးလား”

“မတွေ့လို့ မတွေ့ဘူးပြောတာ စိတ်မဆိုးနဲ့ဗျာ”

“ဘယ်တွေ့မလဲ၊ ပဲဟင်း၊ အဲဒါ ပဲဟင်းရှင့်”

“တော်တော်ဆိုးတဲ့ ဆရာမတွေ၊ ဟိုတစ်ခါတုန်းကလည်း ရေနွေးကြမ်းကို ဆီး ကောင်း၊ မကောင်း စစ်ပေးပါဆိုလို့ တကုန်းကုန်းနဲ့ စစ်လိုက်ရတာ မပြောပါနဲ့။ မိုက်ကရိုစကုပ်နဲ့ကြည့်ပြီး ဘက်တီးရီးယားတွေ့တယ်လို့ ရေးမိခဲ့ရင် ရှက်စရာကြီး၊ ခု တစ်ခါ ပဲဟင်း။ ဘာလဲ ပဲဟင်းကို ပြတ်စေချင်လို့လား”

သူသည် ပို၍ကောင်းမွန်သော မိုက်ကရိုစကုပ်တစ်လုံးကို ဝယ်ချင်သဖြင့် ပွဲစားတစ်ယောက်နှင့် ရောင်းခိုင်းသည်။ အခြားပွဲစားတစ်ယောက်ကိုမူ မိုက်ကရိုစကုပ်အကောင်းစားတစ်လုံးတွေ့လျှင် ဝယ်ချင်ကြောင်း မှာလိုက်သည်။ ဆိုကြပါစို့ ပွဲစား အေ ကို သူ့ မိုက်ကရိုစကုပ်ရောင်းရန် ပေးထားလိုက်သည်။ ပွဲစား ဘီ ကို မိုက်ကရိုစကုပ်ရှာပေးရန် ကမ်းလှမ်းထားခဲ့သည်။

http://www.cherrythitsar.org



တစ်ပတ်လောက် ကြာသောအခါ ပွဲစား ဘီ သည် မိုက်ကရို စကုပ်တစ်လုံးတွေ့ပြီဟု သူ့ကိုလာခေါ်သဖြင့် သူ လိုက်သွားသည်။ ပွဲစား ဘီ သည် အသက်အရွယ်အားဖြင့် သူ့ထက် အများကြီးငယ်၏။

“ခင်ဗျားကတော့ ပွဲစားလောကမှာ အငယ်ဆုံးပဲ။ အလည်ဆုံး တော့ မဖြစ်စေနဲ့”ဟု ဓာတ်ခွဲခန်းမှူးက ပွဲစား ဘီ ကို နောက်လိုက်သည်။

“ကျွန်တော် ပွဲစားအငယ်ဆုံးဆိုပေမဲ့ အလည်ဆုံး ဘယ်တော့မှ မဖြစ်စေရဘူးဗျ”

“ဟော့. . နောက်တာပါ။ စိတ်မဆိုးပါနဲ့”

မိုက်ကရိုစကုပ်ဆီသို့ရောက်သွားသောအခါ သူသည် စက္ကန့် (၅၀) လောက် ရေဝေးအအေးခန်းထဲ ရောက်သွားသည်။ သူသည် မိုက်ကရိုစကုပ်ကို ဘယ်သောအခါမှ ဝယ်ဖြစ်မည်မဟုတ်။

ထိုသို့ မဝယ်ဖြစ်သည်မှာ ထို မိုက်ကရိုစကုပ်သည် အဆင့်အတန်း နိမ့်လွန်း၍မဟုတ်။ မြင့်လွန်းလို့လည်း မဟုတ်။ အမျိုးအစား မကြိုက်၍လည်းမဟုတ်။ အစဉ်အလာရှိသည့်တံဆိပ် ဖြစ်နေ၍လည်း မဟုတ်။ အမှန်စင်စစ် ထို Microscope သည် သူ ရောင်းခိုင်းလိုက်သော သူ့ မိုက်ကရိုစကုပ် ဖြစ်နေလေသည်။

❑ ❑ ❑

# ဓာတ်ခွဲခန်းတစ်ခန်းအတွင်း ပေါက်ကြားမှုများ နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၉)

စောစောက လူနာနှစ်ယောက် ပြောသွားတဲ့စကားကို သတိရစရာဖြစ်နေတာ တစ်နေကုန်ပါပဲ။ ဒီလူနှစ်ယောက်ပြောသွားတဲ့ စကားဟာ ဒီနေ့တစ်နေ့လုံးအတွက် အညွှန်းကိန်း သို့မဟုတ် အမှတ်တရလက်ဆောင်အဖြစ် နေရာယူထားလိုက်တာတော့ သေချာနေပြီ။ ဒီနေ့ တိုက်တိုက်ဆိုင်ဆိုင်၊ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတဲ့ အဖြစ်အပျက်တွေနဲ့ အမျိုးအစားချင်းအတူတူ ဖြစ်နေရုံတင်မက တံဆိပ်လည်း အတူတူပါပဲ။

ဓာတ်ခွဲခန်းမှူးဟာ သူ့ရဲ့ဓာတ်ခွဲခန်းကို သူ ရောက်သွားတဲ့အချိန်ဟာ ဒီနေ့ အစောဆုံးပါပဲ။ သွေးအမျိုးအစား စစ်ဖို့လာတဲ့ လူနှစ်ယောက်ဟာ သူ့ ဓာတ်ခွဲခန်းထဲမှာ တစ်နေ့တာကို ရုန်းကန်ဖို့ သူ့ဓာတ်ခွဲခန်းကို နေ့သစ်တစ်နေ့ မိတ်ဆက်ပေးဖို့ပြင်ဆင်နေတုန်း အပြင်မှာ ဆေးဆရာကြီးတစ်ယောက်အကြောင်း ပြောနေခြင်းဖြစ်တယ်။

သူတို့နှစ်ယောက် ပြန်သွားပြီး နောက်ထပ် နှစ်နာရီကျော်ကျော်ကြာမှာ အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ အဲဒီ အမျိုးသမီးဟာ အဲဒီ ဓာတ်ခွဲခန်းမှူးနဲ့လည်း မျက်မှန်းတန်းမိတယ်။ သူ့သူငယ်ချင်းတစ်

http://www.cherrythitsar.org



ယောက်ရဲ့ရည်းစားပဲပေါ့။ Urine (ဆီး) လာစစ်တာပါ။ ဆီးကို ယူရင်းလို့ ခေါ်တယ်။ ဝမ်းကို Stool စတူးလို့ ခေါ်တယ်။ ဒီနေ့ ဓာတ်ခွဲခန်းတွေမှာ အစမ်းသပ်ရဆုံးက Urine For RE ပါပဲ။ RE ဆိုတာ Routine Examina - tion ရဲ့ အတိုကောက်ပေါ့။ ဝမ်းကတော့ ယနေ့အချိန်အခါမှာ စစ်ဆေး ပေးရတာ သိပ်ကိုနည်းသွားပြီ။ သူ ဝမ်းအဖြေထုတ်တဲ့စာရွက် (Report Form) တစ်ထောင်ရိုက်ထားတာ ခုနစ်နှစ်ကျော်ပြီ။ ခုထက်ထိ မကုန်သေး ဘူး။ လူတွေဟာ ဝမ်းကိုက်ရင်၊ ဝမ်းလျှောရင် သူတို့ဘာသာ ဆေးဝယ် သောက်ကြတယ်။  သန်လည်း မှန်မှန်ချကြတယ်။ လာ မစစ်တော့ဘူး။

စောစောက သူ့ကို ဆီး ကောင်း၊ မကောင်း လာစစ်ခိုင်းတဲ့ အမျိုးသမီးဟာ ဣန္ဒြေသိပ်ရှိတယ်။ စောင့်ထိန်းလွန်းတယ်လို့ နာမည်ကြီး တယ်။ သူ့လက်ကို သွားကိုင်ရင်တောင် မကြိုက်ဘူး။ လက်ထပ်ပြီးမှ ကိုင် လို့ ရည်းစားကိုပြောတယ်။

ဆီးကို မိုက်ကရိုစကုပ်နဲ့ကြည့်လိုက်တော့ သူ စိတ်ဝင်စားသွား တယ်။ နှုတ်ခမ်းတွန့်ရုံ ပြုံးလည်းပြုံးမိတယ်။ ဆီးထဲမှာ Spermatozoa တွေ တွေ့နေလို့ပဲ။ ဒါပေမယ့် လွန်ခဲ့တဲ့နှစ်ရက်လောက်က ဖြစ်ပျက်ခဲ့ပုံ ရတယ်။ စပန်မာတိုစွာတွေက သေနေတယ်။ Boy Friend မပါဘူးလား မေးတဲ့အခါ တော်ကြာရင် သူ အဖြေလာယူလိမ့်မယ်တဲ့။ သူ့ရည်းစား အဖြေလာယူတဲ့အခါ ဘယ့်နှယ့်လဲ အမျိုးသမီးနဲ့ အတော်ပြေလည်နေပြီ လားလို့ မေးတဲ့အခါ ပြေလည်ပါတယ်။ ဒါပေမယ့် လက်တောင်မထိရဲ ဘူး။ လက်မထပ်ခင် အနားမကပ်နဲ့တဲ့။ ရေမရောတဲ့ ပျူဝါးဗားဂျင်းတဲ့။

ဒုတိယရောက်လာတဲ့ ဓာတ်ခွဲခန်းထဲ ပေါက်ကြားမှုတစ်ခုဟာ သိပ်ထူးဆန်းတယ်။ သူ အတော် တုန်လှုပ်သွားတယ်။ ပုထုဇဉ်ဆိုတဲ့ ဝေါဟာရကိုတောင် တိုင်တည်မိလိုက်သေးတယ်။ သူ့ဆီကို ဆီး (ယူရင်း)

http://www.cherrythitsar.org



ပုလင်းတစ်လုံးကိုင်ပြီး ရောက်လာတဲ့သူက သိပ်ရိုးတဲ့လူ။ အင်္ကျီလက်ရှည် အဖြူပဲ အမြဲတမ်းဝတ်တယ်။ ဓာတ်ခွဲခန်းမှူးဟာ အဲဒီလူကို သိပ်ကြည်ညို ခဲ့တယ်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ၊ တလောတုန်းကတောင် ဆရာ ကတော်ရယ်၊ ဆရာ့သားသမီးတွေရယ်၊ မြေးတွေရယ် တွေ့လိုက်သေး တယ်"

"ဒီလို ရှူး. . တိုးတိုး"

အဲဒီလူကြီးက အစာရဲရဲမကောက်ရဲတဲ့ ငှက်တစ်ကောင်လို အရှေ့အနောက် ဘေးဘီ ပျာပျာသလဲကြည့်ပြီးတော့မှ "ဘယ်သူမှ လျှောက်မပြောနဲ့နော်။ ကျွန်တော့်ကီပင်ရဲ့ ဆီးပါ။ ကိုယ်ဝန် ရှိမရှိ စစ်ပေး ပါ။ ဒီမှာ ကျွန်တော် အတူနေတဲ့ရက်ကို တွက်ပြမယ်နော်။ ဒီမှာ. . ဒီလို။ ကျွန်တော် တတ်သလောက်၊ မှတ်သလောက်ရက်တွေ ရှောင်ရက်သားနဲ့"

ဓာတ်ခွဲခန်းမှူးသည် ငါ အမြော်အမြင်၊ အထင်အမြင် အတော် ကြီး ခိုင်ခန့်တဲ့အကောင်ပဲဟု သူ့ကိုယ်သူ ချီးကျူးနေမိသည်။

တတိယဓာတ်ခွဲခန်း၏ ပေါက်ကြားမှုတစ်ခုမှာ တိုင်နှင့်ခေါင်း နှင့် ဆောင့်လိုက်ဖို့ပဲ ကောင်းသည်။

သူနှင့် မျက်မှန်းတန်းမိရုံထက်ကျော်ပြီး သူငယ်ချင်းအဖြစ်လည်း မရောက်လာခဲ့သော လင်မယားနှစ်ယောက် သူ့ဓာတ်ခွဲခန်းသို့ ပုံစံနှစ်မျိုး ဖြင့် အူယားဖားယား ရောက်လာသည်။ ယောကျ်ားက ဒေါသတကြီးပုံစံ။ မိန်းမက ကြောက်လန့်တကြားပုံစံ။ သူတို့သည် ဆေးခန်းတစ်ခန်းသို့ လာ သောအသွင်မပေါက်ဘဲ ရဲစခန်းတစ်ခုသို့ အမှုလာတိုင်သောပုံစံ ပေါက် သည်။ မိန်းမသားသည် ဆံမြိတ်တွေလည်း ပြေနေသည်။

"ဒါ သူ့ဆီက ယူထားတာ။ Spermatozoa ဆိုလား၊ ဘာလား။

http://www.cherrythitsar.org



အဲဒါ ရှိ မရှိ စစ်ပေးပါ။ ကျွန်တော်က သားကြောဖြတ်ထားတာ။ ဘာ ဆက်တိုမီ Vasectomy လုပ်ထားတာ။ အဲဒါ အကောင်တစ်ကောင်နဲ့ သံသယဖြစ်လို့။ တကယ်လို့ စပန်မာတိုစွာတွေ့ရင် ဒီကောင်မကို ခင်ဗျား အရှေ့တင် သတ်ပြမယ်။ ကျုပ်ကို ဘာကောင်ထင်လဲ။ ခင်ဗျားလည်း သေသေချာချာစစ်နော်။ လိမ်ပြောလို့ကတော့ ကျုပ်က ချမ်းသာမပေးဘူး။ ပြဿနာရှာမှာ"

အင်္ဂလိပ်လို အနည်းအကျဉ်းမှုတ်တတ်တဲ့ အဲဒီပုဂ္ဂိုလ်ဟာ တကယ် ပြဿနာကောင်။ စပန်မာတိုစွာတွေ့လိုက်သားနဲ့ မတွေ့ဘူးပြော ရင် သတ်ချင်သတ်မှာ။ တွေ့လို့တွေ့တယ်ပြောရင်လည်း ဟိုမိန်းမကို ဆေးခန်းထဲမှာ ရိုက်နှက်သတ်ဖြတ်မယ့်ပုံ။ ဟိုမိန်းမပုံစံက ထွက်ပြေးချင် နေတဲ့ပုံ။ အဖြေကို အဆိုးတွက်ထားတဲ့ပုံ။ ဘုရား. . ဘုရား. . ဘုရား။ သူ မိုက်ကရိုစကုပ်နဲ့ စိတ်လှုပ်ရှားစွာ စစ်ဆေးနေမိတယ်။ မတွေ့ပါစေနဲ့။ မတွေ့ပါစေနဲ့။ သွေးထွက်သံယို မကြည့်ပါရစေနဲ့။ ချွေးတွေသုတ်ရင်း ဆု တောင်းနေမိတယ်။ တော်ပါသေးရဲ့။ ဘာမှမတွေ့လို့။ အကုသိုလ်ကောင် ကြီးကို သူ ဘာမှမတွေ့ကြောင်း၊ သေချာကြောင်း ပြောလိုက်တော့ အဲဒီ မျက်နှာအဆီပြန်နေတဲ့ ငနဲက "ကျော်ထင် သိတယ်မဟုတ်လား။ အဲဒီ ကောင်နဲ့ ဖြစ်နေတယ်လို့ ကျုပ် သံသယဖြစ်နေတာ ကြာပြီ"

ဓာတ်ခွဲခန်းမှူး တော်တော်စိတ်ပျက်သွားတယ်။ စောစောက ဒီလိုမှန်းသိရင် သူ ချွေးတောင်မပြန်ဘူး။ ဘာလို့လဲဆိုတော့ လွန်ခဲ့တဲ့ နှစ်လလောက်ကပဲ ကျော်ထင်ဟာ သူ့တို့ဆေးခန်းက ဆရာဝန် တစ် ယောက်ထံမှာ Vasectomy လုပ်ထားလို့ပါပဲ။

Spermatozoa = သုတ်ပိုး

Vasectomy = သားကြောဖြတ်ခြင်း

❑ ❑ ❑

# ကုန်သွယ်ရေး (၁၀) ကျင်လည်ခဲ့ရတဲ့ ဘဝနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၀)

မြန်မာနိုင်ငံမှာ တန်းစီတိုးစားတဲ့ မှောင်ခိုတွေ အရမ်းကာရော ခေတ်စားနေတဲ့ အချိန်တုန်းကပေါ့။ သူ့သူငယ်ချင်း စာရေးဆရာတစ်ယောက်ဟာ ဆေးဆိုင်မန်နေဂျာဖြစ်နေတယ်။

ဆေးရုံကြီးတွေရဲ့ဘေးနားမှာရှိတဲ့ ဆေးဆိုင်တွေကို ဓာတ်ခွဲခန်းမှူးတွေ၊ အရန် ဆေးဘက်ပညာသည်တွေ၊ နတ်စ်မတွေ၊ ဆရာဝန်ပေါက်စတွေ၊ တစ်ခါတစ်ရံ လူနာအဆောင်ပိုင် ဆရာဝန်ကြီးတွေ ခြေချင်းလိမ်ခဲ့ကြတယ်ပေါ့။ လွန်ခဲ့တဲ့ နှစ် နှစ်ဆယ်၊ နှစ် အစိတ်လောက်ကပေါ့။

မော်ရီယာမင်း၊ ပါရင်ထရိုပိုက်၊ မင်နိုင်း၊ ခိုင်မာ၊ ပလူဗီမင်၊ စထရက်ပတိုမိုစင်၊ ဘင်ဇိုင်ပင်နီစလင်၊ ပရိုတိန်း စတဲ့ ဆေးတွေဟာ မှောင်ခိုဈေးမှာ ဈေးသိပ်ကောင်းခဲ့တယ်။

အဲဒီတုန်းက ဆေးဆိုင်မန်နေဂျာတွေဟာ တန်ခိုးသိပ်ကြီးလွန်းတာပဲ။ သူတို့ကို လူတွေက ဘယ်လောက်စိတ်ဝင်စားသလဲဆိုရင် သူ့

http://www.cherrythitsar.org



မျက်နှာကို တွေ့လိုက်တာနဲ့ တွေ့တဲ့လူဟာ ကမ္ဘာကျော်ဘောလုံးသမား တစ်ယောက်ကို တွေ့လိုက်သလို ခံစားရတယ်။ သူတို့ တန်ခိုးကြီးမှန်း၊ သူတို့ကိုယ်တိုင်လည်း သိထား နားလည်နေတော့ ကြွစောင်းစောင်းဖြစ် နေတဲ့လူက များတယ်။ တခြားတစ်ဖက်မှာလည်း ဝင်ငွေကမှန်၊ ရေကလျှံ နေတော့ မျက်နှာတွေက စိမ်းစိုပြီး ခန့်ချောနေတာပေါ့။

ဒီအချိန်မှာ ခာတ်ခွဲခန်းမှူးတွေထဲက တန်းစီတိုးစားတဲ့ အထဲ မှာ သူ အကဲဆုံးပဲ။ သူဟာ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက အခုလိုပဲ ဆင်းရဲ နေတော့ တန်းစီတိုးစားခဲ့ရတယ်။ တချို့ခာတ်ခွဲခန်းမှူးတွေက ဗေဒင် ဟောစားတဲ့လူလည်း ရှိတယ်။ ကွမ်းယာဆိုင်ဖွင့်စားထားတဲ့ကောင်လည်း ရှိတယ်။

အဝတ်အထည်တွေနဲ့ လူသုံးကုန်တွေကို လ,ပေးနဲ့ ရောင်းစားတဲ့ လူလည်း ရှိတယ်။ ယနေ့ အချိန်အခါလို ပြင်ပ ခာတ်ခွဲခန်း စီးပွားရေး လုပ်ခွင့် မရှိသေးဘူး။ အပြင်မှာ ခာတ်ခွဲခန်း တိုးတိုးတိတ်တိတ် ဖွင့်စား ရင် အတိုင်အတောခံရတယ်။ ထုခြေလွှာ အတောင်းခံရတတ်တယ်။ နယ် ပြောင်းခံရတတ်တယ်။

ဆရာဝန်လက်မှတ် သုံးစောင် ယူသွားရင် တစ်စောင်က ဆိုင်ကို ပေးရတယ်။ တစ်စောင်က ဆရာဝန်ကို ပေးရတယ်။ တစ်စောင်က ကိုယ် ရတယ်။ ၃၃% စီပေါ့။ မန်နေဂျာနဲ့ ဘယ်လောက်ရင်းနှီးရင်းနှီး ဘောင်ဝင် အောင်တော့ လုပ်ရတဲ့ သဘောရှိတယ်။

မန်နေဂျာရဲ့လက်အောက်မှာ နိုင်ငံခြားဆေးကောင်တာအင်ချပ်၊ ဘီပီအိုင်ဆေးကောင်တာအင်ချပ်ဆိုတာတွေ ရှိသေးတယ်။ သူတို့တတွေ လည်း မြန်မာ့လက်ရွေးစင် ဘောလုံးသမားတစ်ယောက်လို တန်ခိုးကြီးတာ ပါပဲ။

http://www.cherrythitsar.org



ကျွန်တော်တို့ရဲ့ ခေတ်ခွဲခန်းမှူးဆိုရင် ဆိုင်ကလူတွေရော၊ ဘဝတူ မှောင်ခိုတွေရော အတော်ရင်းနှီးကျွမ်းဝင်ခဲ့ဖူးတယ်။ အဲဒီ မျက်နှာစာမှာ သိကျွမ်းခဲ့ရတဲ့ အသိအကျွမ်းမိတ်ဆွေတွေဟာ အခု အတော်ကလေး အသက်ကြီးကုန်ပြီ။ နောက် သူတို့ သေကြရဦးမယ်။ အခု အဲဒီဘဝမျိုးတွေ ကင်းပသွားတဲ့ကာလမှာ မှောင်ခိုသမားတွေအချင်းချင်း တွေ့ကြတဲ့အခါ လွမ်းစရာတော့ အကောင်းသားပေါ့။ တချို့လည်း မူလအနေအထားထက် ပိုလျော့ပါး နိမ့်ကျသွားတယ်။ တချို့ လိုင်းတွေဘာတွေပြောင်း၊ နိုင်ငံခြားကိုယ်စားလှယ်တွေဘာတွေဖြစ် ကြီးပွားချမ်းသာသွားကြတယ်။ သူတို့တတွေ ဆုံစည်းတဲ့အခါ စာရင်းချုပ်ကြတာ သိပ် ဆွေးမြေ့လွမ်းမောဖွယ် ကောင်းတယ်။ ကွဲကွာသွားတဲ့ ကာလများအတွင်းမှာ ဘာတွေဖြစ်ခဲ့သလဲလို့ မေးရတာဟာ စာမေးပွဲခန်းထဲက ထွက်လာတဲ့ ကျောင်းသားအချင်းချင်း စာမေးပွဲဖြေနိုင်၊ မဖြေနိုင် မေးနေရသလိုပဲပေါ့။

ဟိုတုန်းကအကြောင်းပြောကြတဲ့အခါ အခုတောင် ထိတ်လန့်ရင်ခုန်နေရသလို ပုံစံမျိုး၊ သူတို့ မှောင်ခိုသမားဟောင်းတွေရဲ့ မျက်နှာမှာ လှိုင်းကလေးတွေ ရှိနေဆဲပဲပေါ့။ (မန်နေဂျာကြီး) တွေလည်း တစ်ခါတစ်ခါ လမ်းမှာ ဖြတ်သွားဖြတ်လာ တွေ့ရတဲ့အခါ ခြေကျသွားတဲ့ လက်ရွေးစင်ဟောင်းတွေလို မှတ်ယူခံစားမိကြတယ်။ ဇရာရဲ့ ဝါးမျိုခြင်း အတော်ခံနေရပြီ။ မရဏမြို့ကို ခရီးရှည်ထွက်ဖို့ ပစ္စည်းစုနေပြီ။

ဒီဘဝအဆစ်အပိုင်းကို သူ သတိရ အောက်မေ့မိတဲ့အခါ ဇာတ်ကွက်ကလေးတွေ အကန့်လိုက်၊ အကန့်လိုက် ပြန်ပေါ်လာခဲ့တယ်။ ပြည့်ပြည့်စုံစုံတော့ မဟုတ်ဘူး။ ဟိုတစ်ကွက်၊ ဒီတစ်ကွက်။ ကျန်ခဲ့တာလည်း ကျန်ခဲ့။

သူ အဲဒီဘဝဟောင်းကို သတိရတိုင်း၊ သတိရမိတဲ့ မကျန်ခဲ့တဲ့

http://www.cherrythitsar.org



အမှတ်ရစရာလေးတစ်ခုတော့ ရှိခဲ့ဖူးတယ်။ သူ့ သူငယ်ချင်း စာရေးဆရာ အစိုးရ ပရဆေးဆိုင်မန်နေဂျာ ဖြစ်နေတုန်းကပေါ့။ အဲဒီဆိုင်ဟာ ကုန်သွယ်ရေး (၁၀) လက်အောက်မှာ ဖွင့်ထားတဲ့ဆိုင်ပါ။

"ငှက်သိုက်တို့ ဂုံခါးတို့ မရှိဘူးလား သူငယ်ချင်း၊ ဈေးကောင်းပေးမယ်လို့ အပြင် ပရဆေးဆိုင်တွေက ပြောလို့"

"မရှိဘူး၊ ရှိတာတွေကလည်း လေးညှင်း၊ ဖာလာစေ့၊ နွယ်ချို အဲဒါတွေဝယ်ချင်ရင် ဓာတ်ခွဲခန်းက လျှောက်လွှာယူခဲ့။ တစ်ယောက်ယောက်က ထောက်ခံ၊ မင်းပဲ ထောက်ခံကွ"

နောက်တစ်နေ့တွင် ကွမ်းယာဆိုင် ဖွင့်လှစ်ရောင်းစားနေသော ဓာတ်ခွဲခန်းမှူးတစ်ဦးက သူ့ကို လေးညှင်း၊ ဖာလာ၊ နွယ်ချိုတွေ လိုချင်သည်ဟု ဆိုသဖြင့် သူက လျှောက်လွှာရေးခိုင်းသည်။ အောက်တွင် သူက လက်မှတ်ထိုးသည်။

"မင်းက ငွေထက် ရာထူးငယ်တာပဲ။ မင်း လက်မှတ်ထိုးတယ်။ ထောက်ခံတယ် ဟုတ်လား။ တော်တော် ဟုတ်နေပြီ"

"ဘယ်သူမှ မင်း ငွေထက်ကြီးတာ မသိဘူး။ ရရင်ပြီးရော မဟုတ်လား။ မြန်မြန်လုပ်။ ပိုက်ဆံပေး။ စမ်းသပ်စရာတွေ ရှိသေးတယ်။ ပြီးတော့ မင်း ထမင်းကျွေးရမယ်နော်"

ပရဆေးပစ္စည်းသုံးမျိုးကိုထုတ်ပြီး ယခင်က သိမ်ကြီးဈေးရုံဟောင်း (ယခု မင်္ဂလာရုပ်ရှင်ရုံ) အောက်မှာရှိတဲ့ ထမင်းဆိုင်မှာ ထမင်းသွားစားကြတယ်။ အနီးအပါးမှာ ပုဂ္ဂလိက ပရဆေးဆိုင်တွေလည်း ရှိတယ်။ ထမင်းစားသောက်ပြီးလို့ လေးညှင်း၊ ဖာလာစေ့၊ နွယ်ချိုတွေ အပြင်ဈေး ဘယ်လောက်လဲလို့ သွားစုံစမ်းတဲ့အခါ အပြင်ဈေးက ပိုသက်သာနေလို့ ကွမ်းယာရောင်းစားတဲ့ဓာတ်ခွဲခန်းမှူးက သူ့ကို ဆဲနေလိုက်တာ။

http://www.cherrythitsar.org



ဒါပေမယ့် ကွမ်းယာရောင်းစားတဲ့ ခတ်ခွဲခန်းမှူးက မမှတ်သေးဘူး။

"ဟေ့. . မင်းသူငယ်ချင်းရဲ့ ပရဆေးဆိုင်ဘက်ရောက်ရင် စိန်နီမြင်းသွားပရဆေးကို ခတုဗေဒအမည်နဲ့ အင်္ဂလိပ်လို ဘယ်လိုခေါ်လဲ မေးခဲ့စမ်းပါ။ မင်းသူငယ်ချင်း မန်နေဂျာကို မေးခဲ့စမ်းပါ"

"အေး. . အေး"

ကွမ်းယာဆရာ ခတ်ခွဲခန်းမှူးဟာ ဗေဒင်ပညာတို့ ဖိုထိုးတာတို့ ဆေးဖော်တာတို့လည်း ဝါသနာပါတယ်။ သူ အပြင်က ပြန်လာတိုင်း ကွမ်းယာခတ်ခွဲခန်းမှူး စိန်နီမြင်းသွား အင်္ဂလိပ်စာသား မေးပြီးပြီလား မေးတယ်။ နေ့တိုင်းမေးတယ်။ နားငြီးဖို့ကောင်းတယ်။ ဒါကြောင့် နောက်တစ်နေ့ နေ့လယ်မှာ သူမှတ်ထားခဲ့သလောက် နှုတ်တိုက်ပြောပြနေတာကို ကွမ်းယာခတ်ခွဲဆရာက လိုက်ရေးတယ်။ ဒါပေမဲ့ ပြီးအောင်တောင် မရေးနိုင်ပါဘူး။ ဆဲဆိုဖို့တာဝန်က ကွမ်းယာ ခတ်ခွဲဆရာမှာ ရှိသေးတယ် မဟုတ်လား။

စိန်နီမြင်းသွားကို ဒီလိုခေါ်တယ်။ Red Diamond Horse Goes.

❑ ❑ ❑

# ဓာတ်ခွဲစမ်းသပ်ခနှင့် လူနာမျက်နှာပေးအကြောင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၁)

ဘာလိုလိုနဲ့ သူ ဓာတ်ခွဲခန်း ဖွင့်လှစ်စားသောက်ခဲ့တဲ့ နှစ်တွေဟာ အပျိုပေါက်တစ်ယောက်လောက်အရွယ် ရှိခဲ့ပါပကော။ ဒီကာလအတွင်းမှာ သူဟာ ရောဂါရှာဖွေဖို့ရောက်လာတဲ့ လူနာတွေကိုချည်း ဆက်ဆံရတာမဟုတ်ဘူး။ ဆရာဝန်တွေ၊ ဓာတ်ခွဲစမ်းသပ်ပစ္စည်းနဲ့ ဆေးရည်တွေရောင်းတဲ့ ကုမ္ပဏီတွေက ကိုယ်စားလှယ်တွေ၊ စာပေလောကကလူတွေ၊ ပွဲစားလောက,ကလူတွေ၊ ငွေကလွဲရင် ဘာမှမရှိတဲ့လူတွေ၊ ပညာကလွဲရင် ဘာမှမရှိတဲ့လူတွေ၊ ဦးနှောက်သိပ်ကောင်းပြီး အသည်းနှလုံး အားနည်းတဲ့လူတွေ၊ အသည်းနှလုံးနဲ့ ဦးနှောက် ဟာမိုနီမဖြစ်တဲ့လူတွေ၊ အမျိုးမျိုးပဲ တွေ့ခဲ့ရ ဖြစ်သန်းခဲ့ရ ရပ်တန့်ခဲ့ရတာတွေဟာ တကယ်လို့ သူသာ ထူးချွန်တဲ့လူတစ်ယောက်ဆိုရင် စစ်နှင့် ငြိမ်းချမ်းရေးစာအုပ်ကြီးလောက်ကို သူပြောပြနိုင်ပါလိမ့်မယ်။

http://www.cherrythitsar.org



များသောအားဖြင့်တော့ ဘာသာစကားနဲ့ ကိုးကွယ်မှုမတူတဲ့ ပြဿနာပဲ။ များသောအားဖြင့် ငွေကိုကိုးကွယ်တဲ့လူတွေက များပြီး သူတို့ ဘာသာစကားကတော့ အမြတ်အစွန်းနဲ့အကျိုးရှိခြင်းဆိုတဲ့ ဘာသာစကား ပဲဖြစ်တယ်။ ဒီလိုအခြေအနေမှာ အဆင်မပြေတဲ့လူတွေက ပိုခံရတယ်။ တခြားဈေးနှုန်းတွေ၊ စရိတ်စကတွေနဲ့ အပြိုင်၊ ဓာတ်ခွဲစမ်းသပ်ခတွေက လည်း မြင့်တက်လို့ ကောင်းနေကြပြီမဟုတ်လား။ လွန်ခဲ့တဲ့ (၁၀) နှစ် ပတ်ဝန်းကျင်က သွေးအမျိုးအစားခွဲတာဟာ (၅) ကျပ်ပဲရှိတယ်။ အခု (၁၀၀) ကျပ်တို့၊ (၁၅၀) ကျပ်တို့ ဖြစ်နေပြီ။ ဓာတ်ခွဲစမ်းသပ်ဆေးရည် တွေကလည်း အရမ်းဈေးတက်နေတော့ အဲဒီလောက်ယူမှပဲကိုက်မယ်။ ဒီတော့ နေရာတကာမှာကြားနေရတဲ့ "စမ်းသပ်ပစ္စည်းတွေ ဈေးကြီးလို့" ဆိုတဲ့ အကြောင်းပြချက်ဟာ လေထဲမှာ လေသံဆိုပေမယ့် လွင့်ပါးပျောက် ပျက်မသွားဘူး။ သံမဏိလိုပဲ ခိုင်ခံ့နေတယ်။ ဟိုတုန်းက ဆီးချို ရှိ၊ မရှိ ဆီးကိုချက်ရင် (၃) ကျပ်ပေးရတယ်။ အခု တစ်ရာဖြစ်သွားပြီ။ ဟိုတုန်းက ကိုယ်ဝန် ရှိ၊ မရှိ ဆီးကတစ်ဆင့် စမ်းသပ်ချင်ရင် (၂၅) ကျပ်ပဲ ပေးရတယ်။ အခု (၁၅၀) ဖြစ်သွားပြီ။ ဟိုတုန်းက ဝမ်းစစ်ရင် (၃) ကျပ် ပေးရတယ်။ အခု (၁၀၀) ဖြစ်နေပြီ။ အဲဒီ ဝမ်းစမ်းသပ်ခ (Stool RE) အတွက် အနှစ် နှစ်ဆယ်အတွင်း အဆင့်ဆင့် ဈေးတက်သွားပုံကို မှတ်မိသလောက် သူ ရေတွက်နေမိတယ်။

(၃) ကျပ်ကနေ (၁၀) ကျပ်ဖြစ်နေတဲ့အချိန်မှာ သူနဲ့ သူ့လက် ထောက် တစ်ယောက်တို့ ဓာတ်ခွဲခန်းထဲမှာရှိနေတုန်း လူနာတစ်ယောက် ရောက်လာတယ်။ (လူနာသာဆိုပေမယ့် သူတို့နှစ်ယောက်ထက် တောင့် တင်း ကျန်းမာတယ်။ ဒါပေမဲ့ ခက်တာက ဆေးဘက်ဆိုင်ရာပညာရှင်တွေ ဆီ ရောက်လာတဲ့လူဟာ ဘယ်လောက် ကျန်းမာ၊ ကျန်းမာ သူတို့ကို

http://www.cherrythitsar.org



လူနာ Patient လို့ ခေါ်တယ်) ဝမ်းစစ်ချင်လို့တဲ့။ စစ်ဆေးပြီးလို့ အဖြေစာရွက်ကမ်းပေးလိုက်တဲ့အချိန်မှာ လူနာက ဘယ်လောက်ကျသလဲတဲ့။ ဒီလိုမေးပြီးတဲ့အခါတိုင်း ကျသင့်ငွေကိုမပြောခင် လူနာတွေဟာ သိပ်လန့်နေတဲ့ပုံစံမျိုး မကြာခဏ တွေ့ရတယ်။

"တစ်ဆယ်ပါ"

"တစ်ဆယ်တောင်"

ဩော် . . တစ်ဆယ်တည်းလားလို့ ဘယ်သူမှ မပြောတတ်ကြဘူး။ တစ်ဆယ်တောင်လားတဲ့။ အဲဒီတော့ သူ့လက်ထောက် ဓာတ်ခွဲခန်းမှူးဟာ စိတ်တိုသွားပုံရတယ်။ စိတ်တိုတိုနဲ့ ပြန်ပြောလိုက်ပုံကို အခုထက်ထိ သူမှတ်မိနေသေးတယ်။

"သူများ အညစ်အကြေးကို ငွေတစ်ဆယ်နဲ့ ဘယ်သူ ကိုင်ချင်ပါ့မလဲ။ ဆယ့်ငါးကျပ်ပေးမယ်။ ကိုင်မယ့်လူရှိရင် . . "

လူနာက ဘာမှ ပြန်မပြောဘူး။ "ကျုပ် အစိတ်ပေးတာတောင် မကိုင်ဘူး" ဆိုတဲ့ မျက်နှာထားနဲ့ ထွက်သွားတယ်။ ဒီတော့ သူက တပည့်ကို ဘာပြောသလဲဆိုရင် "မောင်ရင်ဟာ မိလ္လာကိုင်ခ တောင်းသလို ဖြစ်မနေဘူးလား။ တကယ်တော့ ဝမ်းကိုဓာတ်ခွဲရတာ ဆီးကိုဓာတ်ခွဲရတာထက် ပိုခက်တဲ့အကြောင်း ပြောလိုက်ရမှာပါ"

တစ်ခါတစ်ခါ လူနာတစ်ယောက်ဟာ ဆယ်နှစ်မှာ တစ်ကြိမ်လောက်ပဲ ဓာတ်ခွဲခန်းကိုသွားပြီး ရောဂါရှာဖွေဖို့ အခြေအနေမျိုး ပေါ်လာတယ် ထင်ပါရဲ့။

"Blood For C.P စစ်ချင်လို့ ဘယ်လောက်ကျလဲ"

(Blood for C.P) ဘလတ်ဖော်စီပီရဲ့အရှည်ကောက်က Complete Picture ဖြစ်တယ်။ စုံစုံလင်လင် စစ်ဆေးချင်တဲ့သဘောပါပဲ။

http://www.cherrythitsar.org



သွေးဖြူဥ၊ သွေးနီဥ၊ သူတို့ရဲ့ အချိုးအစား၊ သံဓာတ် ပြည့် မပြည့်၊ အဲဒီ ကမှတစ်ဆင့် ရောဂါအခြေအနေ။

"ဘလတ်ဖော်စီပီက လေးရာကျမယ်ဗျ"

"အို . . ဘုရားရေ . . ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ . . "

"ဘာဖြစ်လို့လဲဗျ"

"ကျွန်တော် ဟိုတစ်ခါတုန်းကပဲ နှစ်ဆယ်ပဲပေးရတယ်ဗျ။ လန့် စရာကောင်းလိုက်တာ"

"နောင်ကြီး (၁၀) နှစ်အတွင်း ဓာတ်ခွဲခန်းကို ဒုတိယအကြိမ် မရောက်ဘူးထင်တယ်။ ဓာတ်ခွဲစမ်းသပ်ဆေးရည်တွေကလည်း အခုအခါ မှ ဈေးတွေ တအားတက်နေလို့ပါ"

လူနာကို သေသေချာချာ ရှင်းပြရမယ်ဆိုတာ သူ သဘော ပေါက်သွားတယ်။ ကွန်ပျူတာဓာတ်ခွဲခန်းတွေမှာဆိုရင် သုံးထောင်လောက် ကျမည့်အကြောင်း သူ ရှင်းပြတယ်။

အဲဒီအချိန်မှာ ဓာတ်ခွဲခန်းတံခါးနားကို သူ ကြည့်လိုက်တော့ နံရံမှာ လူတစ်ယောက်ရပ်နေတာကို သူတွေ့ရတယ်။ အလွန်အရေးကြီး တဲ့ကိစ္စတစ်ခု တိုင်ပင်စရာရှိနေပေမယ့် ဩတ္တပ္ပရှိလို့ အခန်းထဲ ဝင် လာမယ့်ပုံပဲ။ သူ မခေါ်မချင်း ဝင်လာမယ့်ပုံ မပေါ်ဘူး။ သူ့မျက်နှာကို စိုက်ကြည့်နေတယ်။ သူ့အမူအရာနဲ့ စကားသံကတစ်ဆင့် သူ့စိတ်ကို အကဲ ခတ်နေပုံလည်း ရတယ်။ မျက်လုံးအကြည့်က သူ့ကို ဖော်လံဖားနေတဲ့ ပုံစံ ပေါက်နေတယ်။ စောစောကလူ ပြန်သွားတော့ အဲဒီလူကို သူ လှမ်း ခေါ်လိုက်တယ်။ အဲဒီလူဟာ အားနာစရာကောင်းလောက်အောင် အလွန် အင်မတန် ကျိုးနွံရိုသေကိုင်းရှိုင်းစွာ ဦးညွှတ်ပြီး သူ့ရှေ့မှာ ရပ်နေတယ်။ လက်နှစ်ဖက်ကို ရှေ့မှာပစ်ပြီး ဆုပ်ထားတယ်။

http://www.cherrythitsar.org



"ထိုင်. . ဘာကိစ္စလဲ"

"ဒီလိုပါ ဆရာ။ ဆရာဝန်ကြီးက ကလေးကို သွေးတွေ၊ ဆီးတွေ စစ်ဖို့ ဒီဓာတ်ခွဲခန်းကို လွှတ်ပါတယ်။ ဒီမှာစာရွက်. . "

"ဟင်. . ခင်ဗျား လွှတ်တာ တစ်ပတ်လောက် ရှိပြီ။ ခုမှ ဘာလို့ လာလဲ။ နေမကောင်းတဲ့ ကလေးကိုရော အခု ခေါ်လာလား"

"ဆရာဆူလည်း ခံရမှာပါ ဆရာ။ ကျွန်တော်တို့မှာ ငွေကလည်း အဆင်မပြေဘူး။ ကလေးကလည်း သူ စုထားတဲ့ စုဘူးကို အဖောက်မခံဘူး။ ဒီနေ့တော့ သူ့ကို မနည်းချော့ပြောတဲ့အခါ သူ့စုဘူး အဖောက်ခံတယ်။ အဲဒီ စုဘူးဖောက်လို့ ရတဲ့ပိုက်ဆံနဲ့ ဒီဆရာဝန်ကြီး လွှတ်တဲ့ စာရွက်က သွေးစစ်ခနဲ့၊ ကာမိ၊ မကာမိ တဆိတ် ကြည့်ပေးပါဆရာ။ ကလေးက စုဘူးဖောက်လို့လား၊ ဝေဒနာ ခံစားရလို့လားမသိဘူး ငိုပြီး ကျန်ရစ်ခဲ့တယ်။ တကယ်လို့ အဲဒီငွေနဲ့ဖြစ်နိုင်ရင် ကျွန်တော့်သမီးကို ဘတ်စ်ကားနဲ့တင်ပြီး ချီလာခဲ့မယ်"

"ခင်ဗျားကလေးက (၁၂) နှစ်ဆိုတော့ ချီလာလို့ မလွယ်ဘူး။ ဒီတော့ ကျွန်တော် အိမ်မှာ သွေးလိုက်ဖောက်ပေးမယ်။ ကလေးပိုက်ဆံတွေကို သူ့ကို ပြန်ပေးလိုက်။ ကျုပ် ဓာတ်ခွဲခန်း ဖွင့်စားလာတာ (၁၈)နှစ်ရှိပြီ။ (၁၈) နှစ်အတွင်းမှာ ဒါမျိုးတစ်ကြိမ် အလကားကူညီရတာ ဘာနစ်နာတာမှတ်လို့"

"နေဦးဆရာ၊ ကျွန်တော် ကန်တော့ပါရစေ"

"ဟေ့လူ မလုပ်နဲ့။ ခင်ဗျား ကျွန်တော့်ထက်ကြီးတယ်။ ပြီးတော့ အောက်က ကြမ်းခင်းက ညစ်ပတ်တယ်။ လာ ထ ကလေးဆီ သွားကြရအောင်"

❑ ❑ ❑

# ဆေးခန်းထိုင်စားသူများဘဝ နောက်ခံ

## ခါတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၂)

ဒီလမ်းမှာ ဆေးခန်းဖွင့်စားသူတွေရဲ့ အမူအကျင့်အမျိုးမျိုးရှိသလို စီမံခန့်ခွဲမှုပုံစံလည်း အမျိုးမျိုးရှိတယ်။ တချို့ ဆေးခန်းပိုင်ရှင်တွေဟာ အခန်းတွေကန့်ပြီး ပုတ်ပြတ်ငှားစားလိုက်ကြတယ်။ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ E.C.G၊ အာထရာဆောင်း၊ ဆေးဆိုင် စ,တာတွေကို ငှားစားလိုက်တယ်။ နေရာပဲ ငှားတာပါ။ တစ်လ ဘယ်ရွေ့ဘယ်မျှနဲ့ပေါ့။ အခငွေကို နှစ်ချုပ်နဲ့တင်ရတာလည်း ရှိတယ်။ တစ်လချင်း ပေးရတာလည်း ရှိတယ်။ ပိုင်ရှင်က လခမှန်မှန်ရရင် ပြီးပြီ။ အလုပ်ဖြစ်ကြတာ၊ မဖြစ်ကြတာ သူ ဘာမှ စိတ်မဝင်စားဘူး။ အဲဒီလို ဆေးခန်းတွေမှာ ဗေဒင်ဆရာတွေ၊ ပျောက်စေဆရာတွေ၊ မျက်မှန်သွေးတဲ့ ဆရာ၊ သွားတုလုပ်တဲ့ ဆရာ၊ မြန်မာတိုင်းရင်းဆေးဆရာ၊ ဆရာဝန်၊ ဓာတ်ခွဲခန်း၊ အကုန်လုံး ရောနေတာပါပဲ။

နောက်တစ်မျိုးက ပုတ်ပြတ်နဲ့လည်း အခန်းငှားစားတယ်။ တချို့တစ်ဝက်ကို ပိုင်ရှင်ကိုယ်တိုင် ဦးစီးပြီးလုပ်တယ်။ ဥပမာ ဆေးဆိုင်၊ ဓာတ်

http://www.cherrythitsar.org



မှုန်၊ ခေါက်ခွဲခန်း၊ အာထရာဆောင်း၊ အီးစီဂျီတွေကို ဝယ်ယူရင်းနှီး မြှုပ်နှံပြီးတော့ ကျွမ်းကျင်ပညာရှင်တွေကို ငှားပြီးလုပ်တယ်။ တိုင်းရင်းဆေးဆရာတို့၊ ဗေဒင်ဆရာတို့ကိုလည်း ကြိုက်ဈေးရရင် အခန်းငှားစားလိုက်သေးတယ်။

တတိယတစ်စားကတော့ အမြော်အမြင်အကြီးမားဆုံးလို့ ပြောရမှာပဲ။ အားလုံးကို ပိုင်ရှင်က လုံးဝ ချုပ်ကိုင်လုပ်တယ်။ ငွေအရင်းအနှီးလည်း အမြောက်အများ အကုန်အကျခံတယ်။ ခံလည်း ခံနိုင်တယ်။ အဲဒီလို အခန်းမှာ မြန်မာတိုင်းရင်းဆေးဆရာတို့၊ ဗေဒင်ဆရာတို့၊ မျက်မှန်သွေးတဲ့ ဆရာတို့ မထားဘူး။ ဒေါက်တာတွေ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေ၊ နာ့စ်တွေပဲ ထားတယ်။

အဲဒီလို ဆေးခန်းသုံးမျိုးသုံးစား ရှိပြီဆိုပါစို့။

အဲဒီ ဆေးခန်းတွေမှာထိုင်တဲ့ ဆရာဝန်တွေလည်း သုံးမျိုးသုံးစားလောက်ရှိတယ်။ တစ်စားက ရိုးရိုး အမ်ဘီဘီအက်စ်ဘွဲ့ရ ဆရာဝန်။ နောက်တစ်စားက အထူးကုသမားတော်ကြီး။ တတိယတစ်စားကတော့ လူနာအဆောင်ပိုင် ဌာနမှူး ဆရာဝန်ကြီး။ အစီအစဉ်တိုင်း ပြန်ပြောရရင် (၁) ဒေါက်တာ၊ (၂) Physician၊ (၃) Ward Incharge and Head of Department တို့ ဖြစ်တယ်။ နံပါတ် (၁) စမ်းသပ်ခ ၃၀၀ လောက် ယူတယ်။ (၂) က ၄၀၀-၅၀၀ လောက်ယူတယ်။ (၃) က ၅၀၀-၅၅၀ လောက်ယူတယ်။ နံပါတ် (၁) အစားက သိပ် အလုပ်မဖြစ်ကြဘူး။ ဈေးက သိပ်မကွာတော့ Physician ဆီ သွားကြတာများတယ်။ အဲဒီလို ဆေးခန်းထိုင်စားတာကို General Pratice (G.P) ထိုင်တယ်လို့ ခေါ်တယ်။ ဆရာဝန်အချင်းချင်း ကွဲကွာနေပြီး ပြန်တွေ့လို့ နှုတ်ဆက်တဲ့အခါ "ဘယ်မှာ ဂျီပီထိုင်လဲ"လို့ မေးတတ်တယ်။ တစ်ခါတစ်ခါ ဂျီပီတောင် မပါဘူး။ "ဘယ်မှာ

http://www.cherrythitsar.org



ထိုင်လဲ”တဲ့။ အင်္ဂလိပ်လို Sit ဆိုတဲ့ ဝေါဟာရကိုပဲ သုံးတယ်။ အဲဒီမှာ နံပါတ် (၃) အစားကတော့ ပညာဉာဏ်အမြင့်မားဆုံးပဲ။ သူတို့တတွေဟာ ပါမောက္ခတွေ ဖြစ်နေတာများတယ်။ အင်္ဂလိပ်လို Consultant Surgeon လို့ ခေါ်တယ်။ နောက်ပြီး ဓာတ်မှန် ပါရဂူ ဆရာဝန်ကြီးတွေ၊ အတိုင်ပင်ခံ ဆရာဝန်ကြီးတွေ၊ သားဖွားမီးယပ် ဆရာဝန်ကြီးတွေဟာ ပုံစံအမျိုးမျိုးနဲ့ ဆေးလောက,က အရာရှိကြီးတွေ ဖြစ်တယ်။ ဒါတွေ ဒီမှာပဲ ထားလိုက်တော့။ သူပြောချင်တာက ရိုးရိုးဆရာဝန် ဒေါက်တာတစ်ယောက် အကြောင်းပါ။ အဲဒီ ဆရာဝန်ဟာ အိန္ဒိယလူမျိုးဖြစ်တယ်။ မြန်မာစကားတတ်တယ်။ မြန်မာစာ မတတ်ဘူး။ အင်္ဂလိပ်စကားနဲ့ အင်္ဂလိပ်စာကို ကောင်းကောင်းတတ်တယ်။ ဒါပေမဲ့ မြန်မာစကားတတ်တဲ့၊ မြန်မာစာ တတ်တဲ့ မြန်မာတွေထဲက တချို့ဟာ စာတွေတော့ ရေးတာပဲ။ မလှဘူး။ မညက်ဘူး။ အဲဒီလိုပဲ  အဲဒီဆရာဝန် အင်္ဂလိပ်လိုပြောတာ၊ ရေးတာ မလှဘူး။ သူဟာ တစ်နေ့ကုန်၊ တစ်နေခန်း ဆေးခန်းတွေ လျှောက်ထိုင်ပေမယ့် သိပ်ပြီးမရရှာဘူး။ အသက်လည်း ကြီးပြီ။ သူနဲ့ အဲဒီဆရာဝန် သိပ်ခင်တယ်။ သူလို ရိုးရိုးဆရာဝန်ထဲမှာ တချို့ အလုပ်ဖြစ်နေတာနဲ့ပတ်သက်ပြီး မေးခွန်းတွေ၊ အင်တာဗျူးတွေ သူ လုပ်လာတယ်။

“ဟိုဒေါက်တာတွေ၊ ဟိုဘက်ဆေးခန်းက ဒေါက်တာမတွေကျတော့ သိပ်အလုပ်ဖြစ်တယ်။ ကျွန်တော့်ကျတော့ ဘာလို့ အလုပ်မဖြစ်သလဲ”

သူဟာ ဓာတ်ခွဲခန်းမှူးကို အမြဲတမ်းမေးတယ်။ ဓာတ်ခွဲခန်းမှူးကလည်း ဘာပြန်ပြောရမှန်း မသိဘူး။ တစ်ပတ် ဆယ်ရက်ကြာလာတဲ့ အခါအထိ အမေးကျွဲကျောင်း၊ အဖြေ ဘုရားလောင်း မဖြစ်သေးဘူး။

“ဆိုစမ်းပါဦး၊ သူတို့ဆီမှာ လူနာတွေဟာ ဆေး အလကား ပေး

http://www.cherrythitsar.org



သလို ဘာဖြစ်လို့ စုပြုံတိုးဝှေ့နေကြပြီးတော့ ကျွန်တော်ကျတော့ ဘာလို့ လူနာနည်းနေလဲ”

“မင်. . ကောင်းလို့နေမှာပေါ့”

သူ ကောက်ကာငင်ကာ ဖြေလိုက်တယ်။

“မင် ဟုတ်လား။ ကျွန်တော် လုံးဝ မသိဘူး။ ကျွန်တော့်ကို ရှင်းပြနိုင်မလား”

မဖြေလိုက်တာမှ ကောင်းဦးမယ်။ အခု သူရှင်းပြရတော့မယ်။ ဘယ်ကစ ရှင်းရမှန်းမသိ။ ဖောင်တိန်ခေတ် ကုန်သွားတော့ မင် ဆိုတာ တချို့ မသိတော့ဘူး။ ဒါမှမဟုတ် မရင်းနှီးတော့ဘူး။

“မင်ဆိုတာ စမတ်၊ ဖိုင်း၊ ဒီဇိုင်းလို့ ထင်ပါတယ်။ ဒါပေမဲ့ အဓိပ္ပာယ်တွေက တိကျမှာမဟုတ်ဘူး။ မင်ကို မင်လို့ တိုက်ရိုက်ဘာသာ ပြန်တာထက် တိတိကျကျ မရှိသေးဘူး”

နေ့စဉ်ပဲ မင်အကြောင်းကို ဓာတ်ခွဲခန်းမှူးကို ဆရာဝန်က မေး နေတတ်တယ်။

“မင်ဆိုတာ ဆိုရှယ်ဒီလင်းကောင်းတာ၊ ပြုံးပြီး ဆက်ဆံတာမျိုး ပေါ့”

နောက်တစ်နေ့. . ။

“မင်တာ လူတော်တာကို ပြောတာဖြစ်တယ်”

နောက်တစ်နေ့. . ။

“မင်ဆိုတာ ကြီးကျယ်မြင့်မြတ်ခြင်းကို ပြောတာဖြစ်တယ်”

ဆရာဝန်က သိပ် ဘဝင်မကျဘူး။ ဒါနဲ့ ကုလားတစ်ယောက်ကို ခေါ်ပြီး ကုလားလိုမေးတယ်။ ဆရာဝန်ဟာ ခေါင်းတဆတ်ဆတ်ညိတ် တယ်။ သင်းခယူး၊ သင်းခယူးတဲ့။ နောက်နေ့ကျတော့ ဆရာဝန်ဟာ နက်ခ်

http://www.cherrythitsar.org



တိုင်၊ ဘောင်းဘီ၊ ရှူးဖိနပ်နဲ့ ဆေးခန်းကို ကြွမြန်းလာတဲ့အခါ ဓာတ်ခွဲ ဆရာ အံ့ဩသွားတယ်။ အဲဒီနေ့ကျမှ ဆရာဝန်ဟာ လူနာတစ်ယောက်မှ မရဘူး။ ဓာတ်ခွဲခန်းမှူးဟာ တံခါးကို စောစောပိတ်ပြီး ပြန်ဖို့ စိတ်ကူး တယ်။ ဆရာဝန် သူ့ကို လာမကောခင် အသာလစ်မှ။ ဒါပေမယ့် မအောင် မြင်ဘူး။

"ခင်ဗျား မင် မကောင်းဘူး။ ဒီနေ့ လူနာတစ်ယောက်မှ မရဘူး" ဆိုပြီး ဆရာဝန်က ရန်တွေ့တာ ခံလိုက်ရတယ်။

❑ ❑ ❑

# ဂျပန်ပညာတော်သင် အိပ်မက်နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၃)

သူ့ဓာတ်ခွဲခန်း ဘဝတစ်လျှောက်လုံးမှာ ထင်ရှားတဲ့ အမှတ်အသားကလေးတွေကို သူ လွမ်းနေမိသေးတယ်။ သူ ပြုံးမိတယ်။ နောက်တော့ သူ တည်သွားပြီး မှုန်သွားတယ်။ ဘာလို့လဲဆိုတော့ တချို့က အပေါ်ယံ ရယ်စရာကောင်းတဲ့အဖြစ်အပျက်တွေဟာ နက်နက်နဲနဲ တွေးကြည့်တော့ ဆွေးစရာကောင်းနေပြန်ရော။ ချော်လဲတဲ့သူကို ဝိုင်းရယ်ကြသလိုမျိုးပေ့ါ။

အဲဒီတုန်းက ရန်ကုန်ဆေးရုံသစ်ကြီး ဖွင့်လှစ်ခါနီးမှာပေ့ါ။ ရန်ကုန်ဆေးရုံကြီးရဲ့ ရောဂါရှာဖွေ လေ့လာရေးဌာနမှာ အမှုထမ်းကြတဲ့ ဓာတ်ခွဲပညာရှင်တွေထဲမှာ ဗိုင်းရပ်စ်တစ်မျိုး ဝင်မွှေသွားခဲ့တယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် ၂ ခုလောက်ကလို့ ထင်ပါတယ်။ အဲဒီတုန်းက JIC ဂျိုက်ကာဆေးရုံ (နိုင်ငံတကာ ဂျပန်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့က ဆောက်လုပ်ပေးလို့ ခေါ်တာပါ) ဖွင့်ခါနီးအချိန်ပေ့ါ။

"အခု ဂျပန်က ဆောက်ပေးထားတဲ့ ဂျိုက်ကာ ဆေးရုံကြီးဖွင့်ရင်တို့ ဓာတ်ခွဲခန်းမှူးတွေအားလုံး ဂျပန်ပြည်ကို ပညာတော်သင်သွားကြရမယ်။ ဘာလို့လဲဆိုတော့ ဂျပန်ဆေးရုံမှာ ဂျပန်ပြည်က နောက်ဆုံးပေါ်

http://www.cherrythitsar.org



ကွန်ပျူတာ၊ အီလက်ထရွန်းနစ်တို့ချည်း တပ်ဆင်ထားမှာ။ နိုင်တီးဝန်တီး ကဟာတွေ ဘာမှ သုံးမှာမဟုတ်ဘူး”

ဘယ်သူက စတင်လိုက်တယ်ဆိုတာ သူ မမှတ်မိတော့ပေမယ့် အကြောင်းအရာတွေကို မှတ်မိနေတုန်း။ အသံလှိုင်းတွေကို မှတ်မိနေတုန်း။

“ကျွန်တော်တို့လို ဓာတ်ခွဲခန်းအကူတွေကော ပါနိုင်ပါ့မလား”

ဓာတ်ခွဲခန်းအကူတစ်ယောက်က မျက်နှာငယ်လေး (သို့မဟုတ်) မျှော်လင့်ချက်ကြီးကြီးနဲ့ ပြန်မေးလိုက်တာကို မှတ်မိနေတယ်။

“ဂျပန်ပြည်လုပ် ကိရိယာတွေ၊ အက်ပရေးတပ်စ်တွေ၊ မရှင်းတွေ ဆင်ထားမယ်ဆိုတော့ ဓာတ်ခွဲခန်းမှာရှိတဲ့ ဆေးကြောသုတ်သင်တဲ့ကောင် ကအစ ဆရာဝန်အဆုံး သွားကြရလိမ့်မယ်”

ပြန်ပြောတဲ့လူရဲ့စကားတွေကိုလည်း သူ မှတ်မိနေသေးတယ်။ အသံတွေလည်း အခုထက်ထိ သူ့နားက မထွက်သေးဘူး။ ကြားရစဉ်က သူ အယုံအကြည် သိပ်မရှိသေးဘူး။ သူကိုယ်တိုင် တစ်နေ့ဆယ်ကြိမ်ထက် မနည်း သတင်းကို ဖြန့်ဖြူးနေမိပြီး နောက်ပိုင်းမှာ သူ ယုံသွားတော့တယ်။ သူ့ဘာသာသူပြောလိုက်တဲ့ ဆင်ခြေဆင်လက်က ပိုပြီးတော့ သဘာဝကျ တယ်။ ပိုပြီးလှတယ်။ ဒီလိုနဲ့ သူ စိတ္တဇဆန်သွားတော့တယ်။ အသေအချာ ယုံသွားခဲ့တယ်။ အဲဒီလို ပုံစံမျိုးနဲ့ တခြား ဓာတ်ခွဲခန်းမှူးတွေလည်း ကိုယ် ကိုယ်တိုင် အကြိမ်ကြိမ်ပြော၊ ကိုယ်ကိုယ်တိုင် အတိအကျ ယုံကြည်သွား ကြတယ်။

“ကျွန်မတို့ မိန်းမ ဓာတ်ခွဲခန်းမှူးတွေကော သွားရမှာလား”

ဓာတ်ခွဲခန်းမှူး လင်မယားနှစ်ယောက်ရှိတဲ့အထဲက မိန်းမက ယောက်ျားကို မေးလိုက်တယ်။

http://www.cherrythitsar.org


"မိန်းမတွေတင် မဟုတ်ဘူး။ အခြောက်ရှိရင် အခြောက်ပါ သွားရမယ်။ တစ်ခုတော့ရှိတယ်။ ဟိုကျတော့ ဂျပန်ကောင်လေး ခပ်ချောချော မြင်ပြီး ငါ့ကို ပစ်မသွားပါနဲ့"

"စကားအကောင်းပြောနေ"

သတင်းအကောင်းစားကို သူ့အိမ်က ချစ်ဇနီးကို သူ ပြောပြလိုက်တယ်။ သူ့ဇနီးနှင့် သားသမီးတွေက တွေ့တဲ့လူတိုင်း လျှောက်ပြောလိုက်တာ သတင်းတွေ တော်တော်ဖောင်းပွသွားတော့တယ်"

တစ်နေ့တစ်နေ့ သူ့မိန်းမနဲ့ကလေးတွေက "မသွားရသေးဘူးလား"၊ "မသွားရသေးဘူးလား" နဲ့ တစ်မေးတည်း မေးနေတယ်။

ဟိုဘက်လမ်းက မိတ်ဆွေအမျိုးသမီးနဲ့ သူ တစ်နှစ်မှ သုံးလေးခါပဲ ဆုံတတ်တယ်။ တစ်ရက် လမ်းထိပ်မှာ ပက်ပင်းတိုးတယ်။

"ပြန်ရောက်ပြီလား"

". . ဗျာ. ."

"ဩော်. . ဂျပန်က ပြန်ရောက်ပြီလားလို့"

"မသွားရသေးဘူး။ နောက်လကုန်လောက်တော့ သွားရလိမ့်မယ် ထင်တယ်" တနင်္လာနေ့မှာ သူ အလုပ်ဆင်းတော့ လက်ထောက်ခေတ်ခွဲမှူးနှစ်ယောက် သူ့ကို ဗျူးကြတယ်။

"ခင်ဗျားတို့လို ခေတ်ခွဲမှူးကြီးတွေ သွားရမှာကတော့ သေချာတယ်။ ကျွန်တော်တို့လို လက်ထောက်တွေကျတော့ ပါပ့်မလားဆရာရယ်"

"ဟော့. . ဒီမှာ သေသေချာချာ နားထောင်စမ်း။ မောင်ရင်တို့က ခေတ်ခွဲတဲ့အလုပ်ကို မလုပ်ရတော့ဘူးတဲ့လား။ ဘာလဲ နောက်နေ့ကစပြီး လမ်းကြိတ်စက်သွားမောင်းကြတော့မှာလား။ ဒီမှာကြည့်စမ်း။ Tests တွေ လုပ်တဲ့လူတိုင်းသွားရမှာ"

http://www.cherrythitsar.org



လက်ထောက် ဓာတ်ခွဲခန်းမှူးနှစ်ယောက် ဝုန်းခနဲ ထခုန်လို့ သူတောင် လန့်သွားတယ်။ နောက်နေ့ကျတော့ အဲဒီ လက်ထောက်ဓာတ်ခွဲမှူးနှစ်ယောက် ဘောင်းဘီတွေဝတ်လာတာ တွေ့ရတယ်။ တစ်ယောက်ရဲ့ဘောင်းဘီက တော်တော်ကျပ်သလောက် နောက်တစ်ယောက်ရဲ့ဘောင်းဘီက တော်တော်ပွတယ်။ ဘောင်းဘီလဲဝတ်ဖို့ ကောင်းတဲ့အကြောင်း သူ အကြံပေးလိုက်တယ်။ အဲဒီနှစ်ယောက်ဟာ အဲဒီအချိန်က စပြီး ဘောင်းဘီဝတ်တာ ခုထိ မချွတ်တော့ဘူး။

"အခုကတည်းက ကျင့်ထားတာဗျ" တဲ့။

သူတို့ ဓာတ်ခွဲမှူးတွေထဲမှာ ဘာမဆို စိတ်မြန်လက်မြန် နိုင်လှပြီးတော့ ရင်ခုန်သံမြန်လွန်းတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ ဂျပန်စကားကို စသင်သူလည်း သူပဲဖြစ်တယ်။ မနက် မနက် ဂျပန်လို စ,နှုတ်ဆက်တာလည်း သူပါပဲ။

သူတို့တတွေ စားစားသွားသွား ဂျပန်ပြည်ပညာတော်သင်သွားရမည့်အကြောင်း ပြောမိကြတယ်။ သူကိုယ်တိုင်လည်း စာတွေ၊ ဝတ္ထုတွေ မရေးဖြစ်ဘူး။ ဗေဒင်ဆရာလုပ်တဲ့ ဓာတ်ခွဲမှူးကလည်း ဗေဒင်မတွက်တော့ဘူး။ သွားမေးတဲ့လူတစ်ယောက် လက်ချည်းပဲ ပြန်လာခဲ့ရတယ်။

"ကျွန်တော် ရပ်ထားတယ်ဗျ။ အလုပ်တွေများနေလို့။ ပြီးတော့ အကိုးအကားစာအုပ်တွေ ဘယ်ထားမိမှန်း မသိဘူး" တဲ့။

တစ်နေ့။ သူ ဓာတ်ခွဲခန်းထဲက အိပ်သာတက်ဖို့သွားတော့ အထဲမှာရှိနှင့်တဲ့လူက သီချင်းညည်းနေတာနဲ့ စောင့်နေရတယ်။

"ဂျပန်ပြည်သွားမယ်။ လိုက်ကြမလားကွယ်။ အရိကပ်တို့ ကိုဆိုင်းမတ်"

"ဟိတ်. . ဟိတ် ဂျပန်ပြည်သွားလည်း သွားပေ့ါ။ အခု ခဏ

http://www.cherrythitsar.org



လောက် ဖယ်ပေးပါဦး”

ဂျပန်ပြည်သတင်းဟာ နေ့စဉ် ကြားနေရာကနေ အဆင့်တစ်ဆင့် တိုးလာတယ်။ မနာလိုတဲ့လူလည်း ရှိတယ်။ ကွဲစောင်းစောင်းတွေ ဖြစ်နေလို့ ကြည့်မရတဲ့လူလည်း ရှိတယ်။

“သွားတာတော့ အားလုံးသွားရမှာပေါ့။ ဒါပေမဲ့ လုပ်သက်ရင့်တဲ့လူတွေ အရင်သွားရမယ်။ ခင်ဗျားပါတယ်”

သူ အတော်ပျော်သွားတာပေါ့။ “ပျော်လိုက်တာ” လို့ ပြောလိုက်တော့ ဟိုလာပြောတဲ့လူက “ပျော်ရုံနဲ့ မပြီးသေးဘူး။ လက်ဖက်ရည်တိုက်ဦးလေ” လို့ ပြောတယ်။ သူ လက်ဖက်ရည်တိုက်လိုက်တယ်။

အရေးထဲမှာ ဟို လက်ထောက်ဓာတ်ခွဲမှူးနှစ်ယောက်က သူ့ကို ပြောနေပြန်သေးတယ်။ “ကျွန်တော်တို့တော့ ရယ်ဒီပဲဗျ။ ဂျပန်စကားသင်ပြီးပြီ၊ ဂျပန် အစားအသောက်နဲ့လည်း ရင်းနှီးနေပြီ”

“ဆားဗစ်ရင့်တဲ့လူက အရင်သွားရမယ်ဆို ဒါဆို ခင်ဗျားပါတာပေါ့” သတင်းကောင်းလာပေးသူက သူ့ကို လက်ဖက်ရည် တိုက်ခိုင်းပြန်တယ်။

နှစ်ပတ်လောက်ကြာတော့ သူရယ်၊ သူ့သူငယ်ချင်း ကိုဝင်းမောင်ရယ် ထိုင်နေတုန်း တခြားဓာတ်ခွဲခန်းမှူးတစ်ယောက် ရောက်လာပြီးတော့ ပြောတယ်။ “ခင်ဗျားတို့နှစ်ယောက်နာမည်။ ရုံးချုပ်မှာ တွေ့ခဲ့တယ်။ လက်ဖက်ရည်လေးဘာလေး တိုက်ဖို့ကောင်းတယ်”လို့ ပြောတယ်။ ဒီတော့ သူက “ဂျပန်မကလို့ စကြဝဠာသွားရမယ်လို့ နာမည်တွေ့ရင်တောင် မတိုက်တော့ဘူး။ ပိုက်ဆံကုန်လှပြီ။ ပိုက်ဆံကုန်လှပြီ။ မိန်းမကလည်း မကြည်ဘူး။ ဂျပန်မသွားရရင် ကွာမယ်တဲ့။ နေရင်းထိုင်ရင်း အကုသိုလ် ဝင်တာပဲ။

❑ ❑ ❑

# သူငယ်ချင်းများနှင့် ဝိုင်းဖွဲ့စကားပြောခြင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၄)

ဓာတ်ခွဲခန်းရဲ့အနီးအပါးမှာ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ရှိတယ်။ သူကလည်း ဓာတ်ခွဲခန်းမှူးနဲ့ စာရေးဆရာ တစ်ချိန်တည်းဖြစ်နေတော့ အဲဒီ လက်ဖက်ရည်ဆိုင်ကလေးဟာ စာပေဝိုင်းတစ်ခု ဖြစ်နေခဲ့တာကြာပြီပေါ့။

ဓာတ်ခွဲစရာရှိလျှင် ပြေးခွဲလိုက်၊ ပြီးတဲ့အခါ ဝိုင်းထိုင် စကားပြောလိုက်နဲ့ နေ့စဉ်မှတ်တမ်းတွေဟာ တစ်နေ့နဲ့ တစ်နေ့ အတူတူပဲလို့ထင်ရတယ်။ အဲဒီစကားဝိုင်းမှာ မကြာခဏလာထိုင်တတ်တဲ့ စာပေသမားတွေကလည်း စရိုက်အမျိုးမျိုးပဲ။ တခြားနေရာတွေမှာတွေ့တတ်တဲ့ လူတွေလိုပါပဲ။ အတ္တဆန်တဲ့လူလည်းရှိ၊ အနစ်နာခံတဲ့လူလည်း ရှိပေါ့။ အနုပညာ အားကောင်းတဲ့လူလည်းရှိ၊ အားနည်းတဲ့လူလည်း ရှိပေါ့။ စာရေးဆရာနဲ့ ဓာတ်ခွဲခန်းမှူး တစ်ချိန်တည်း ဖြစ်နေတဲ့လူဟာ စာရေးဆရာတွေလည်း လူပဲဆိုတာ အတည်ပြုနေမိတယ်။ တစ်ခါတစ်ခါတော့ လူအမျိုးမျိုး

http://www.cherrythitsar.org



စိတ်ကတစ်မျိုးတည်း ထင်ရတဲ့အခါလည်းရှိတယ်။ တစ်ကြိမ်တစ်ကြိမ်မှာတော့ ရယ်စရာတွေပြောပြောပြီး ရယ်ကြတဲ့အခါ ပျော်စရာအကောင်းသား။ သူ နားလေးတာနဲ့ ပတ်သက်ပြီး ကမ္ဘာကျော် ဂီတပညာရှင်ကြီး ဘီသိုပင်အကြောင်း ရောက်သွားတဲ့အခါမျိုးမှာ သူက ဒီလိုပြောတယ်။

"ဘီသိုပင်ဟာ အသက်ကြီးမှ နားလေးလို့သာပေါ့။ မွေးကတည်းက နားလေးခဲ့ရင် သူဟာ ကမ္ဘာကျော် ဂီတသမားကြီး ဖြစ်လာမှာမဟုတ်ဘူး။ ဒီလိုပါပဲ။ အနုပညာသမားတစ်ယောက်ဟာ မွေးလာကတည်းက နားလေးနေတယ်ဆိုရင် သူ့ အနုပညာဖန်တီးမှုမှာ သိပ်ကို အားနည်းနေမှာပါ"

ကဗျာဆရာတစ်ယောက်က နားလေးနေတဲ့လူနှစ်ယောက် စကားပြောကြတာကို ရယ်စရာ ပြောနေပြန်တယ်။

"နား တစ်ဝက်တစ်ပျက် လေးနေတဲ့လူက တခြား နားသုံးပုံပုံနှစ်ပုံ လေးနေတဲ့လူကို ပြောတယ်။ 'ဘယ်လဲ ငါးသွားမျှားမလို့လား' လို့ မေးတယ်။ ဒီတော့ တစ်ဝက်တစ်ပျက် လေးနေတဲ့အကောင်က 'မဟုတ်ဘူး ငါးသွားမျှားမလို့' လို့ ပြန်ပြောတယ်။ ဒီတော့ တစ်ဝက်တစ်ပျက်လေးတဲ့အကောင်က "အော်. . ကျွန်တော်က ခင်ဗျား ငါးသွားမျှားမယ် အောက်မေ့လို့"တဲ့။

ခေတ်ခွဲမှူး စာရေးဆရာက သူ့မှာ နားလေးတဲ့လူတွေနဲ့ပတ်သက်လို့ ပြောစရာအကြောင်းအရာ မဆင်းရဲကြောင်း ထုတ်ကြွားပြန်တယ်။

တစ်နေ့က စာရေးဆရာကြီး ဦးနတ်နွယ်နဲ့ လမ်းမှာတွေ့တယ်။ သူ့နားမှာ နားကျပ်ကလေးတွေ့တော့ အရင်က သူ နားလေးနေသလား မသိဘူးဆိုတဲ့ ထင်ထားခဲ့တာ မှန်သွားတယ်။ တော်တော်လေးကောင်းတဲ့ နားကျပ်။ သေးသေးလေး။ ပက်ကျိလောက်ပဲ ရှိတယ်။ ခေတ်ခဲက နာရီ

http://www.cherrythitsar.org



ခါတ်ခဲပဲ ထည့်ရတယ်။ ဆံပင်ရှည် နားရွက်ဖုံးတဲ့လူဆိုရင် နားကျပ် တပ် ထားမှန်းတောင် သိရမှာ မဟုတ်ဘူး။ ဆရာနတ်က ပြောတယ်။ ဆရာကြီး ဦးရန်အောင်ဟာ သိပ်နားလေးတယ်တဲ့။ တစ်ရက်မှာ သူ့လိုပဲ နားလေး တဲ့ လူတစ်ယောက်ကို သူက အော်ပြောပေမယ့် ဟိုလူက ဘာမှ မကြားရ ဘူးဆိုတော့ ကဲ. . ကဲ. . ငါ့နားကျပ်ယူနားထောင်။ ဒီလို တပ်ရတယ်ကွ။ ကြားပြီလား။ ကြားပြီဆိုတော့ သူ ပြောစရာရှိတာ အားရအောင်ပြော တယ်။ ပြီးတော့ ငါတော့ ပြောပြီးပြီ။ မင်း ဘာပြောစရာရှိလည်း ဆိုတော့ ဟိုလူက ရင်ထဲရှိတာ သွန်ချတော့တာပေါ့။ ဆရာ ဦးရန်အောင်က ဟော့. . ဟော့. . နေဦး မှားနေပြီ။ ငါ ဘာမှမကြားရဘူး။ ငါ့နားကျပ် ပြန်ပေး"တဲ့။

စာပေသမား ပရိသတ်တွေက ရယ်နေကြတယ်။

"အဲဒီနေ့က စာရေးဆရာ ဦးမြတ်ဆွေလည်း ဆရာနတ် ဘေး နားမှာရှိတယ်။ နောက်နှစ်ရက်လောက်ကြာတော့ ဆရာနတ်နားကျပ်ကို လေ့လာဖို့ နွယ်နီမဂ္ဂဇင်းတိုက်ကိုသွားတယ်။ ဆရာနတ်ဆီက ငှားတပ် ကြည့်တယ်။ ဆရာနတ်က ပုံမှန်အသံနဲ့ပြောတော့ နားထဲမှာ အတော် ကျယ်လောင်နေတာနဲ့ တိုးတိုးပြောပါဆရာလို့ သူ ပြောတဲ့အခါ မဂ္ဂဇင်း တိုက်မှာရှိနေတဲ့ စာရေးဆရာတွေက ရယ်ကြတယ်။ တော်တော်အိုကေတဲ့ နားကျပ်ပဲဆိုပြီး ဆရာနတ်ကို ပြန်ပေးလိုက်တယ်။ ဆရာနတ်က ပုံမှန် အသံနဲ့ ဆက်ပြောတယ်။ ကျယ်ကျယ်ပြောလေ၊ မကြားရတော့ဘူးလို့ ကျွန်တော်က ပြန်ပြောလိုက်တာကို စာရေးဆရာတွေက ရယ်ကြပြန် တယ်။

နောက်တော့ ဘယ်လိုကနေ ဘယ်လို ရောက်သွားသလဲ မသိ ဘူး။

ပြောရေးဆိုခွင့်ရှိတဲ့ အကြောင်းအရာကို တကယ်တမ်း ပြော

http://www.cherrythitsar.org



ရေးဆိုခွင့်ရှိတဲ့ ပုဂ္ဂိုလ်က မပြောရဘဲ၊ မဆိုင်တဲ့လူက ဝင်ပြောနေလို့ သက်ဆိုင်တဲ့လူက မျက်နှာငယ်လေးနဲ့ ငုတ်တုတ်ထိုင်နေရတဲ့အကြောင်း ရောက်သွားတယ်။

"ဖိနပ်ချုပ်တဲ့လူက ပေါင်မုန့်ဝင်ဖုတ်ပြီး၊ ပေါင်မုန့်ဖုတ်တဲ့လူက ဖိနပ်ဝင်ချုပ်သလိုမျိုးပဲ။ ဖိနပ်ကလည်း လေးငါးလှမ်းလှမ်းရင် ပြတ်တယ်။ မုန့်စားမိတဲ့လူကလည်း အစာမကြေဖြစ်မယ်။ တစ်ခါတုန်းက မြို့စားမင်းတစ်ယောက် မောကြီးပန်းကြီးနဲ့ အိမ်ပြန်လာတဲ့အခါ သိက္ခာရဆရာတော်က သူ့ဇနီးကို လှမ်းနမ်းနေတာ လှမ်းတွေ့လိုက်တယ်တဲ့။ သူလည်း ကိုယ်ရှိန်သတ်ပြီး လသာဆောင်မှာ အများပြည်သူတွေ ငြိမ်းချမ်းပါစေကြောင်း တဖွဖွ ဆုတောင်းနေသတဲ့။ အဲဒီအချိန်မှာ သိက္ခာတော်ရဆရာတော် အခန်းထဲကထွက်လာတော့ သူ့ကိုတွေ့ပြီး အံ့ဩသွားသတဲ့။ "ဩော် . . ခင်ဗျား ရောက်နေမှကိုး။ ဘာလုပ်နေတာလဲ" လို့ မေးတယ်။ ဒီတော့ မြို့စားမင်းကြီးက "ခင်ဗျားက ကျွန်တော့်အလုပ် လုပ်နေတော့ ကျွန်တော်က ခင်ဗျားအလုပ်ကို လုပ်နေရတာပေါ့" လို့ ပြန်ပြောလိုက်သတဲ့။

အဲဒီလိုပြောလိုက်တာကို တခြားလူတွေက ရယ်ပေမယ့် ကဗျာဆရာကြီးတစ်ယောက်နဲ့ ဓာတ်ခွဲခန်းမှူးစာရေးဆရာတို့ဟာ မရယ်ကြဘူး။ ကဗျာဆရာကြီးကတော့ နားဝေးတတ်တယ်။ ဒုန်းဝေးတယ်လို့ ပြောမလား။ ဓာတ်ခွဲစာရေးဆရာက နားလေးလို့ ကောင်းကောင်းမကြားရလို့ မရယ်ဖြစ်ဘူး။ ပြီးတော့ သူ့အကြောင်းနဲ့သူ ရယ်လည်း မရယ်ချင်ဘူး။ ရယ်စရာကောင်းတယ်လည်း မထင်ဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်စလုံး သဲသဲကွဲကွဲ ကြားချင်၊ သိချင်တာနဲ့ ထပ်မေးတယ်။ ဒီဝိုင်းမှာ အဲဒီနေ့က ရှိတဲ့လူတွေကတော့ ဆရာကြီး မောင်လင်းယုန် (ရှမ်းပြည်)၊ စိုးမြင့်လတ်၊ မောင်

http://www.cherrythitsar.org



မောင်ဇေယျ၊ ပန်းကောက်တေးအဖွဲ့ခေါင်းဆောင် မောင်စန်းဝင့်၊ ကိုမိုး (ပျဉ်းမနား)၊ တောင်တွင်းယဉ်မင်းကြိုင်၊ ကိုသန်းအုန်း၊ မအိ၊ စာအုပ်တန်းက ကိုတင်မြင့်နဲ့ တခြားကဗျာဆရာကြီးငယ် သုံးလေးယောက်တို့ လည်း ရှိနေတယ်။

"ခင်ဗျားတို့နှစ်ယောက်ဟာ နဝေးနဲ့ နလေးတွေပဲ"လို့ စာရေးဆရာတစ်ယောက်က ပြောတော့၊ ဓာတ်ခွဲခန်းမှူးက "ဝ-ဆွဲပါသေးလား" လို့ အရေးတကြီး ပြန်မေးတယ်။

"မပါဘူး၊ ပါရင် နွားလေးနဲ့ နွားဝေး ဖြစ်ကုန်မှာပေါ့။ ဒီလိုလုပ်ကျွန်တော်တို့နှစ်ယောက်စီ ခင်ဗျားတို့ နဝေးနဲ့ နလေးနှစ်ယောက်ကို ဘာသာပြန်ဆရာ လုပ်ပေးမယ်"

"ကောင်းသားပဲ" လို့ ဓာတ်ခွဲခန်းမှူး စာရေးဆရာက ပြောလိုက်တယ်။

အဲဒီအချိန်ကစပြီးတော့ နဝေးနဲ့ နလေးကို ဝိုင်းထဲမှာ တစ်ယောက်က ပြောလိုက်တဲ့စကားကို ဘာသာပြန်ပေးကြတယ်။

"မစားသာဘူး။ မြန်မာစကားကို မြန်မာလို ဘာသာပြန်ပေးရတာ တော်တော်ခက်တာပဲ။ ဘယ်သူမှ ဘာမှ မပြောကြရင်ကောင်းမယ်"

ဘာသာပြန်ဆရာတစ်ယောက်က ပြောတယ်။ ဘာသာပြန်လုပ်တဲ့လူတွေဟာ ကြိုးစားပမ်းစားရှင်းပြရှာတယ်။ ပုဆိုးတွေကို ပေါင်အရင်းအထိ ဆွဲတင်ထားတာဆိုရင် ခါးတောင်းမကြိုက်ရုံတမယ်ပဲ ကျန်တော့တယ်။ နဝေးနဲ့ နလေးတို့ဟာ မတိုင်ပင်ထားဘဲနဲ့ မကြားချင်ယောင် နားမလည်ချင်ယောင်ဆောင်ဆောင်နေတော့ ပြောရတဲ့လူတွေက ပင်ပန်းတာပေါ့။

"တော်ပါပြီဗျာ။ အိုဘာအိုက်တင်တွေ ဖြစ်ကုန်ပြီ။ ကြားလျက်

http://www.cherrythitsar.org



သားနဲ့ မကြားချင်ယောင်ဆောင်နေပြီ။ လိပ်ခေါင်းထွက်တော့မယ်၊ တော်ပြီ”

ကျန်တဲ့လူတွေက ဝိုင်းရယ်ကြပေမယ့် ဓာတ်ခွဲခန်းမှူးက မရယ်ဘူး။ သူ့အတွေးထဲမှာတော့ ဒီနေ့ မိုးချုပ်ပြီ။ ဘာမှ အလုပ်မဖြစ်ဘူး။ အိတ်ထဲမှာလည်း ပိုက်ဆံမရှိဘူးဆိုတဲ့ သောက,က စိုးမိုးနေတာကိုး။ ပြီးတော့ ဒီနေ့ ရယ်စရာတွေကိုချည်း ဖောင်းပေးပြီး ပြောကြတဲ့အကြောင်းအရာတွေကလည်း ဘယ်မှာများ ရယ်စရာကောင်းလို့လဲ။ အဲဒီအချိန်မှာ ဆေးခန်းမှာခိုင်းထားတဲ့ ကောင်လေးက လာခေါ်တယ်။ ဆေးခန်းမှာ တစ်ကိုယ်လုံး သွေးစစ်ချင်တဲ့လူတစ်ယောက် ရောက်နေတယ်တဲ့။ HIV လည်း ပါတယ်တဲ့။ သူ အားရဝမ်းသာ ချက်ချင်းကောက်လိုက်သွားတယ်။ သူက လိုအပ်တာပဲ စစ်လိုက်ပါတယ်။ ဒါတောင် ၃၀၀၀ နီးပါးလောက် ရလိုက်တယ်။ သူ့အိတ်ထဲမှာ ပြည့်ဖောင်းလို့ပေါ့။ သူ ဝိုင်းကို ပြန်လာတဲ့အခါ သူ့မျက်နှာ ပြုံးရွှင်လို့ပေါ့။ သူ စဉ်းစားကြည့်တယ်။ တကယ်ဆိုတော့ ဒီနေ့ စာပေပညာရှင်တွေပြောတဲ့ ဟာသတွေဟာ အတော်ဟာသမြောက်တဲ့အကြောင်းအရာတွေပဲလို့ သူ သဘောပေါက်သွားပြီး တစ်ယောက်တည်း အော်ရယ်မိတယ်။

❑ ❑ ❑

http://www.cherrythitsar.org

# ဆိတ်သုဉ်းသွားသော အရာများအကြောင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၅)

ဟိုတုန်းက အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် အနာကြီးရောဂါ Leprosy အထူးကု ဆရာဝန်ကြီးတစ်ယောက် သူတို့ ဆေးခန်းမှာ ထိုင်ချင်တယ်။ ဆွေးနွေးချင်လို့ ချိန်းတယ်။ ချိန်းတဲ့အချိန် ဟာ နံနက် (၈) နာရီ။ သူ နံနက် (၇) နာရီမထိုးခင်ကတည်းက ဆေးခန်း ကို ရောက်သွားတယ်။ အခါတိုင်း ညနေပိုင်းမှာ ရှုပ်ယှက်ခတ်နေအောင် စည်ကားတဲ့ ရွှေဘုံသာလမ်းဟာ အခုတော့ သူ ဘာမှမဟုတ်သလိုပဲ ရှင်း နေတယ်။ ကြည့်ရတာ သိပ်အရသာ ရှိတယ်။ ရှုရတဲ့ လေကအစ သန့် ပြန့်နေတယ်။

ဒီလမ်းဟာ ဆေးခန်းလမ်းဖြစ်တယ်။ မြန်မာပြည်မှာ ဆေးခန်း တွေ အများဆုံးရှိတဲ့လမ်းပဲ။ နေ့လယ်ပိုင်းလောက်ရောက်လာပြီဆိုရင် ဓာတ်မှန်ဖလင်ပြား စိုစိုခြောက်ခြောက်တွေကိုင်သွားတဲ့ မြင်ကွင်းတွေ၊ ဝေဒနာအပြင်းအထန် ခံစားနေရတဲ့ လူတစ်ယောက်ကို လူ လေးငါး

http://www.cherrythitsar.org



ယောက်က ချီးပိုးသွားတဲ့ မြင်ကွင်းတွေ။ ဆေးဆိုင် တစ်ဆိုင်ပြီးတစ်ဆိုင် ရှားပါးဆေးတွေ လျှောက်စုံစမ်းနေတဲ့လူတွေ။ သူတို့ ဆရာဝန်တွေတော့ ရွေးချယ်ပြီးသား။ ဒါပေမယ့် ဘယ်ဆေးခန်းမှာထိုင်သလဲဆိုတာကို သိချင်လို့ ဆိုင်းဘုတ်လျှောက်ဖတ်တဲ့သူတွေ။ နောက်တစ်ခါ ဘယ်အထူးကု ဆရာဝန်ကြီး ကောင်းသလဲဆိုတာ ကြိုတင်သတ်မှတ်ချက်မရှိဘဲ ဒါမှ မဟုတ် နားမလည်လို့ လာစုံစမ်းတဲ့လူတွေ။ အဲဒီမြင်ကွင်းဟာ ဒီလမ်းရဲ့ နေ့စဉ်မှတ်တမ်းပဲပေါ့။

လာတုန်းက ဖောင်းနေတဲ့အိတ်တွေလည်း ပြန်တော့ ပိန်သွားတာမျိုးတွေ ရှိသလို၊ လာတုန်းက ပိန်နေတဲ့အိတ်တွေလည်း ပြန်သွားတော့ အလိုလို ဖောင်းသွားတာမျိုးလည်း ရှိပြန်တယ်။ ပြီးတော့ ဒီလမ်းဟာ ဆေးခန်းတွေ မှိုလိုပေါက်သလို၊ ရွှေဆိုင်တွေကလည်း တောထနေတာပဲ။ ဆေးခန်းအနေနဲ့ပြောရမယ်ဆိုရင် ရွှေဘုံသာလမ်းအထက်ပိုင်းဟာ အများဆုံးဖြစ်သလို၊ ရွှေဘုံသာလမ်း အောက်ပိုင်းဟာ ရွှေဆိုင်အများဆုံးပဲ။ ဒီလမ်းဟာ တော်တော် ထူးဆန်းတဲ့လမ်းပဲ။ ကွာဟမှုတွေ၊ ဆန့်ကျင်ဘက်တွေနဲ့ ဖွဲ့စည်းထားတယ်။

ဥပမာ လူနာမျက်နှာတွေနှင့် ရွှေလာဝယ်တဲ့လူတွေရဲ့မျက်နှာကို ယှဉ်ကြည့်ပါ။ ဒီလိုပါပဲ။ ဒီလမ်းထဲမှာ အချမ်းသာဆုံးလူတွေ ရှိသလို၊ အဆင်းရဲဆုံးလူတွေလည်း ရှိတယ်။ လူချမ်းသာရပ်ကွက်လို့လည်း ပြောလို့မရဘူး။ အဆင်းရဲဆုံးရပ်ကွက်လို့လည်း ပြောလို့မရဘူး။ နောက်ပြီးတော့ တစ်နေ့တစ်နေ့ သိန်းနဲ့ချီပြီး ရတဲ့လူတွေ ရှိသလို၊ ဆေးခန်းတွေ ပိတ်ချိန်မှာ သန့်ရှင်းရေးလာလုပ်တဲ့ တစ်နေ့ ငွေနှစ်ဆယ်လောက်ပဲ ရတဲ့ လူတွေလည်း ရှိတယ်။

ညနေ ညနေဆို အရမ်းစည်ကားတဲ့လမ်းပဲ။ ကားတွေဆိုလည်း

http://www.cherrythitsar.org



ပြိုင်ပွဲခင်းကျင်းပြသနေသလား အောက်မေ့ရတယ်။ ၄/ခ လင်းခရုဇာက အစ ၈/နံပါတ် ကားတွေအဆုံး ရှိတယ်။ လူတစ်ယောက် ဆယ်လှမ်း လောက်လှမ်းရင် ပျောက်သွားပြီ။ ရှာလို့ မတွေ့တော့ဘူး။ စည်ကားမှု အတူရှိနေတတ်တဲ့ အသံဗလံတွေကလည်း ဆူညံလို့ပေါ့။ အပေါ်လမ်း မှာဆို အရုပ်ဆိုင်တွေလည်းရှိတော့ အရုပ်ဝယ်ခိုင်းဖို့အစီအစဉ်နဲ့လာကြ တဲ့ ကလေးတွေတန်းလန်းနဲ့ မိဘတွေကိုလည်း တွေ့နိုင်သေးတယ်။

ကြည့်စမ်း။ အခုတော့ သူမဟုတ်သလို ငြိမ်သက်အေးချမ်းနေ တယ်။ ကမ်းနားအထိ ဒိုးယိုပေါက်မြင်ရတဲ့ မြင်ကွင်းဟာ လောဘတွေ ကင်းနေသလို ခံစားရတယ်။

ဆေးခန်းသော့ကိုင်တဲ့ကောင်လေး မရောက်သေးလို့ ဆေးခန်း ရှေ့မှာရပ်ပြီး ဓာတ်ခွဲခန်းမှူးဟာ လူသူကင်းမဲ့ခြင်းရဲ့အရသာကို ခံစားလို့ မဝခင်မှာဘဲ သတ်မှတ်ထားတဲ့အချိန်မှာ အစီအစဉ်ကို စ,ဖြစ်အောင် စ, မယ်ဆိုတဲ့ ခံယူချက်နဲ့ လူတွေ တဖွဲဖွဲရောက်လာ။ တံခါးဖွင့်သံတွေ တဒုန်းဒုန်းကြား။ နှုတ်ဆက်သံတွေ ဝေစည်လာတဲ့အချိန်မှာပဲ ဆရာဝန် ကြီး ရောက်လာတယ်။ ဆရာဝန်ကြီးနဲ့ သူနဲ့ စကားပြောဖြစ်တယ်။ ဆရာဝန်ကြီးထိုင်တဲ့ တခြားဆေးခန်းတစ်ခုကိုလည်း သူ ရောက်ဖူးတယ်။ ဆရာဝန်ကြီးဟာ သိပ်အလုပ်ဖြစ်ပုံမရဘူး။ သူသွားတိုင်း လူနာတစ် ယောက်မှ မတွေ့ဘူး။ ဆရာဝန်ကြီးဟာ အင်မတန်အေးဆေးတဲ့ ဆရာဝန် ကြီးပါ။ သဘောလည်း ကောင်းတယ်။ လူနာအပေါ် စေတနာလည်းထား တယ်။

"ဆရာတို့ အခုလို ကမ္ဘာပေါ်မှာ လက်ပရိုစီရောဂါတွေ ကွယ် ပျောက်သွားတော့ ဒီဘာသာရပ်အတွက် စပါယ်ရှယ်လိုက်စ် လုပ်ထားတဲ့ ဆရာဝန်ကြီးတွေ အလုပ်မဖြစ်တော့ဘူးပေါ့"

http://www.cherrythitsar.org



"မဖြစ်တော့လည်း ဝမ်းနည်းစရာ မရှိဘူး။ ကမ္ဘာပေါ်က ဒီရောဂါပျောက်သွားတာ ဝမ်းသာစရာပေါ့။ ဒီလို ပျောက်သွားအောင် ကျွန်တော် Leprosy Campaign မှာ လုပ်တုန်းက စနစ်တကျတက်တက်ကြွကြွ လုပ်ခဲ့တာပါ။ ဆေးခန်းမှာ အလုပ်မဖြစ်လည်း ကိစ္စမရှိဘူး။ ကျွန်တော့်သားသမီးတွေ အလုပ်တွေ ကိုယ်စီနဲ့ပါ။ ကျွန်တော်က ကျွန်တော်တို့ အဘိုးကြီး၊ အဘွားကြီးတွေ လက်ဖြန့်မတောင်းချင်လို့ သက်သက်လာထိုင်တာပါ"

"အခု ဆရာ ဆေးခန်းလာထိုင်တော့ ဘယ်လို လူနာမျိုးလာတတ်လဲ"

"ဆိုင်းဘုတ်မှာ အရေပြားရောဂါအထူးကုတပ်ထားတော့ ယားနာပေါက်နေတဲ့လူနာတွေ၊ ဝဲနှင်းခူသမားတွေ၊ Fungus စွဲနေတဲ့ လူတွေကို ကုရတယ်ဗျ။ ပြီးတော့ Leprosy လူနာအသစ် မရှိတော့ပေမယ့် ဟိုတုန်းက အဟောင်းတွေကို ကြည့်ပေးရတာပေါ့။ ရှားတော့ ရှားပါတယ်"

"ကျွန်တော် မှန်ဘီလူးအောက်မှာ Leprosy ပိုးနဲ့ တီဘီပိုး Tuberculosis bacilli တို့ကို ယှဉ်ကြည့်ဖူးတယ်။ ပုံသဏ္ဍာန်အတော်တူတာပဲ"

"တူဆို သူတို့ကို ညီအစ်ကိုလို့တောင် တချို့က ပြောကြတာပဲ"

"ဒီလိုဆိုရင် အနာကြီးရောဂါကျတော့ ပျောက်အောင်ကုနိုင်ပြီးတော့ တီဘီရောဂါကျ ဘာလို့ ဆိတ်သုဉ်းသွားအောင် မလုပ်နိုင်တာလဲ"

"သေသေချာချာ ပြည့်ပြည့်စုံစုံ တက်တက်ကြွကြွလုပ်ရင် ဆိတ်သုဉ်းသွားနိုင်ပါတယ်"

"တစ်နေ့နေ့မှာ ကမ္ဘာပေါ်မှာ တီဘီရောဂါ ဆိတ်သုဉ်းသွားနိုင်လား ဆရာ"

http://www.cherrythitsar.org



"ဆိတ်သုဉ်းသွားနိုင်ပါတယ်"

"လက်ပရိုစီလို့ ခေါ်တဲ့ အနူရောဂါဟာ အလွန် အစွမ်းထက်တဲ့ Lepramycin ဆေး တစ်မျိုးကြောင့် အခုလို ဇာတ်သိမ်းသွားတာဆို"

"ကျွန်တော်တို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ တခြားဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းတွေက ကုဌနူနာကာကွယ်ဆေးကို စမ်းသပ်ပြီး ထုတ်လုပ်ခဲ့တယ်။ အဲဒီဆေးဟာ သိပ် အစွမ်းထက်တယ်။ ဒါပေမဲ့ အဲဒီဆေးတောင် ထုတ်မသုံးလိုက်ရဘူး။ ပက်ကင်တောင် မဖွင့်ရသေးဘူး။ Leprosy ဟာ ပွဲသိမ်းသွားတယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ တီဘီကာကွယ်ဆေး ဘီစီဂျီပေါ့ဗျာ။ အဲဒီ တီဘီကာကွယ်ဆေးက အလိုအလျောက် လက်ပရိုစီကာကွယ်ဆေး ဖြစ်နေတယ်။ နိုင်ငံတိုင်းမှာ မွေးကင်းစကလေးတွေကို ဆုံဆို့နာ၊ ကြက်ညှာ တီဘီကာကွယ်ဆေးတွေ ထိုးပေးထားတော့ လက်ပရိုစီလည်း အလိုလို ကာကွယ်ပြီးသား ဖြစ်တာပေါ့။ နောက်ပြီးတော့ ဒီကောင်က ကူးစက်ခဲတယ်။ အနူယောက်ျားနဲ့ အနူမိန်းမကမွေးတဲ့ ကလေးကို သတ်သတ်သွားထားရင် မနူဘူး။ သူက မျိုးရိုးလိုက်တဲ့ရောဂါမဟုတ်ဘူး"

ဆရာဝန်ကြီးနှင့် သူ စကားထိုင်ပြောနေတာဟာ (၂) နာရီနီးပါး ရှိပေမယ့် လူနာတစ်ယောက်မှ လာတာမတွေ့ဘူး။ ဘွဲ့လွန် အနာကြီးရောဂါဆရာဝန်ကြီးဟာ ငုတ်တုတ်ပဲ။

ခေတ်ခွဲခန်းမှူးဟာ သူ့သူငယ်ချင်းတစ်ယောက်ကို ဆရာဝန်ကြီးကို စာနာကြောင်း ပြောပြနေမိတယ်။ ဒီတော့ ကျောင်းနေဘက် သူငယ်ချင်း ဂီတစာဆိုက ပြန်ပြောပြတယ်။

"ဟိုတုန်းက မြန်မာနိုင်ငံမှာ ခေတ်ပြားခုတ်လို့ မရဘူး။ Stu-

http://www.cherrythitsar.org



dio မှာ သွင်းလိုရာသွင်းပြီး အိန္ဒိယကိုပို့ပြီးတော့ ဓာတ်ပြားခုတ်ရတယ်။ ဒီမှာ ဦးခင်မောင်ဦး မြန်မာ့အသံ အင်ဂျင်နီယာနဲ့ အပေါင်းအပါတွေက စပ်တူ ဓာတ်ပြားခုတ်စက်တစ်ခု တည်ထောင်လိုက်တယ်။ နည်းပညာရပြီး ရှိစုမဲ့စုငွေနဲ့ပေ့ါ။ အဲဒီအချိန်မှာ တိတ်ရီကော်ဒါ၊ တိတ်ခွေစက်တွေ ပေါ်လာပြီး တိတ်ခွေစနစ်သာ သုံးလာကြလို့ ဓာတ်ပြားခေတ် ကုန်သွားခဲ့တယ်။ ဓာတ်ပြားတွေ ရင်ထုမနာပေ့ါ။ ဒီလိုပဲ ၁၉၆၀-ခုနှစ် ပတ်ဝန်းကျင်မှာ နိုင်လွန်စက်တွေ တည်ထောင်လိုက်ကြတယ်။ ဘဲလိုဖတ်တို့ တက်ထရွန်တို့ ပေါ်လာပြီး နိုင်လွန်ခေတ် ကုန်သွားတယ်။ အဆင်မပြေပုံတွေများ ပြောပါတယ်။ ဒီလိုပါပဲ မင်အိုးစက်ရုံတွေ၊ ဖောင်တိန်စက်တွေ၊ အိပ်မက်တွေကိုယ်စီနဲ့ တည်ထောင်ပြီးကာစရှိသေး။ Ball Pen ဘောလ်ပင်တွေ ပေါ်လာတော့ ရင်ကျိုးခဲ့ရတဲ့လူတွေလည်း မနည်းဘူး”

ဓာတ်ခွဲခန်းမှူးနဲ့ ဂီတစာဆို သူငယ်ချင်းတို့ စကားကောင်းတုန်း တခြားဓာတ်ခွဲခန်းမှူးတစ်ယောက် အထုပ်အပိုးတွေ မနိုင့်တနိုင် သယ်လာတာတွေ့လို့ ဘာတွေလဲလို့ သူ မေးလိုက်တယ်။

“HIV စမ်းတဲ့ Spot Test တွေကွ”

“များလှချည်လား။ တော်ကြာ အေအိုင်ဒီအက်စ် ဆိတ်သုဉ်းသွားရင် မင်းဟာတွေ အဖတ်တင်ကုန်မှာစိုးလို့။ ငါတို့ အဲဒီအကြောင်း ပြောနေတာ”

“ဘာလဲ အေအိုင်ဒီအက်စ်ရောဂါတွေ ဆိတ်သုဉ်းတော့မလား”

“ရပါတယ်။ ချက်ချင်းတော့ မဆိတ်သုဉ်းသေးပါဘူး။ လကုန်အထိခံမှာပါ”

“သေချင်းဆိုး။ ငါက စကားအကောင်းပြောတယ် အောက်မေ့လို့”

❑ ❑ ❑

# ဆေးပညာရှင်များ စာပေလိုက်စားကြခြင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၆)

ဒီလမ်းမှာ သူ ကျင်လည်ကျက်စားခဲ့တာ အတော်ကြာပြီ။ မိုးလင်းတာနဲ့ မြက်ခင်းစိမ်းစိမ်းတွေဆီ ရောက်သွားတဲ့ နွားတစ်ကောင်လိုပဲ သူလည်း မိုးလင်းတာနဲ့ ဒီလမ်းထဲရောက်လာတယ်။ ဒီလမ်းနဲ့ သူနဲ့ဟာ လင်မယားလို ဖြစ်နေပြီ။ ဘယ်သူကလင်၊ ဘယ်သူက မယားလဲဆိုတာ သူ မသိဘူး။ သူ သိတာကတော့ ဒီလမ်းထဲမှာ သူရှိနေတဲ့အချိန်တွေဟာ သူ အိမ်မှာရှိတဲ့ အချိန်ထက် ပိုတယ်။ နောက်ပြီးတော့ ဘယ်ရက်တွေဟာ အလုပ်အကိုင်ကောင်းတယ်။ ဘယ်ရက်တွေဟာ အလုပ်အကိုင် မကောင်းဘူးဆိုတာ သူ မှတ်မိနေတယ်။

ဒီလို ကြုံတွေ့ရတာ သူတစ်ယောက်တည်း မဟုတ်ဘူး။

ဆေးခန်းရှေ့က ဆေးဆိုင်၊ မျက်မှန်ဆိုင်နဲ့ ဆရာဝန်တွေလည်း ပါတယ်။ တစ်နေ့ ဆရာဝန်တစ်ယောက်နဲ့ သူ စကားပြောဖြစ်တယ်။ အကြောင်းအရာက အလုပ်အကိုင် အနေအထားနဲ့ ဝင်ငွေအကြောင်းပေါ့။

http://www.cherrythitsar.org



ဒီတော့ ဓာတ်ခွဲခန်းမှူးက ဘာပြောသလဲဆိုရင်-

“ကျွန်တော်တို့အလုပ်ဟာ လူတွေများများ ဖျားနေပါစေလို့ ဆုတောင်းလို့ မကောင်းတဲ့အလုပ် ဖြစ်နေတယ်။ တကယ်တော့ ဝင်ငွေကောင်းပါစေလို့ ဆုတောင်းနေတာဟာ လူတွေ များများဖျားနာ ဒုက္ခရောက်ပါစေဆိုတဲ့ သဘောမျိုး ဖြစ်နေတာပေါ့”

ဆရာဝန်က သူ့ကို ချက်ချင်း ပြန်ချေပတယ်။

“ကျွန်တော်ကတော့ လူတွေ ဖျားနာအောင် ဆုမတောင်းဘူး။ သူ့ဘာသာသူ ဖျားနာနေတဲ့သူတွေသာ ကျွန်တော့်ဆေးခန်းကို ရောက်လာပါစေလို့ ဆုတောင်းတယ်”

ဓာတ်ခွဲခန်းမှူးဟာ သူ့ဆေးခန်းအကြောင်း စဉ်းစားနေမိတယ်။ ဟိုတုန်းကဆိုရင် သူတို့ဆေးခန်းမှာ ဆရာဝန်တွေ အတော်စုံတယ်။ ပါမောက္ခတွေ၊ လူနာအဆောင်ပိုင် ဆရာဝန်ကြီးတွေ၊ နာမည်ကျော် သားဖွားမီးယပ် ပါရဂူကြီးတွေ၊ နာမည်ကြီး သမားတော်ကြီးတွေအထိ ရှိဖူးတယ်။ ရှိဖူးတယ်ဆိုတဲ့ စကားက အခု မရှိတော့ဘူးဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဟုတ်တယ်။ ဘယ်သူမှ မရှိတော့ဘူး။ ရိုးရိုးဆရာဝန် တစ်ယောက်၊ နှစ်ယောက်ပဲ ရှိတော့တယ်။ သူတို့နှစ်ယောက် ခရီးထွက်တဲ့အခါ၊ နေမကောင်းတဲ့အခါ ဆေးခန်းမှာ ဆရာဝန်တစ်ယောက်မှ မရှိတော့ဘဲ မြန်မာတိုင်းရင်းဆေးဆရာကြီးတွေပဲ ရှိတော့တယ်။ ဓာတ်ခွဲခန်းမှူးဟာ မြန်မာတိုင်းရင်းဆေး ဆေးဆရာတွေနဲ့ အပြင်က ဆရာဝန်တွေကို အားထားလာရတော့တယ်။

ဒါပေမဲ့ သိပ်မကြာဘူး။

အခြေအနေကောင်းလာမယ့် အရိပ်အရောင်တွေ ပေါ်လာတယ်။

http://www.cherrythitsar.org



ဟိုတုန်းက သူတို့ဆေးခန်းမှာ ထိုင်ဖူးတဲ့ သားဖွားမီးယပ်ဆရာဝန်မကြီးတစ်ယောက် နိုင်ငံခြားကပြန်ရောက်လာပြီး သူတို့ဆေးခန်းမှာ ပြန်ထိုင်တော့မယ်တဲ့။

နောက်ပြီးတော့ တခြား အထူးကုသမားတော် ဆရာဝန်မကြီး တစ်ယောက်လည်း သူတို့ဆေးခန်းမှာ ပြန်ထိုင်တော့မယ်တဲ့။

ဒီသတင်းတွေ ရှူရှိုက်ပြီး ခါတ်ခွဲခန်းမှူးဟာ အလွန် ပီတိဖြစ်ပြီး ကျေနပ်အားရနေမိတယ်။ သူ ခါတ်တွေ တစ်ခုပြီးတစ်ခု မနားတမ်းခွဲရတော့မှာကိုး။ ဝင်ငွေတွေတိုးပြီး သားဝဝ၊ မယားဝဝ ကျွေးနိုင်တော့မှာကိုး။ ဩော်. . ခါတ်ခွဲခန်းမှူး၊ ခါတ်ခွဲခန်းမှူး၊ ခါတ်ခွဲခန်းမှူး။

သူဟာ သူ့ ခါတ်ခွဲခန်းမှူးဘဝကို ပီတိနဲ့ ခွဲခြမ်းစိတ်ဖြာနေမိတယ်။

တစ်ခါတုန်းက သူတို့ ခါတ်ခွဲခန်းမှူးတွေ နေ့လယ်ဘက် ဗိုလ်ချုပ်ဈေးမှာ ပစ္စည်းသွားဝယ်ကြတယ်။ သမဝါယမ ဆိုင်မှာပေါ့။ တန်းစီတိုးစားတဲ့ ခေတ်ကပေါ့။ ပစ္စည်းတစ်ခုကို ရောင်းဖို့ မန်နေဂျာကိုပြောတော့ မန်နေဂျာက ဘယ်ဌာနကပါလည်းလို့ မေးတယ်။ သူတို့ ပြန်ဖြေလိုက်သံကိုကြားတော့ မန်နေဂျာက ရှောရှောရှူရှူပဲ ရောင်းပေးတယ်။ မန်နေဂျာ စာရင်းသွင်းတာကို လှမ်းကြည့်လိုက်တော့ သူတို့ ပြုံးမိတယ်။ နားကြားလွဲသွားပြီ။

ဆရာဝန်မကြီးတွေရောက်လာတဲ့အခါ ဆေးခန်းဟာ ချက်ချင်းခမ်းနားသွားတယ်။ သူတို့ ဆိုင်းဘုတ်တွေနဲ့ ဟပ်သွားတာကိုး။ ဒီဆရာဝန်မကြီးတွေဟာ ငွေရဖို့ စီးပွားတိုးဖို့ လာထိုင်တာမဟုတ်ဘဲ ခင်မင်ရာ ခင်မင်ကြောင်း၊ ပတ်သက်ရာ ပတ်သက်ကြောင်းတွေနဲ့ လာထိုင်ကြတာပါ။ ခါတ်ခွဲခန်းမှူးရေးတဲ့ဝတ္ထုတွေကိုလည်း သူတို့ဖတ်ဖူးကြပြီး အပြန်အလှန်

http://www.cherrythitsar.org



လေးစားမှု ရှိကြတယ်။

သူတို့တွေ ရောက်လာတဲ့အခါ ဆေးခန်းဟာ နည်းနည်းတော့ သက်ဝင်လှုပ်ရှားလာပေမယ့် ထင်သလောက် မဟုတ်ဘူး။ သူတို့တတွေ ကလည်း ဘာလောဘရမ္မက်မှ ရှိပုံမရဘူး။ လာရင် ကုမယ်၊ မလာရင် မကုဘူး။ သူတို့ဟာ အခန်းထဲမှာ တံခါးကိုစေ့ပြီး စာမေးပွဲဖြေဖို့လား၊ သီးစစ်အတွက်လား မသိဘူး။ အားကျိုးမာန်တက် တကုန်းကုန်းနဲ့ ရေးနေ လိုက်တာ စာရွက်တွေ ပလူပျံနေတာပဲ သေချာပါတယ်။ သူတို့ဟာ အခု ထက်မြင့်မားတဲ့ ဆေးပညာစာမေးပွဲတစ်ခုကိုဖြေဖို့ အားလုံးကို မေ့ချန်ထား ပြီး သင်အံကျက်မှတ်နေတာ ဖြစ်မှာပါ။ စာတွေကျက်မှတ်ရတာ အတော် ခက်ပုံတော့ ရတယ်။ သူတို့တွေဟာ စာကအရေးကြီးနေလို့ လူနာမလာ တာကိုတောင် ပိုပြီး ကြိုက်နေတဲ့ပုံပဲ။

ဒါနဲ့ သူ ပထမတစ်ယောက်နား ကပ်သွားပြီး မရဲတရဲ စပ်စုလိုက် တယ်။ သီးစစ်တော့ ဖြေတော့မလားပေါ့။

"မဟုတ်ဘူး။ ကျွန်မ ဝတ္ထုရေးနေတာ၊ မဂ္ဂဇင်းတိုက်က တောင်း လို့"

"ဩော် . . ဟုတ်လား"

သူ အံ့ဩသွားတယ်။ ဒုတိယတစ်ယောက်စီ သူ ချဉ်းကပ်ပြီး မေးမလို့လုပ်တော့ "ကျွန်မရေးထားတဲ့ဆောင်းပါးကို ဖတ်ကြည့်ပါဦး။ ဖတ်ပြီးရင် သင့်တော်တဲ့မဂ္ဂဇင်းကို ပို့ပေးဖို့ မေတ္တာရပ်ခံပါတယ်တဲ့"

ဘဲရီးဂွတ်ပေါ့။ မြန်မာနိုင်ငံမှာ စာရေးဆရာမတွေ တိုးလာတာ ကောင်းပါတယ်။ အစကတည်းက ဒီဆေးခန်းမှာ မျက်မှန်ရောင်းတဲ့ ကဗျာ ဆရာတစ်ယောက်၊ ပေဒင်တွက်တဲ့ ကဗျာဆရာမတစ်ယောက်၊ ဆရာဝန် စာရေးဆရာမတစ်ယောက်နဲ့ ဓာတ်ခွဲခန်းမှူး စာရေးဆရာတစ်ယောက်တို့

http://www.cherrythitsar.org



ရှိပြီးသားပဲ မဟုတ်လား။

တစ်နေ့သားမှာတော့ မလှမ်းမကမ်းမှာရှိတဲ့ ပလက်ဖောင်း လက်ဖက်ရည်ဆိုင်ကို သူသွားခါနီးမှာ ဆေးခန်းစောင့်တဲ့ကောင်လေးကို သူ မှာထားခဲ့တယ်။

"လူနာလာရင် ငါ့ကိုလာခေါ် နော်။ ခါတိုင်းလိုပေါ့ မင်းကို မုန့်ဖိုး ပေးပါ့မယ်"

"လာခေါ်ပါ့မယ် ဆရာ၊ မုန့်ဖိုးက ကိစ္စမရှိပါဘူး"

အဲဒီလို မှာထားလျက်နဲ့ လူနာတစ်ယောက် သွေးစစ်မလို့ဥစ္စာ၊ ဓာတ်ခွဲခန်းမှူးကို ရှာမတွေ့လို့ ပြန်သွားတယ်ဆိုတဲ့သတင်း ထွက်လာ တယ်။ ကောင်းရော။ ဒါနဲ့ ဓာတ်ခွဲခန်းမှူးဟာ သေသေချာချာ မှာထား သားနဲ့ လာမခေါ်ရကောင်းလားဆိုပြီး ရန်တွေ့ဖို့ ဟိုအစောင့်ကောင်လေး ကိုရှာတော့ အခန်းတစ်ခန်းထဲမှာ တကုန်းကုန်းနဲ့ ဘာတွေရေးနေမှန်း မသိတဲ့ ကောင်လေးကို တွေ့တယ်။

"မင်းကွာ. . သေသေချာချာ မှာထားရက်နဲ့"

"ဆောရီး ဆရာ၊ ကျွန်တော် ဒီမှာ ဖီလင်လာတုန်း ရေးရတာ"

"ဘာတွေ ရေးနေတာလဲ၊ လာခေါ်ရင် ပိုက်ဆံပေးမယ်လို့ ပြော ထားသားနဲ့"

"ပိုက်ဆံက အရေးမကြီးဘူး။ ကဗျာစပ်နေတာပါ။ ကျွန်တော့် ဦးလေးဟာ ပျဉ်းမနားက နာမည်ကြီး ကဗျာဆရာတစ်ယောက်ပါ"

ဟော. . ဘဲရီးဂွတ်။

❑ ❑ ❑

# ကျူစီနောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၇)

တစ်နေ့မှာ ဓာတ်ခွဲခန်းမှူးဟာ ကျူစီအကြောင်း လူနာကို ရှင်းပြနေတယ်။

Haemoglobin ဟေမိုဂလိုဘင် ဆိုတာ သံဓာတ်ကိုခေါ်တယ်။ အတိုကောက် Hb လို့ ရေးတာပေါ့။ ဒါက လူတိုင်းမှာရှိတယ်။ လူတိုင်းနဲ့ ပတ်သက်တယ်။ ဒါပေမဲ့ Haemoglobin Percentage (အတိုကောက် Hb %) အိပ်ချ်ဘီ ပါစင့်ဆိုရင် ဓာတ်ခွဲခန်းမှူးနဲ့ ဆိုင်သွားပြီ။ သွေးတွေဟာ ယေဘုယျအားဖြင့် အနီရောင်သာဖြစ်တယ်ဆိုပေမယ့် ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲကြည့်တဲ့အခါ အနု၊ အရင့် ရှိတယ်။ ရဲစွေးတာ၊ ဖျော့တော့တာတွေ ရှိတယ်။ ဒါကြောင့်မို့ တို့သွေးက ရဲတယ်ဆိုတဲ့စကားဟာ သံဓာတ်ပြည့်တယ်၊ သတ္တိရှိတယ်၊ သူရဲဘော မကြောင်ဘူးဆိုတဲ့ အဓိပ္ပာယ်မို့ လှပြီးသားပဲပေါ့။

လူနာတချို့ဟာ သွေးအားနည်းတယ်လို့ သုံးနှုန်းတတ်ကြတယ်။ သွေးအားနည်းတယ်ဆိုတာ (၂) မျိုးရှိတယ်။ သွေးအရောင် ဖျော့တာနဲ့

http://www.cherrythitsar.org



သွေးပေါင်ချိန် ကျတာဆိုပြီး ရှိတယ်။ သွေးပေါင်ချိန် ကျတာကတော့ ဆရာဝန်နဲ့ ပတ်သက်တယ်။ သွေးအရောင် ဖျော့တော့တာတော့ ဓာတ်ခွဲခန်းမှူးနဲ့ပဲ ဆိုင်တယ်။

သွေးအရောင် ဖျော့တဲ့ရောဂါကို Anaemia အနီးမီးယားလို့ ခေါ်တယ်။ ဆေးလောကမှာ အခိုင်အမာ သမ္ဘာရင့်ရင့်နဲ့ အထင်အရှား ရပ်တည်နေတဲ့ ရောဂါတစ်ခုပဲပေါ့။ ဟိုတုန်းကတော့ သူနာပြုဆရာမလေးကို ဓာတ်ခွဲခန်းမှူး ကောင်ကလေးက "ဟော့ . . တို့အချစ်က အနီးမီးယား မဖြစ်ဘူး။ အရောင်မဖျော့ဘူး" ဆိုပြီး ရည်းစားစကားပြောတာ ကြားဖူးတယ်။ တင်စားပြောကြတာပေါ့။ ဆေးရုံတွေမှာ ဆေးဘက်ပညာရှင်တွေဟာ သူတို့နဲ့နီးစပ်တဲ့ပတ်ဝန်းကျင်က ဝေါဟာရတွေကို ဆွဲသုံးပြီးတော့ သိဂ်ီရ ရသပေါ်အောင် အလင်္ကာဖွဲ့ခြင်း ဖြစ်တာပေါ့။

ပြီးတော့ သူနာပြုဆရာမလေးကို ဓာတ်ခွဲခန်းမှူး ကောင်လေးက ဘယ်လို ရည်းစားစကားပြောသလဲဆိုရင် "မင်းဟာ တကယ်ပါ ဘီတွဲလ်ပါပဲ"တဲ့။ ဘီတွဲလ်ထိုးဆေးရည်ဟာ သိပ်လှတယ်။ ပန်းရောင် လက်လက်လင်းလင်း အရောင်ပေါ့။ ဓာတ်ခွဲခန်းမှူး ကောင်လေးက ကိုယ်ကတော့ အင်ဖရွန်ပါပဲလို့ အားငယ်သံနဲ့ပြောတယ်။ အင်ဖရွန်က အရုပ်ဆိုးတယ်လေ။ သံချေးရောင် ရင့်ရင့်မည်းမည်း။

နောက်တစ်မျိုးရှိသေးတယ်။

ဆလူကော့တက်နဲ့ အောက်စီဂျင်ဆလင်ဒါ။

ဆလူကော့တက်ဆိုတဲ့ အသက်ကယ်ထိုးဆေးပုလင်းဟာ ခါးသေးရင်ချီ အချိုးအစားကျတဲ့ မိန်းမသားတစ်ယောက်ရဲ့ ကိုယ်လုံးလေးလိုပဲ။ အောက်စီဂျင်ဘူးကျတော့ တဖြောင့်တည်း။ မလှဘူး။ အဲဒါကို ဆေးရုံတွေမှာ လူလစ်ပြီဆို ဆေးဘက်ပညာကောင်လေးက သူနာပြု

http://www.cherrythitsar.org



ဆရာမ ဒါမှမဟုတ် ဆေးဘက်ပညာသည် ကောင်မလေးကို "မင်းရဲ့ ကိုယ်လုံးလေးဟာ ဆလူကော့တက်ရှိတ်ပါပဲ" တဲ့။

ဓာတ်ခွဲခန်းမှာ ဆီးဝမ်းသွေးသလိပ်တွေကိုဓာတ်ခွဲပြီး အဖြေ ထုတ်တာကို Report ရီပို့ထုတ်တယ်လို့ ခေါ်တယ်။ အဖြေ ကောင်း၊ မကောင်းသိရအောင် ဓာတ်ခွဲခန်းမှူးက သူ့အဖြေမှာ ပုံမှန်ရှိရမယ့် အနေ အထားကို အဖြေရဲ့အောက်မှာ ထည့်ရေးပေးရတယ်။ ဒါဟာ ကွန်ပျူတာ ဓာတ်ခွဲခန်း၊ ရိုးရိုးဓာတ်ခွဲခန်းနဲ့ တစ်ကမ္ဘာလုံးလိုက်နာရမယ့် ရောဂါရှာ ဖွေရေးအဖြေရဲ့ အဓိကကျတဲ့ အချက်ပဲ။ အဲဒါကို အင်္ဂလိပ်လို Normal Range နော်မယ်ရိန်းဂျ်လို့ ခေါ်တယ်။ အနည်းဆုံးရှိရမယ့် ကိန်းဂဏန်းနဲ့ အများဆုံးရှိရမယ့် ကိန်းဂဏန်းကို ရေးထားတာပေါ့။ အဲဒီကြားထဲမှာ ရှိရင် ကောင်းတယ်။ အနည်းဆုံးရှိရမယ့် ကိန်းဂဏန်းနဲ့နီးရင် Lower limit လိုးဝါးလစ်မစ်လို့ခေါ်တယ်။ အများဆုံးရှိရမယ့် ကိန်းဂဏန်းတွေနဲ့ နီးကပ် သွားရင် Upper Limit လို့ ခေါ်တယ်။

ဓာတ်ခွဲခန်းမှူးကောင်လေးက သူနာပြုဆရာမလေးကို ဘယ် လို ဖွဲ့နွဲ့သလဲဆိုတော့ "ဒီမှာ တို့အချစ်က Normal Range ထဲမှာပါ အချစ် ရာ" တဲ့။ ဒီတော့ သူနာပြုဆရာမချောချောကလေးက ဓာတ်ခွဲခန်းမှူး ကောင်လေးကိုကျောကို ဖွဖွသာသာထုပြီး "Upper Limit ကြီး" လို့ မျက်စောင်းထိုးပြီး ပြောတာပေါ့။ သဘောကတော့ 'သိပ်ပိုတဲ့လူကြီး'ပေါ့။

Positive ပေါ့စတစ်နဲ့ Negative နဂ္ဂတစ်ဆိုတဲ့ အသုံးအနှုန်း နှစ်ခုကို ဓာတ်ခွဲခန်းထဲမှာ အများဆုံးသုံးကြတယ်။ ဓာတ်ခွဲခန်းအဖြေ တချို့ကို Positive, Negative ဆိုပြီး ထုတ်ရတယ်။ ဥပမာ HIV ဆိုတာမျိုး ပေါ့။ များသောအားဖြင့် Positive ဆိုရင် မကောင်းဘူး။ တချို့ဟာကျ တော့ Positive ဆိုမှ ကောင်းတာမျိုးရှိတယ်။ ဘာပဲဖြစ်ဖြစ် ဓာတ်ခွဲခန်း

http://www.cherrythitsar.org



မှူး ကောင်လေးက သူနာပြုဆရာမလေးကို ချစ်ရေးဆိုတဲ့အခါ ကောင်မလေးက Negative လို့ ကျီစယ်ပြောလိုက်တာ ကောင်လေး အလွန်ခံစားသွားရရှာတယ်။

ယနေ့အချိန်အခါမှာ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေဟာ ကွန်ပျူတာနဲ့ဓာတ်ခွဲနေကြပြီ။ အချိန်မြန်မြန်၊ အဖြေမှန်မှန် စိတ်ချ လက်ချ စမ်းသပ်နိုင်ကြပြီ။ အမှား နည်းနိုင်သမျှ နည်းနေကြပြီ။ ကွန်ပျူတာ ရောဂါ ရှာဖွေရေးစက်တွေဟာ သွေးပုပ်နေရင်လည်း ပုပ်နေပြီလို့ ပြောတယ်။ ရောဂါသိပ်ကျွမ်းနေပြီဆိုရင်လည်း သိပ်ကျွမ်းနေပြီလို့ ပြောတယ်။ ဒါပေမယ့် Standard စတင်းဒတ်ကောင်းကောင်း လတ်လတ်ဆတ်ဆတ်ကို သုံးရမယ်။ ဓာတ်ခွဲဆေးရည်တွေလည်း စံချိန်စံညွှန်း ပြည့်ရမယ်။ လျှပ်စစ်မီးလည်း မှန်ရမယ်။ အဲဒီအခါကျရင် QC ကျူစီ Quality Control ကိုက်လိမ့်မယ်။

ကျူစီဆိုတာ တန်ဖိုးသိပြီးသား၊ သတ်မှတ်ပြီးသား အဖြေသိပြီးသား အစမ်းသပ်ခံပစ္စည်းတစ်ခု (သွေး)ကို ပြန်လည်စမ်းသပ် ဓာတ်ခွဲကြည့်တဲ့အခါ မူလအဖြေအတိုင်း သို့မဟုတ် အနီးကပ်ဆုံးရတာကို ကျူစီကိုက်တယ်လို့ဆိုလိုတာပဲ ဖြစ်ပါတယ်။ လင်မယားကြားမှာလည်း ကျူစီရှိတယ်။ လင့်ဝတ္တရား၊ မယားဝတ္တရားတွေဟာ ကျူစီတွေပဲပေါ့။

နေရာတိုင်းမှာ ကျူစီတိုက်ရိုက်၊ သွယ်ဝိုက်၊ အငွေ့အသက်တွေရှိတယ်။ စက်ရုံတွေမှာလည်း ရှိတယ်။ နိုင်ငံရေးမှာလည်း ရှိတယ်။ အချစ်မှာလည်း ရှိတယ်။ စစ်စစ်လို့ အဓိပ္ပာယ်ရတယ်။ ဓာတ်ခွဲခန်းထဲကို အဖြေစာရွက်တွေလာယူတဲ့ သူနာပြုဆရာမလေးချောချောကို ဓာတ်ခွဲခန်းမှူးကောင်လေးက "ဟိတ်. . ဟိတ် ဒီမှာ တို့အချစ်က ကျူစီ ကွက်တိမှန်တဲ့ အချစ်မျိုးပါ အချစ်ရယ်" လို့ ပြောတယ်။

❑ ❑ ❑

# သွေးဖောက်ခံရမှာ တွေးကြောက်သူများ နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၈)

"ဦးဦးရယ် သမီးကို သွေးမဖောက်ဘဲ ရောဂါရှာလို့ မရဘူးလား။ သမီး ဒီမနက် သွေးဖောက်ခံရမယ်ဆိုတော့ ညက အိပ်မပျော်ဘူး။ သမီး ဦးဦးကို ရိုသေပါတယ်။ ရှိကြီးခိုးပါတယ်"

အသက် (၁၀) နှစ်လောက်ရှိဦးမည့် ကလေးမလေးက ဓာတ်ခွဲခန်းမှူးကို ပုဆိန်ပေါက် ဦး (၃) ကြိမ် ချနေသည်။ ဓာတ်ခွဲခန်းမှူးသည် ရင်ထဲ နင့်သွားသည်။ သည်တော့ သူသည် ရင်ထဲမှ တိုက်ရိုက်စီးဆင်းသွားသော ဒိုင်ယာလော့ခ်များကို ရိုက်ရသည်။

"သွေးမဖောက်ဘဲ ကိုယ်ခန္ဓာထဲရှိတဲ့ သွေးတွေရဲ့ အနေအထားကို ကွန်ပျူတာနဲ့ထောက်ကြည့်ရုံနဲ့ သိနိုင်တဲ့အထိ သိပ္ပံပညာမထွန်းကားသေးဘူး။ ဒီတော့ သမီးသွေးကို ဦး နည်းနည်းလောက် ဖောက်ပါရစေ။ ဦး တောင်းပန်ပါတယ်။ ကဲ. . မိဘတွေ ကိုင်ထားကြ၊ ဖမ်းထိန်းထား"

"မလုပ်နဲ့။ သမီးကို သွေးဖောက်ဖို့ သမီး သဘောမတူဘူး။ ငါ့ကို

http://www.cherrythitsar.org



ငါ သဘောမတူဘဲ သွေးဖောက်တဲ့လူတွေ ကာလနာတိုက်ပါစေ”

ဓာတ်ခွဲခန်းမှူးသည် သွေးဖောက်ရမှာ အတော်တွန့်သွားသည်။ ကာလနာတိုက်တယ်ဆိုတာ ဘာလဲ။ အေအိုင်ဒီအက်စ်လား၊ ကာလဝမ်းရောဂါ Cholera လား။

“ဟဲ့. . ကောင်မလေး၊ ဘာတွေ လျှောက်ပြောနေလဲ၊ သွေးဖောက်ခံလိုက်ပါနော်။ ကဲ. . ဖေကြီး ဖမ်းချုပ်ထား”

ကလေးမလေး၏မိဘတွေက ကလေးကို ချုပ်ကိုင်ထားသည်။

“မလုပ်နဲ့။ မဖောက်နဲ့။ ဝူး. . ဝူး။ အောင်မလေး. . ကယ်ကြပါ”

“မလှုပ်နဲ့ အပ်ကျိုးသွားမယ်။ သေသေချာချာ ချုပ်ထားကြ”

အသေအချာ နှစ်ယောက်၊ သုံးယောက် ချုပ်ကိုင်ထားသည့်ကြားမှ ကလေးမလေးသည် ရုန်းကန်လွတ်မြောက် ထွက်ပြေးသွားသည်။ ကားလမ်းမကို ဖြတ်ပြေးသည်။ အရှိန်နှင့်မောင်းလာသော ကားများ၏ဘရိတ်အုပ်သံတွေ ဆူညံသွားသည်။ လူတွေ၏ အာမေဍိတ်သံ ‘ဟေ ဟား အို’ များ ဆူညံသွားသည်။ ကလေးမလေးက နိုင်လွန်လမ်းမပေါ် ခွေခွေကလေး။ သူ့အလိုအလျောက် ချော်လဲသွားခြင်း ဖြစ်သည်။

ဓာတ်ခွဲခန်းမှူးသည် သွေးဖောက်ခံရမှာကို အလွန်ကြောက်တတ်သော လူနာများထဲမှာ လွန်ခဲ့သော (၅)နှစ်က ကလေးမအကြောင်းကို သတိရနေမိစဉ် ဓာတ်ခွဲခန်းအပေါက်ဝမှာ မိန်းကလေးတစ်ယောက် လာရပ်နေသည်ကို တွေ့ရ၏။

“ဦးဦး နေကောင်းလား၊ သမီးကို မမှတ်မိဘူးလား”

“မမှတ်မိဘူး။ မမှတ်မိပေမယ့် နင် တော်တော် ထွားလာတယ်လို့တော့ ငါ ပြောနိုင်တယ်”

http://www.cherrythitsar.org



"သမီး သွေးဖောက်ခံရမှာကြောက်ပြီး ကားလမ်းမပေါ် ထွက်ပြေးတဲ့ကောင်မလေးလေ"

ဓာတ်ခွဲခန်းမှူးသည် မတ်တတ်ရပ်ပြီး ကလေးမလေးကို လက်နှစ်ဖက်စလုံးဖြင့် ဆလံငါးခါပေးလိုက်သည်။ ထိုကလေးမထက် ပိုဆိုးသည့်လူတစ်ယောက်ကိုလည်း ဓာတ်ခွဲခန်းမှူး ကြုံဖူးသည်။ ထိုလူသည် သွေးဖောက်ခံရမည့် သူ့ညီကို ဆူပြီး အားပေးနေသည်။

"မင်း. . ယောက်ျား မဟုတ်ဘူးလား။ မင်း ငါ့ညီလို့ မပြောနဲ့" ဘာလဲ ကြိမ်းမောင်းနေသည်။

သွေးထုတ်ပြီး ပုလင်းလေးတွေထဲ ထည့်နေစဉ် အစ်ကိုလုပ်သူ ဒိုင်းခနဲ လဲကျသွားသည်။ သွေးအဖောက်ခံသည့် ညီကတော့ ဘာမှမဖြစ်။

တချို့ကျတော့ သွေးဖောက်ခံရမှာကို လုံးဝမကြောက်၊ ထမင်းစားရေသောက်ပါပဲ။

"ယတြာချေဖို့ သွေးနည်းနည်းဖောက်ပေးပါ" တဲ့။ ပြုံးပြုံးကလေး၊ ချိုချိုကလေး။ တချို့ သွေးဖောက်ခံမည့် လူနာများ၏ မျက်နှာများမှာ ပြုံးချိုပါရဲ့။ သို့သော် ဆေးသကြားလို အပြုံးချိုချို။ များသောအားဖြင့် လက်ဖျံမှ သွေးဖောက်ခံရမည်ကို ပိုကြောက်ကြသည်။ လူနာတစ်ယောက်အတွက် အရေးတကြီး သွေးလိုအပ်နေ၍ သွေးလှူရှင်များကို သွေးအမျိုးအစား ခွဲခြားရတော့မည်ဆိုလျှင် လက်ထိပ်ကို အပ်နှင့်ဖောက်ရသည်။ သွေးက တစ်စက်သာလိုသဖြင့် လက်ဖျံမှ ပိုက်ဖြင့် ဖောက်စရာမလိုတော့။ ထိုအခါမျိုးတွင် သွေးလှူရှင်များသည် ဆူညံနောက်ပြောင်နေတတ်သည်။ ရာဇဝင်ထဲမှ သူရဲကောင်းရွေးသော ဝတ္ထုကို သတိရမိကြသည်။ အပ်နှင့်ဖောက်၍ တွန့်သွားသူကို ချန်ခဲ့သော အဖြစ်အပျက်။ တွန့်သွားသော လူတစ်ယောက် သူရဲကောင်းအဖြစ်မှ လျှောကျခံရသည်ကို ရှက်ရှက်နှင့်

http://www.cherrythitsar.org



ရင် ကိုခွဲ၊ အူတွေထုတ်သောအဖြစ်ကို နောက်ပြောင်ကျီစယ်နေကြသည်။

"သူရဲကောင်း ရွေးမယ်ဟေ့။ ဟာ. . အိုသွေးတဲ့။ မစွံဘူးနော်ဆရာနော် အိုသွေးက မကောင်းဘူး။ အို အိုချင်းပဲ သွေးသွင်းလို့ရတယ်တဲ့။ အေသွေးတဲ့။ အေလည်း မကောင်းဘူး။ နှလုံးရောဂါ ဖြစ်တတ်တယ်။ သူရဲဘောကြောင်တယ်။ မိန်းမ လင်နောက်လိုက်တတ်တယ်နော် ဆရာ"

ခတ်ခွဲခန်းမှူးဟာ ချက်ချင်းငြင်းဆန်လိုက်သည်။

"အဲဒါကတော့ ကျွန်တော် သဘောမတူဘူး။ ကျွန်တော်က အေသွေးမို့ပါ။ တကယ်တော့ ကမ္ဘာ့ခေါင်းဆောင်တွေ၊ ကျော်ကြားတဲ့အနုပညာသည်တွေအားလုံးဟာလည်း သွေးအမျိုးအစား အမျိုးမျိုးထဲမှာ ရှိကြပါတယ်"

တစ်ခါတော့ လူကြီးတစ်ယောက် ရောဂါရှာဖို့ သွေးအဖောက်လာခံသည်။ သူ့ပုံစံက မကြောက်တကြောက် ပုံစံပါပဲ။ သွေးဖောက်ပြီး၍ကျသင့်ငွေကို ခတ်ခွဲခန်းမှူးကဖွင့်ပြောသောအခါ လူနာက "ဒါက ကျသင့်ငွေ နှစ်ရာ။ ဒီ (၅)ကျပ်က သွေးဖောက်တာတော်လို့၊ သိပ်တော်တာပဲ။ ဆေးခန်းက နာ့စ်မတွေဆို အနည်းဆုံး (၃)ချက်လောက် ဖောက်ရတယ်"

တစ်နေ့မှာ သွေးအဖောက်ခံရမည့် လူနာတစ်ယောက်ကို ခတ်ခွဲခန်းမှူးက "ဆီးလည်း စစ်ရမယ်ဆိုတော့ ဆီးကို အရင်သွားယူ။ ပြီးမှ သွေးဖောက်မယ်။ သွေးကို အရင်ဖောက်မယ်ဆို သွေးမထွက်အောင်လက်ကို ကွေးထားရမှာ အဆင်မပြေဘူး" လို့ပြောတော့ လူနာက "ဆီးကို အရင်သွားလို့ မရဘူး။ သွေးဖောက်မှာကိုတွေးမိပြီး သေးက မထွက်ဘူး" တဲ့။

ဟိုးတလောတုန်းက မန္တလေးက ဒီဇိုင်းနာတစ်ယောက် သူ့

http://www.cherrythitsar.org



အစ်ကို့ကို ခေါ်လာပြီး သွေးစစ်ခိုင်းသည်။ သူ့အစ်ကို့ကို သွေးဖောက်ဖို့ အပ်ကိုထုတ်လည်း ထုတ်လိုက်ရော၊ တစ်ချိုးတည်း မျက်စိပျက် မျက်နှာပျက်နဲ့ ထွက်သွားသည်။ ခေါ်လို့တောင် မကြားတော့ဘူး။ နောက်တွေ့တော့မှ "ကျွန်တော် အဲဒါမရဘူး"တဲ့။ "မကြည့်ရဲဘူး"တဲ့။

စိတ်ဝင်စားဖွယ်အကောင်းဆုံးနဲ့ မှတ်သားဖွယ်အကောင်းဆုံးကတော့ အသက် (၇၀) နီးပါးလောက်ရှိတဲ့ အဘွားတစ်ယောက်ကို သွေးဖောက်ခြင်းအကြောင်းပါပဲ။

"ဟဲ့. . ငါ့ကို ဖြည်းဖြည်းဖောက်နော်။ ငါ ကြောက်တတ်လို့ပါ။ ငါ ဘုရားစာရွတ်နေတုန်း နင် ငါ မသိအောင် ဖောက်လိုက်နော်။ ဘုရား ဘုရား သေကို မသေနိုင်ဘူး။ ပြီးပြီလား"

"ဘယ်ပြီးဦးမှာလဲ။ ခုမှ ထုံဆေးပွတ်နေတာ"

"ဘယ်က ထုံဆေးရမှာလဲ။ အရက်ပြန် သုတ်နေပြီးတော့"

"အမေကလည်း မကြောက်ပါနဲ့။ ရှစ်လသမီးတောင် ဖောက်တာ"

"ရှစ်လသမီးက ဘာ သောက်မှန်းကန်းမှန်း သိမှာလဲ ဘုရား ဘုရား"

"အမေ့လက်က ငြိမ်ငြိမ်ထားမှပေါ့။ လှုပ်နေရင် ဘယ်လိုလုပ်မလဲ။ တော်ကြာ အပ်ကျိုးသွားဦးမယ်။ မျက်စိမှိတ်ထား"

အောင်မြင်စွာနဲ့ သွေးဖောက်ခြင်းတိုက်ပွဲ ပြီးခဲ့ပြီ။ သို့သော် အဘွားကြီးက နံရံကိုမှီပြီး ငြိမ်သက်နေဆဲ။ မျက်လုံးတွေက ပွင့်မလာသေး။ ဓာတ်ခွဲခန်းမှူးက သူ့ကို ပုတ်နှိုးသည်။ မျက်လုံးတွေက ခပ်မှေးမှေးပွင့်လာသည်။ ဓာတ်ခွဲခန်းမှူး ဘောက်ချာရေးနေသည်ကို ထိတ်ထိတ်လန့်လန့်နှင့် ကြည့်နေသည်။ စုစုပေါင်း ကျသင့်ငွေ ၃၉၅၀ ကျပ်။ "အောင်မယ်

လေး” ဟု တစ်ခွန်းအော်ပြီး အဘွားကြီး နံရံကိုမှီလျက် အလုံးစုံသတိမေ့သွားသည်။ နာလို့ သတိမေ့တာလား။ ကျသင့်ငွေများလို့ သတိမေ့တာလား ခံတတ်ခွဲခန်းမှူး ခံတတ်မခွဲနိုင်တော့။

❑ ❑ ❑

# အေအိုင်ဒီအက်စ်တစ္ဆေ ကျဆုံးပါစေ
# နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၁၉)

ဓာတ်ခွဲခန်းမှူးသည် လွန်ခဲ့သော အနှစ် (၃၀) သာသာက သူ နယ်မြို့တစ်မြို့တွင် အလုပ်လုပ်ခဲ့ရစဉ်က အဖြစ်အပျက်များကို လွမ်းနေမိ သေးသည်။ ထိုစဉ်က သူ အဓိက ထမ်းဆောင်ရသောတာဝန်မှာ Blood Transtution ခေါ် သွေးသွင်းကုသခြင်းဖြစ်သည်။ ထိုအခါက သွေးတစ်ပု လင်းအတွက် ကုန်ကျစရိတ်မှာ ၂၅ ကျပ်မှ ၅၀ ကျပ်အထိပဲ ဖြစ်သည်။ ယခုအခါ ရန်ကုန်မြို့ နာမည်ကြီးဆေးခန်းတစ်ခုတွင် သွေးတစ်ပုလင်း သွင်းတော့မည်ဆိုလျှင် ကျပ် ၅၀၀၀ နှင့်အထက်မှာရှိသည်။ ဒါကို ဓာတ်ခွဲ ခန်းမှူးသည် အေအိုင်ဒီအက်စ်ရောဂါကို အလွန် အင်မတန် အရမ်း တအား စိတ်နာသွားသည်။

“လွန်ခဲ့တဲ့ အနှစ် (၃၀)လောက်တုန်းက အသည်းရောင် အသားဝါဘီ ပိုင်းရပ်စ်လည်း မရှိသေးဘူး။ အိပ်ချ်အိုင်ဗီပိုင်းရပ်စ်လည်း မရှိသေးဘူး။ အခု အဲဒီနှစ်မျိုးစလုံး ရှိလာတယ်။ ဒီဟာနှစ်မျိုး ရှိ မရှိ

http://www.cherrythitsar.org



သွေးကို စစ်ဆေးကြည့်မယ်ဆိုရင် သုံးထောင်ကျော်လောက် ကျမယ်။ ဒီတော့ သွေးတစ်ပုလင်း။ သန့်ရှင်းရောဂါကင်းတယ်ဆိုရင် ၅၀၀၀ ကျော် သွားတာ ဘာများ အံ့သြစရာရှိလို့လဲ။ တရားခံက အေအိုင်ဒီအက်စ်ရောဂါပဲ”

ခတ်ခွဲခန်းမှူး၏ မာရသွန်ယပ်လှဲ တရားကား မတရားလွန်းသော အေအိုင်ဒီအက်စ်ရောဂါအကြောင်းတွေ ထပ်မံနစ်မျောနေ၏။

“အခုတော့ အိန္ဒိယနဲ့ အမေရိကန်မှာ AIDS ကုသပျောက်ကင်းဆေးတွေ ပေါ်နေပြီလို့ မီဒီယာတွေမှာ ဖတ်ရတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံကို လှိုင်လှိုင်နဲ့  ဈေးပေါပေါ ရောက်လာဖို့ မလွယ်သေးဘူး။ ဟိုတုန်းက ကျွန်တော်ဟာ မြန်မာပြည်မှာ ကိုယ်ဝန် ရှိ၊ မရှိ ဆီးကတစ်ဆင့် စစ်ဆေးပေးတဲ့ လုပ်ငန်းမှာ အဓိကပုဂ္ဂိုလ်ပဲ။ စစ်တာပဲ။ တစ်နေ့ သတင်းစာတစ်စောင်မှာ ကိုယ်ဝန် ရှိ၊ မရှိ မိန်းမသားဗိုက်ကို စက်နဲ့ထောက်ကြည့်ရုံနဲ့ သိနိုင်တဲ့ စက်ကိရိယာ ဩစတြေးလျနိုင်ငံမှာ ပေါ်နေပြီတဲ့။ ကျွန်တော် အတော်စိတ်ညစ်သွားတယ်။ ဒါတွေပေါ်လာရင် အလုပ်မဖြစ်တော့ဘူးတဲ့။ စိုးရိမ်သွားတယ်။ အခု ဆယ်နှစ်ကျော်သွားပြီ။ အဲဒီစက် မြန်မာနိုင်ငံကို ရောက်မလာသေးဘူး။ သူ့အစား ဆီးထဲနှစ်ကြည့်လိုက်ရင် ကိုယ်ဝန် ရှိ၊ မရှိ သိနိုင်တဲ့ UCG Strip တွေပဲ ပေါ်တယ်။ ဆိုလိုတာကတော့ နိုင်ငံကြီးတွေမှာ အေအိုင်ဒီအက်စ် ကုသဆေးတွေ ပေါ်ပြီထားဦး။ မြန်မာပြည်ကို နောက် ငါးနှစ်အတွင်း ရောက်လာနိုင်ပါ့မလား။ ရောက်လာတဲ့အခါရော ဆင်းရဲသားတွေ လက်လှမ်းမီတဲ့ ဈေးနှုန်း ဖြစ်နိုင်ပါ့မလား။

နားထောင်နေသည့် ဉာဉ့်သည်ကလည်း သူ့ အတွေ့အကြုံကို ပြောပြနေပြန်သည်။ ဉာဉ့်သည်သည် ဆရာဝန်တစ်ယောက်ဖြစ်သည်။

http://www.cherrythitsar.org



“ခေတ်ခွဲဆရာရယ်။ ကျွန်တော်သိတဲ့ သူနာပြုဆရာမတစ်ယောက်ဆိုရင် အတော့်ကို ပေါ့ပေါ့ဆဆ နေတတ်တယ်။ အလေးအနက်လည်း ဘာမှမရှိဘူး။ အကြောင်းသိတွေက သူ့ကို လက်မထပ်ကြဘူး။ တစ်နေ့ ဆေးခန်းကို လူနာတစ်ယောက် ရောက်လာတယ်။ ဖျားနေလို့ သွေးအားနည်းနေလို့ လာပြတာပေါ့။ ဖျားမှာပေါ့ အေအိုင်ဒီအက်စ်က နောက်ဆုံးအဆင့်ရောက်နေပြီ။ ကာယကံရှင်လည်းမသိ။ ဆရာမလည်း မသိတော့ လက်ထပ်လိုက်ကြတယ်။ ဖျားနေတာ တော်ရုံနဲ့မပျောက်ဘူး။ သွေးစစ်ကြည့်တော့ အေအိုင်ဒီအက်စ်ရောဂါ ရှိနေပြီ။ ဒီအချိန်မှာ သူနာပြုဆရာမမှာ ကိုယ်ဝန်အရင့်အမာရှိနေပြီ။ နောက် အဲဒီကလေးကို မွေးတယ်။ ဒီ သူနာပြုဆရာမနဲ့ ကျွန်တော် သိပ်ခင်တော့ ကျွန်တော့်ကို အမှန်အတိုင်း ဖွင့်ပြောပြတတ်တယ်။ နောက်တော့ ဆရာမနဲ့ကျွန်တော် ၆ နှစ်၊ ၇ နှစ်လောက် ကွဲသွားတယ်။ တစ်နေ့ ကျွန်တော်တို့ရပ်ကွက်ရဲ့ တစ်နေရာမှာ ဆရာမကိုတွေ့တယ်။ ကလေးတစ်ယောက်ကို လက်ကဆွဲထားလို့ပေါ့။ ဆရာ. . ဒါ. . ကျွန်မ သမီးလေးတဲ့။ သူ့အဖေရောလို့ မေးတော့ ဆုံးပြီတဲ့။ ကလေးလေးဟာ ချစ်စရာလေး။ သူ့အမေရဲ့ ပြုတ်ထွက်နေတဲ့ ကြယ်သီးကိုတပ်ပေးရင်း သူ့အမေမျက်နှာကို သနားစရာမော့ကြည့်နေတယ်။ သူတို့နှစ်ယောက်ကိုကြည့်ရတာ သိပ် သနားစရာကောင်းတာပဲဗျာ။ အရိပ်တစ်ခုခု ထိုးနေသလိုပဲ။ အေအိုင်ဒီအက်စ် အရိပ်ပေါ့။ ကလေးက သူ့အမေဆီက ပိုက်ဆံတောင်းပြီး မုန့်သွားဝယ်နေတုန်း သူ့အမေက ပြောတယ်။ ရှာလို့ရတဲ့ပိုက်ဆံထဲက ငွေ လေးထောင်ကို ဖယ်ထားပြီး။ ၂ လ တစ်ခါလောက် သားအမိနှစ်ယောက် သွေး သွားသွားစစ်ကြည့်ရတယ်။ ကျွန်မ သေလို့ မဖြစ်သေးဘူး။ ကျွန်မသမီးကို မခွဲနိုင်ဘူး။ သွေးသွားစစ်တဲ့အခါ အဖြေမသိသေးခင် သိပ်ကြောက်တာပဲ။ သမီးက ရိုပ်မိတယ်။ သူ

http://www.cherrythitsar.org



အားလုံး သိသွားပြီ။ သူက ဘာပြောသလဲဆိုတော့ မေမေနဲ့သမီး ပြိုင်တူ သေကြမယ်နော်”တဲ့။

“တောက်. . တရားခံက အေအိုင်ဒီအက်စ်ပဲဗျ။ ကမ္ဘာကြီးရဲ့ ကြေကွဲစရာကောင်းခြင်း သုံးပုံတစ်ပုံကို အေအိုင်ဒီအက်စ်က တင်ဆက်နေပြီး တခြား သုံးပုံတစ်ပုံကို စစ်ပွဲတွေက သိမ်းပိုက်ထားပြီးသား ကျန်တဲ့ သုံးပုံတစ်ပုံကျော်ကျော်ကို လူသားတွေရဲ့မိုက်မဲမှုက ဖန်တီးနေတာပေါ့။ ရောဂါဆန်းတွေက ဆေးသိပ္ပံပညာ တိုးတက်မှုထက် ပိုတိုးတက်ဖြစ်ပေါ်နေကြတယ်။ နောင်လည်း ရောဂါဆန်းတွေ ပေါ်လာဦးမှာပဲ။ ရောဂါဆန်းတစ်ခု ပေါ်လာပြီးမှသာ သူ့သဘာဝကို သုတေသနလုပ်ရတာဆိုတော့ အနှစ် (၃၀)၊ (၄၀) လောက်ကြာမှပဲ ကုထုံးတွေ့တော့တယ်”

ခါတ်ခွဲခန်းမှူးကတော့ အေအိုင်ဒီအက်စ်ဆန့်ကျင့်ရေးတွင် အရှိန်ရနေပြီ။

“ဆရာ ခုနက ပြောပြတဲ့ သူနာပြုဆရာမရဲ့အဖြစ်အပျက်မျိုးတွေက ကမ္ဘာတစ်ဝှမ်း အများကြီးပါ။ ဒါမျိုး ကြားဖူးနား၀ ဗဟုသုတရှိတဲ့ မိန်းမချောတစ်ယောက်ဟာ သူ့ချစ်သူကို ကျွန်တော့်ဆီခေါ်လာတယ်။ သူတို့နှစ်ယောက် အေအိုင်ဒီအက်စ်ရောဂါ ကင်း၊ မကင်း စစ်ဆေးပေးဖို့ လာကြတာဖြစ်တယ်။ အခု အဲဒီလို အိမ်ထောင်မပြုခင် အိပ်ချ်အိုင်ဗီပိုး ရှိ၊ မရှိ သွေးစစ်တာ ခေတ်စားနေပြီ။ တချို့ သက်ဆိုင်ရာ ယောက္ခမတွေက စစ်ခိုင်းတယ်။ များသောအားဖြင့်တော့ ယောကျ်ားလေးတွေ အဲဒီ လက်မှတ်ပါမှ အမျိုးသမီးက လက်ခံလို့ လာစစ်တယ်။ တချို့ကျ အေအိုင်ဒီအက်စ်ရှိနေတာ သိနေသလား မသိဘူး။ သွေးမဖောက်ဘဲ ငွေတွေပုံပေးပြီး ကောင်းကြောင်းရေးခိုင်းတော့ ငွေဆယ်သိန်းပေးတောင် မရဘူးလို့ ဟောက်လွှတ်လိုက်ရတယ်။ ဒါနဲ့ စောစောကအကြောင်းကို ဆက်ရ

http://www.cherrythitsar.org



အောင်။ မိန်းမချောနဲ့ သူချစ်သူရဲ့သွေးတွေကို ကျွန်တော် စစ်ရတော့မယ် ပေါ့။ ဘုရား. . ဘုရား ကောင်လေးက အေအိုင်ဒီအက်စ်ရောဂါ ရှိနေပါ့ လား။ ကောင်လေးကို သွေးမဖောက်ခင်တုန်းကဆို ကောင်လေးက သူ့ရဲ့ ပါဂျရိုကားသော့ကို ကောင်မလေးကိုလှမ်းအပေးမှာ ကောင်မလေးက ဘာပြောသလဲဆိုတော့ "မောင့်မှာ အေအိုင်ဒီအက်စ်ရောဂါရှိရင် မောင် နေရစ်ခဲ့တော့။ မောင့်ကို သူများတို့ ဘယ်လောက် သံယောဇဉ်ကြီးတယ် ဆိုတာ မောင်သိတယ်မဟုတ်လား။ ဒါပေမဲ့ ဒီကိစ္စမျိုးက ပြတ်သားရမယ်။ အားနာလို့ မဖြစ်ဘူး" သူ့ စကားအတိုင်းပဲ သူ့ချစ်သူ အေအိုင်ဒီအက်စ် ရောဂါသည်မှန်းလည်းသိရော ကားသော့ကို ကောင်လေးဆီ ပြန်ပေးတယ်။ ထွက်သွားတယ်။ ပြတ်သားမာကြောလိုက်တာ။ မပြတ်သားတာက သူမ ပါးပြင်ပေါ်က မျက်ရည်စတွေပေါ့။ နှစ်ယောက်စလုံး သနားစရာကောင်း လိုက်တာဗျာ။ ကောင်လေးက အုတ်နံရံကို လက်သီးနဲ့ထိုးတာ လက်တွေ ပေါက်ပြဲကုန်တယ်။ ပြီးတော့ နံရံကိုမျက်နှာအပ်ပြီး ရှိုက်ရှိုက်ငိုနေတယ်"

"တောက်. . တရားခံဟာ အေအိုင်ဒီအက်စ်ပဲ။ သေချင်းဆိုး မကောင်းဆိုးဝါး တစ္ဆေယုတ်မာ အေအိုင်ဒီအက်စ်"

ဆရာဝန်က အေအိုင်ဒီအက်စ်တစ္ဆေကို ကျိန်ဆဲနေသည်။

❑ ❑ ❑

# ၁၀-၇-၂၀၀၁ နေ့ အင်းစိန်-ရန်ကုန် ဘတ်စ်ကားစီးခြင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂၀)

ဓာတ်ခွဲခန်းမှူးသည် အလုပ်ဆင်းရန် ကားမှတ်တိုင်သို့ လာခဲ့သည်။ သူစီးရမည့်ကားတွေက တစ်စီးပြီးတစ်စီး ဆိုက်လာသော်လည်း သူ တက်မစီးသေး။ ကားတွေက သံတုံးတစ်တုံးလို သိပ်သည်းကျပ်ခဲအောင် ခရီးသည်တွေ တင်ထားသောကြောင့် ကြည့်ရသည်ကိုက ရင်ထဲ မွန်းကျပ်လာသည်။ လူချောင်သော ကားတစ်စီး ထိုးဆိုက်လာသည်။ သေချာကြည့်လိုက်တော့ မြောက်ဥက္ကလာပသို့ သွားမည့်ကား။ သူက ရန်ကုန်မြို့ထဲကို သွားမည်။ ဘာမှမဆိုင်။ ကားသည် ချောင်လွန်းသောကြောင့် စပယ်ယာရော၊ ဒရိုင်ဘာပါ မျက်နှာမကောင်းကြ။ ကားလိုင်းအသစ်။ မကြာမီကမှ စ,ဆွဲသည်။

"ဟော့ကောင် လူခေါ်ကွာ။ ဒီအတိုင်းဆို ရေပဲသောက်ရမယ်။ ငါ ရင်မောလာပြီ"

http://www.cherrythitsar.org



ဓာတ်ခွဲခန်းမှူးသည် ကားကျပ်လွန်း၍ ရင်ထဲ မွန်းကျပ်သူနှင့် ကားချောင်၍ ရင်ထဲမွန်းကျပ်သူနှစ်ယောက်ကို တွေ့သွားသည်။ ကားတွေ ကျပ်ညပ်လွန်းသည်ကိုမြင်တော့ သူငယ်ချင်းဟောင်းတစ်ယောက်ကို အမှတ်ရမိသည်။ ထိုလူက ကားကျပ်မှကြိုက်သည်။ အလွန်ကျပ်သည့် ကားမှ ရွေးပြီးစီးသည်။ ဘာလို့ဒီလိုလုပ်တာလဲ မေးကြည့်တော့ ကားခ မပေးရအောင်တဲ့။ ကားခိုးစီးတာတဲ့။ ပိုက်ဆံမရှိလို့လားမေးတော့ နည်း နည်းပဲ ရှိတယ်တဲ့။ ထိုပုဂ္ဂိုလ်မှာ စာရေးဆရာတစ်ယောက်လည်း ဖြစ် သည်။ ကားခိုးစီးရသည့်အကြောင်း ဝတ္ထုရေးသည်။ အိမ်ရောက်ရင် သမီး စုဘူးထဲ ပိုက်ဆံမထည့်ရမှာစိုး၍ ကားခိုးစီးခြင်းဖြစ်သည်တဲ့။ ဓာတ်ခွဲခန်း မှူးကို ဖတ်ပြသည်။

“မဟုတ်သေးဘူး။ ခင်ဗျား မှားနေပြီ။ ခွင့်မလွှတ်နိုင်ဘူး။ စားဖို့ မရှိလို့ ကားခိုးစီးတယ်ဆိုရင် ခွင့်လွှတ်နိုင်သေးတယ်။ အခုတော့ စုဘူးထဲ ထည့်ဖို့ဆိုတော့ ခင်ဗျားအယူအဆက မှားနေသလားလို့”

ကားတွေက တစ်စီးထက်တစ်စီး ပိုပြီး ကျပ်ကျပ်လာသည်။

ဓာတ်ခွဲခန်းမှူးသည် လက်မှနာရီကိုကြည့်လိုက်သည်။ ရင်လေး သွားသည်။

နောက်ကျလွန်းနေပြီ။

ဓာတ်ခွဲခန်းမှူး၏အတွေးက စောစောကလို မဟုတ်တော့။ ကား ကျပ်တော့ မြန်မြန်ရောက်တာပေါ့။ ချောင်နေရင် ကျောက်ချပြီး လူစောင့် တင်နေမှာ။ အဲဒီတော့. .။

ကားပေါ်ရောက်တော့ အနောက်ဘက်ကို သူ တိုးသွားသည်။ သူနှင့် ခပဲခြမ်းမှတ်တိုင်မှ အတူတူတက်သည့် အသားဖြူဖြူနှင့် မိန်းကလေး တစ်ယောက်လည်း ကားအနောက်ဘက်သို့ အတင်းတိုးလာသည်။ ထို

http://www.cherrythitsar.org



မိန်းမသည် လက်ကောက်လေးကွင်း ဝတ်ထားသည်။ ဆွဲကြိုးတစ်ကုံးဆွဲထားသည်။ နောက်ထပ် ကားအလယ်ပိုင်းမှ လူတွေ ကားအနောက်ဘက်ကို ရွှေ့လာကြသည်။ လူတစ်ဦးသည် စပယ်ယာကို ပိုက်ဆံလှမ်းပေးပြီး နောက် ဓာတ်ခွဲခန်းမှူးအနားရောက်အောင် ရွှေ့လာသည်။ စပယ်ယာက ချက်ချင်း ပိုက်ဆံလာမတောင်းပေ။

၃ မိနစ်လောက်ကြာတော့မှ စပယ်ရာ ရောက်လာသည်။ ဓာတ်ခွဲမှူးကိုတော့ ကောင်းကောင်းမှတ်မိပြီး မျက်နှာကြည့်လျက် ပိုက်ဆံတောင်းသည်။ လက်ကောက်လေးကွင်းနှင့် ကောင်မလေးက ပိုက်ဆံထုတ်မပေး။ ခပ်တည်တည်နှင့်ရပ်နေသည်ကို ဓာတ်ခွဲခန်းမှူး အံ့ဩစွာ တွေ့လိုက်သည်။ စပယ်ရာက သူ့လက်ကောက်တွေကိုကြည့်ပြီး အာရုံဖြတ်လိုက်သည်။ နောက်ဆုတ်သွားသည်။ အရေခွံမွဲမွဲနှင့်လူဘက်သို့ လှည့်တောင်းသည်။

"ပေးပြီးပြီလေ၊ ဘယ်နှစ်ခါ ပေးရမလဲ"

"မသိလို့ပေါ့ဗျာ၊ ဒီအထဲ နှစ်ယောက်ဝင်သွားတယ်"

ဓာတ်ခွဲခန်းမှူး နေရာရပြီ။ သို့ရာတွင် နောက်မှတ်တိုင်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် သူ့အနား ရောက်လာသောကြောင့် သူ နေရာဖယ်ပေးလိုက်သည်။ ဘတ်စ်ကား အတက်အဆင်းလုပ်သည့်နေရာဆီမှ လက်ထောက်စပယ်ယာကတော့ သူ့ပစ္စည်းကောင်းကြောင်း၊ ပစ္စည်းကောင်း ပစ္စည်းမှန်များဖြင့် ပြုလုပ်ထားကြောင်း မှတ်တိုင်တစ်တိုင်ရောက်တိုင်း ရင်ကွဲမတတ်အော်သည်။

"မြန်တယ်၊ ချောင်တယ်၊ လှည်းတန်း၊ စိုက်ပျိုးရေး၊ မြေနီကုန်း၊ စံပြ၊ ၁၅ လမ်း၊ သိမ်ကြီးဈေး၊ မြို့တော်ခန်းမရှေ့ ဟိုကားတွေက ဗွေ့စာရင်းတိုင်ရလိမ့်မယ်"

http://www.cherrythitsar.org



သုံးလေးငါးကြော့ထပ်ထပ်အော်သော လက်ထောက်စပယ်ရာ ဆိုသူကတော့ အဲဒီ အပေါက်ဝနားမှာပဲ အော်ရသည်။ ကားခတောင်း စရာမလို။ ရှေ့မှာ ယာဉ်ထိန်းရဲတွေကိုတွေ့ရင် တံခါးပိတ်ရသည်။ မှတ် တိုင်နားရောက်လျှင် တံခါးဖွင့်ပြီး အော်ရပြန်သည်။ မှတ်တိုင်တွေ မေးရ သည်။

"စိုက်ပျိုးရေး၊ ဟံသာဝတီ၊ မဟာမြိုင်။ အသံမကြားဘူး။ မောင်း မြေနီကုန်းကိုမောင်း။ မြေနီကုန်း အနီးဆုံး"

"စိုက်ပျိုးရေးပါတယ်" လို့ ခရီးသည်တစ်ဦးက လှမ်းအော်သည်။

ထိုအခါ လက်ထောက်စပယ်ရာက ဒရိုင်ဘာကို လှမ်းအော် သည်။

"စိုက်ပျိုးရေး ပါသွားပြီ"

ကားတစ်ကားလုံးမှာ သူ့အသံက ခပ်စိပ်စိပ် လွှမ်းမိုးသည်။ တစ် ခါတစ်ခါတော့ သူသည် ခရီးသည်ရအောင် အော်နေသည်ထက် တစ် ယောက်ယောက်ကို သူတကယ်အော်ကြောင်း သိစေချင်သည့်ပုံစံ ပေါက် နေသည်။

ဓာတ်ခွဲခန်းမှူးသည် ကိုယ်ဝန်ဆောင်သည်၏ထိုင်ခုံနားတွင် ရပ်နေသည်။

"ဟေ့ ဘယ်က တက်လာတာလဲ။ ဒီနားတိုး. . လာ. . လာ။ ငါ လေ နင့်ကို သတိရတယ်သိလား။ တို့လည်း ပြောင်းသွားကတည်းက မတွေ့တော့ဘူး။ လာလေ. . ငါ ဟံသာဝတီမှာဆင်းမှာ နင်ထိုင်ပေါ့။ ဟံသာဝတီပါတယ်ဟေ့"

တကယ်ဆိုလျှင် သူ ထိုင်ခုံ သူ့ပြန်ပေးဖို့ကောင်းသည်ဟု တွေး မိပြီး ဓာတ်ခွဲခန်းမှူး စိတ်တိုသွားသည်။ ပြီးတော့ ဗိုက်ကြီးသည်၏ ခရီး

http://www.cherrythitsar.org



သည် မိတ်ဆွေကလည်း တောင့်တောင့်တင်းတင်းကြီး ယောကျ်ားကြီး။

သူသည် ခြေသလုံးတွင် အနာပေါက်နေသော်လည်း ကိုယ်ဝန်ဆောင်သည်မို့ ဖယ်ပေးခဲ့ခြင်းဖြစ်သည်။ သူသည် ရပ်မြဲရပ်နေရာမှ ထိုင်နေသည့်ခရီးသည်များကို မျက်စိကစားနေသည်။ မသိမသာ ပါးပါးကလေး ဘဝချင်းမတူသည့် စိတ်သဘောထားမျိုး သူတို့စိတ်ထဲဝင်နေသည်ကို သူတို့တောင်မှ သိပါလေစ။ သူ ဓာတ်ခွဲခန်းကိုရောက်တော့ အပေါက်ဝတွင် သွေးအုပ်စုခွဲရန် လူနှစ်ယောက်စောင့်နေသည်။ သူ စဉ်းစားကြည့်သည်။ စောစောကပင် ဘတ်စ်ကားပေါ်မှာ သွေးအုပ်စုအမျိုးမျိုးကို သူ ဓာတ်ခွဲပေးခဲ့သေးသည်။ သွေးကြောက်တဲ့လူ၊ သွေးမသန့်တဲ့လူ၊ သွေးဖျော့နေသည့် လူများကို သူ ဓာတ်ခွဲပေးခဲ့ရသေးသည် မဟုတ်လား။

❑ ❑ ❑

http://www.cherrythitsar.org

# အယူအဆအမျိုးမျိုးရှိကြသည့်အကြောင်း နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂၁)

ဓာတ်ခွဲခန်းမှူး ကိုမှိုင်းအောင် အလုပ်လုပ်သည့် အထူးကု ဆေးခန်းထဲမှာ သမားတော်ကြီးတွေ အလွန်စုံပါသည်။ အဆုတ်အထူးကု သမားတော်၊ နှလုံးအထူးကုသမားတော်၊ ကျောက်ကပ်အထူးကုသမားတော်၊ အသည်းအထူးကု သမားတော်၊ မီးယပ်အထူးကုသမားတော်၊ အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ခွဲစိတ်သမားတော်၊ အထူးကုမဟုတ်သည့် M.B.B.S ဘွဲ့တစ်ခုတည်း ရထားသည့် ဆရာဝန်လည်း ရှိသည်။

ဘာနှင့်တူသနည်းဆိုလျှင် တက္ကသိုလ်တွေမှာ သချာပါမောက္ခ၊ မြန်မာစာပါမောက္ခ၊ ရူပဗေဒပါမောက္ခ၊ ဓာတုဗေဒပါမောက္ခ၊ သမိုင်းပါမောက္ခဆိုတာမျိုးရှိသလို ဆေးလောကမှာလည်း သူ့အဓိကဘာသာရပ်နှင့်သူ တွင်ကျယ်ထင်ရှားနေသူများ ရှိသည်။

စာပေလောကတွင် ကာတွန်း အကျော်အမော်၊ ပန်းချီ အကျော်အမော်၊ အယ်ဒီတာ အကျော်အမော်၊ ကဗျာဆရာ အကျော်အမော်၊ ဝတ္ထု

http://www.cherrythitsar.org



ဆရာ အကျော်အမော်တို့ ရှိသကဲ့သို့ ဆေးလောကမှာလည်း အဓိက ဘာသာရပ်တစ်ခုခုတွင် ထူးချွန်ထက်မြက်ပေါက်မြောက်သော သမား တော်ကြီးတွေရှိသည်။

အလုပ်အကိုင်ရှားပါးသောနေ့မို့ သူ့ဓာတ်ခွဲခန်းရှိ ပက်လက် ကုလားထိုင်ပေါ်မှာ သူ အနားယူနေသည်ဆိုလျှင် အပြင်ဘက်မှာ မည် သည့်ဆရာဝန်ကြီး ရောက်လာပြီဖြစ်ကြောင်း သူ အလိုအလျောက် သိနိုင် သည်။ ဆောင်းဘောက်စ်မှ အသံတွေကြားနေရသောကြောင့် ဖြစ်သည်။

"အရိုး အထူးကု သမားတော်ကြီး ကြွလာပါပြီခင်ဗျာ"

"နှလုံးရောဂါအထူးကု ဆရာဝန်ကြီး ကြွမြန်းလာပါပြီ"

"သားဖွားမီးယပ်ပါရဂူကြီး ကြွရောက်လာပါပြီ"

ဆက်တိုက်ကြားရသည်မျိုးတော့ မဟုတ်။ ၁၅ မိနစ်တစ်ခါ၊ မိနစ် ၂၀ လောက်တစ်ခါ ကြားရသည်။ စကားပြောခွက်မှ အသံကလည်း မတိုးမကျယ်လေး။ ဘယ်လောက်တိုးတိုး လိုဏ်သံတော့ ပါနေသည်။

"ဓာတ်ခွဲခန်းမှူးလားခင်ဗျာ။ သူ အခန်းထဲမှာ ကိုယ်ဝန်အဆိပ် တက်လို့ အိပ်နေတယ်"

သူ မျက်စိကျယ်သွားသည်။ ဒါ နောက်စရာလား။ သူလို အလယ်အလတ် အဆင့်အတန်းရှိသူများကို နောက်ပြောင်ရဲကြပေမယ့် ဆရာဝန်ကြီးတွေကိုတော့ မနောက်ရဲကြ။ ဆေးခန်းတွေမှာ ဖြစ်ဖြစ်၊ ဆေး ရုံတွေမှာဖြစ်ဖြစ်၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေချည်း စုဝေးနေကြသည် မဟုတ်။ စာရင်းဇယားပြုစုသူ စာရေးစာချီများ၊ မီးပြင်သူများ၊ လူနာကြိုဆို သူများ၊ သန့်ရှင်းရေး အလုပ်သမားများလည်း ဝင်ထွက်လုပ်ကိုင်နေကြ သည်။ ရာထူးကြီးသောပညာရှင်ကို မနောက်ရဲသော်လည်း သူလို ဟို မရောက်၊ သည်မရောက် ပညာရှင်ကိုတော့ နောက်ပြောင်ရဲကြသည်။

http://www.cherrythitsar.org



စကားလုံးတွေကလည်း ဖြတ်စရာမလိုဘဲ ပြောမနာဆိုမနာ သဘောမျိုး သူတို့ဘာသာ တစ်ဖက်သတ် ဖန်တီးပြောဆိုကြရာတွင် ဆေးခန်းပိုင်ရှင်နှင့် ဆွေမျိုးတော်သူတွေက အရိုင်းဆုံးပါပဲလေ။ ပညာပြည့်ဝသည့် ပါရမီရှင် ဆရာဝန်ကြီးတွေကတော့ အများအားဖြင့် သိမ်မွေ့ကြပါသည်။

တစ်နေ့တွင် ခာတ်ခွဲခန်းမှူးသည် သူပါလာသော ထမင်းဘူးထဲမှ တည င်းသီး ကိုက်စားနေသည်ကို ကျောက်ကပ်ဆရာဝန်ကြီးတွေ့ပြီး "ဟေ့ . ဟေ့ တည င်းသီးမစားနဲ့။ ကျောက်ကပ်ကို ဒုက္ခပေးတတ်တယ်" ဆိုပြီး ပြောသည်။ ကျောက်ကပ်အဖို့ တည င်းသီးသည် အဆိပ်တဲ့။ သူတော်တော် လန့်သွားသည်။ ထို့နောက် သူ ဗီးဂက်စ်စီးကရက်တစ်လိပ်ဖွာသောက်နေသည်ကို အဆုတ်ရောဂါဆရာဝန်ကြီးက သူ့ကို ဆူသည်။ အဆုတ်ကင်ဆာ ဖြစ်ချင်လို့လား။ နှလုံးရောဂါ ဖြစ်ချင်လို့လား။ ဘာလား။ ညာလား။ သူ ဖြုံသွားရပြန်ပါတယ်။

လွန်ခဲ့သော နှစ်ပတ်ခန့်က သူ ဘီယာသောက်နေစဉ် အသည်းအထူးကု ဆရာဝန်ကြီးနှင့် တန်းတိုးသည်။

"Alcoholic Hepatitis ဖြစ်လိမ့်မယ်။ မသောက်ပါနှင့်" တဲ့။ Alcoholic Hepatitis ဆိုသည်မှာ အရက်ကြောင့် အသည်းရောင်သော ရောဂါကို ဆိုလိုပါသည်။ လွန်ခဲ့သော ရက် ၂၀ ကျော်ကျော်လောက်ကလည်း ကြက်ဥပြုတ်နှစ်လုံး သူစားနေသည်ကို နှလုံးရောဂါအထူးကုက မြင်သွားကာ မစားရန် တားမြစ်ဖူးသည်။

ကောင်းပြီ။ ဒါတွေ အန္တရာယ်ရှိသည်ဆိုလျှင် အန္တရာယ်ကင်းသည့် ကွမ်းယာကိုပဲစားတော့မည်ဆိုကာ ခာတ်ခွဲခန်းမှူးသည် ကွမ်းယာ ၅ ယာဝယ်လျက် တစ်ယာပြီး တစ်ယာစားနေလေသည်။ ထိုစဉ် သွားအထူးကုဆရာဝန်ကြီး တွေ့သွားပြန်သည်။

http://www.cherrythitsar.org



"ဟိတ်. . ဟိတ်. . ဘာလုပ်တာလဲ။ ကွမ်းယာမစားနဲ့။ သွားတွေကို ဘာလို့ ညှဉ်းဆဲနှိပ်စက်နေတာလဲ။ သွားဆရာဝန်တွေဟာ ကွမ်းယာစားတာကို သိပ်စိတ်ဆိုးကြတယ်။ သူတို့လည်း ဘယ်သူမှ မစားကြဘူး"

နောက် (၂) ပတ်လောက်ကြာတော့ ဓာတ်ခွဲခန်းမှူးကို သန်လျင်မှာရှိသော သူ့ သူငယ်ချင်းတစ်ယောက်က ထမင်းစားဖိတ်သည်။ ခမ်းခမ်းနားနားပါပဲ။ ဒါပေမဲ့ သူ ထမင်းပွဲကို လှမ်းကြည့်လိုက်တော့ ကြက်ဥကြော်၊ ငါးသလောက်ပေါင်း၊ ငါးခေါင်းချဉ်ရည်၊ တညင်းသီးပြုတ်တွေ ဝေဝေဆာဆာ။ ဘီယာခွက်က အပြည့်အမောက်။ ငါးသုံးလုံးစီးကရက်က အဆင်သင့်။

ဆရာဝန်ကြီးတွေသာတွေ့လျှင် ဘာပြောဦးမည်မသိ။

"ထမင်းစားပြီးရင် ဟောဒီ ကွမ်းယာတွေ စားကြည့်စမ်း။ ဒီမြို့မှာ အကောင်းဆုံးကွမ်းယာပဲ"

"တော်ပြီ။ မင်းဟာက ဆရာဝန်ကြီးတွေတားမြစ်ထားတဲ့ အစားအသောက်တွေချည်းပဲ"

သူက ဆေးခန်းက အတွေ့အကြုံများကို ပြောပြလိုက်သည်။

သူ့ သူငယ်ချင်း သူ့ကို သဘာဝကျသောစကားများကို အလေးအနက် ရှင်းပြပြောဆိုပြီးနောက် သူသည် စားသောက်ဖွယ်ရာအားလုံးကို စုံနေအောင် စားသောက်ပစ်လိုက်သည်။ မြိန်လည်း အတော်မြိန်သွားသည်။ စိတ်ထဲ ကျေနပ်သွားသည်။ သန်လျင်မြို့က သူငယ်ချင်း၏ဘဝနှင့် ပတ်သက်သော အတွေးအခေါ်တွေက စဉ်းစားဖွယ်ရာ ကောင်းနေပြန်သည်။ ဟုတ်၊ မဟုတ်တော့ မသိ။ နားထောင်လို့တော့ အကောင်းသား။

"တို့ ငယ်ငယ်ကတည်းက ဒီအစားအသောက်တွေနဲ့ ကြီးပြင်းလာတာပဲ။ တို့အဘိုးအဘွားတွေ ဒီနေ့ပုံစံလိုပဲ စားသောက်နေထိုင်သွား

http://www.cherrythitsar.org



ကြတယ်။ အေး. . တစ်ခုတော့ရှိတယ်။ တန်ဆေး လွန်ဘေး ဆိုတဲ့ စကား ကိုတော့ အသေအချာ လိုက်နာရမှာပဲ။ ဘာမဆို တန်ဆေး လွန်ဘေးပဲ လေ။ အချစ် အပါအဝင်ပေါ့။ ကံမကောင်း အကြောင်းမလှလို့ သေမယ် ဆိုရင် ဘာမှမစဉ်းစားဘဲနဲ့လည်း သေမှာပဲ။ မင်းကွာ နယူးယောက်မြို့က ကမ္ဘာ့ကုန်သွယ်ရေးစင်တာလောက် လုံခြုံတာ ဘယ်ရှိပါ့မလဲ။ စက်တင် ဘာလ ၁၁ ရက်နေ့က အဲဒီအထဲမှာ ရှိနေတဲ့လူတွေဟာ သူတို့ကိုယ်သူတို့ သေမယ်လို့ အန္တရာယ်ရှိမယ်လို့ ဘယ်သူမှ မထင်ဘူး။ သူတို့တင် မထင် တာမဟုတ်ဘူး။ လေယာဉ်ပျံသုံးစီးပေါ်ကလူတွေလည်း သူတို့ ဒီပုံစံမျိုး နဲ့ လေယာဉ်ပျက်ကျလိမ့်မယ်လို့ စိတ်ကူးထဲတောင် မထည့်ခဲ့ဘူး။ လူတွေ ဟာ အချိန်မရွေး သေသွားနိုင်တယ်ဆိုတာ လူ့ဘဝရဲ့ဖွင့်ဆိုချက်ထဲမှာ အကျဉ်းတန်ဆုံးလို့ ပြောမလား၊ အလှဆုံးလို့ ပြောမလား၊ ဒါမှမဟုတ် ကြေကွဲစရာ အကောင်းဆုံးလို့ ပြောမလား။ အထိရောက်ဆုံးလို့ ပြောမ လား”

❑ ❑ ❑

# ဓာတ်ခွဲခန်းမှူးတစ်ယောက်၏ တချို့ဓာတ်ဝင်ခန်းများ နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂၂)

ဓာတ်ခွဲခန်းထဲ အနေကြာလာတော့ အနံ့အသက်တွေနှင့်ရော၊ မြင်ကွင်းတွေနှင့်ရော ရင်းနှီးယဉ်ပါးနေပြီ။ အသားကျနေပြီ။ လူစိမ်းတွေ ဓာတ်ခွဲခန်းထဲ အလည်အပတ်ရောက်လာသည်ဆိုလျှင် နှာခေါင်းရှုံ့နေသေးသဖြင့် 'ဆေးရုံအနံ့ရတယ်' 'ဆေးအနံ့ရတယ်' စသည်ဖြင့် မှတ်ချက်ပေးနေတတ်သည်။ နာတာရှည်ရောဂါသည်များအနေနှင့် ဆေးဘက်ပညာသည်တွေလောက်နီးနီးပင် ဆေးရုံရနံ့တွေနှင့် ရင်းနှီးနေခဲ့ပြီ။

ဓာတ်ခွဲခန်း အမျိုးမျိုးရှိသည်။ ဓာတ်ပုံ ဓာတ်ခွဲခန်း၊ အနုမြူဓာတ်ခွဲခန်း၊ လျှပ်စစ်ဓာတ်ခွဲခန်း၊ ရောဂါရှာဖွေလေ့လာရေး ဓာတ်ခွဲခန်း စသည်ဖြင့် ရှိကြသည်။ အတိအကျ နာမည်ပေးထားခြင်းမျိုး ရှိသလို၊ အတိအကျ နာမည်မပေးထားသော်လည်း ဓာတ်ခွဲခန်းတစ်ခု၏ မာနမျိုး၊ အနှစ်သာရမျိုးရှိနေသည့်နေရာတွေ၊ ကြိုးပမ်းမှုတွေ အမြောက်အများရှိသည်။ ကဗျာဆရာတစ်ယောက်သည် အနုပညာ ဓာတ်ခွဲခန်းမှူးဖြစ်သည်။

http://www.cherrythitsar.org



ထိုသို့ ဓာတ်ခွဲခန်းအမျိုးမျိုးရှိကြရာတွင် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသည် တိုက်ရိုက်အကျဆုံး၊ အပီပြင်ဆုံးဖြစ်ပြီး ဓာတ်ခွဲခန်းဆိုသောဝေါဟာရကို အပိုင်စီးထားသည်။

ဆေးခန်းတွေရှေ့မှာ 'ဓာတ်ခွဲခန်း ဆီး ဝမ်း သွေး သလိပ် အမြန်စစ်ဆေးပေးမည်။ HIV နှင့် Hbsag ချက်ချင်းရမည်' ဆိုသော ဆိုင်းဘုတ်ကို ရေးထားတတ်ကြသည်။ 'ဓာတ်ခွဲခန်း' ရှေ့မှာ ဓာတ်ပုံဓာတ်ခွဲခန်း၊ အချစ်ဓာတ်ခွဲခန်း စသည်များကို ရေးစရာမလိုတော့။

ဓာတ်ခွဲခန်းမှူးသည် သူ ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်ခဲ့ရသောကာလများကို သတိရသောအခါ ရင်ထဲအောင့်သွားသည်အထိ လွမ်းသွားသည်။ သူ ရန်ကုန်ဆေးရုံကြီးမှ အလုပ်ထွက်တော့ နောက်ဆုံး ပစ္စည်းတွေသယ်ပြီး ထွက်ခွာလာသောနေ့အကြောင်း သူ ဝတ္ထုရေးဖူးသည်။ ရောဂါရှာဖွေလေ့လာရေးဓာတ်ခွဲခန်းတွေမှာ အဓိကဘာသာရပ် လေးမျိုးဆိုပြီး အကြမ်းဖျင်းရှိသည့်အထဲမှ ဇီဝဓာတုဗေဒဌာနစိတ် (BIOCHEMISTRY SECTION)၊ အသားမျှင်လေ့လာရေးဌာနစိတ် (HISTOPATHOLOGY SECTION)၊ သွေးဗေဒဌာနစိတ် (HAEMATOLOGY SETION) နှင့် အဏုဇီဝပိုးမွှားဗေဒဌာနစိတ် (MICROBIOLOGY SECTION) ဆိုပြီး လေးမျိုးရှိသည်တွင် သူသည် (MICROBIOLOGY SECTION) မှလွဲ၍ ကျန်သုံးမျိုးစလုံးတွင် ကျင်လည်ဖူးသည်။

သွေးဗေဒဌာနလက်အောက်တွင် သွေးဖြန့်ချိရေးဌာန BLOOD ISSUE SECTION ရှိသည်။ ထိုသွေးဖြန့်ချိရေးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ရသောကာလများသည် ပျော်စရာမကောင်းပေ။ ပင်လည်းပင်ပန်းပြီး စိတ်လည်း ရှုပ်စရာကောင်းသည်။ ညနေ (၄) နာရီ ထိုးလျှင်

http://www.cherrythitsar.org



သွေးလက်ကျန်ပုလင်းတွေနှင့် ထုတ်သွားသောသွေးပုလင်းတွေ စာရင်းတွက်ရသည်။ ဘယ်လိုဖြစ်နေသည်မသိ။ သွေးပုလင်းတွေက လိုသည့်အခါ လိုနေသည်။ ပိုသည့်အခါ ပိုနေသည်။ လူနာအဆောင်များမှ ရန်ကုန်မြို့ရှိ တခြားဆေးရုံများမှ သွေးတောင်းစာရွက်များကို အကြိမ်ပေါင်းများစွာ ပြန်လည်ရေတွက်ရသည်။ ည (၇)နာရီလောက်ကျမှ စာရင်းကိုက်သည့်အခါက များသည်။ ထိုကြားထဲ တစ်နေ့ နေ့လယ်ခင်းတွင် သွေးပုလင်းမှားပေးလိုက်မိသည်။ သူ့ဓာတ်ခွဲခန်းမှုးဘဝမှာ သည်တစ်ကြိမ်သာ မှားဖူးသည်။

"ဆေးရုံအုပ်ကြီးခင်ဗျား ကျွန်တော် သွေးမှားပေးလိုက်မိလို့ မော်တော်ယာဉ်ဌာနက ကားတစ်စီး မြန်မြန်ပေးပါ။ မြန်မြန်။ နားနှာခေါင်း လည်ချောင်း ဆေးရုံကို သွားရမှာ"

ဘုရား. . ဘုရား။ မြန်မြန်မောင်းပါ။

သူ နားနှာခေါင်းလည်ချောင်းဆေးရုံကိုရောက်တော့ သွေးသွင်းနေသည့် လူနာက ဘယ်မှာလဲ။ ဘယ်အခန်းမှာလဲ။ အပေါ်ထပ်လို့ ဆိုတော့ သူ ပြေးတက်သွားသည်။ သူနာပြုဆရာမက နောက်ထပ် ၂ စက္ကန့်အတွင်း လူနာကို သွေးသွင်းတော့မည်။ "ဆရာမ. . " သူ တအားအော်လိုက်သည်။ သူ ဆရာမကို တိုးတိုးကလေးကပ်ပြောပြီး အချိန်မီတားလိုက်နိုင်သည်။ လူနာက 'ဘီ'။ သွေးပုလင်းက 'အို'။ သွင်းမိလျှင် အသက်တော့မသေနိုင်သော်လည်း လူနာမှာ မကြာခဏ သွေးသွင်းနေရသောကြောင့် Same Blood သွင်းတာပဲကောင်းသည်။ မတူလျှင် ဘေးထွက်ဆိုးကျိုးတွေရနိုင်သည်။

သူ ဆေးရုံကြီးမှာ လုပ်ခဲ့သည့်ကာလတစ်လျှောက် ထင်ရှားသည့် အမှတ်အသားများထဲက တစ်ခုဖြစ်သည်။

http://www.cherrythitsar.org



နောက်ထပ် အမှတ်အသားတစ်ခုမှာ သူနှင့် ဌာနမှူး ပါမောက္ခတို့ အဆင်မပြေဖြစ်ကြကာ သူ့ကို သက်သက်မဲ့ ရင်ခွဲရုံသို့ပို့လိုက်သည်။ သူ ပြည်မြို့ ပြည်သူ့ဆေးရုံမှာ တာဝန်ထမ်းဆောင်စဉ်က မြူရိုကရက်ဆရာဝန်ကြီးတစ်ယောက်ကို လာဘ်စားမှု၊ မိန်းမလိုက်စားမှု၊ ပြည်သူပိုင်ပစ္စည်း အလွဲသုံးစားလုပ်မှုတို့ဖြင့် ဘုတ်ဖွဲ့စစ်သည်။ သူက ဟုတ်တန်းမှန်ရာ ထွက်ဆိုခဲ့သဖြင့် ဆရာဝန်ကြီးက သူ့ ဆားဗစ်ဘုတ်တွင် အထက်အရာရှိအား ခံပြောသည်။ ဆီးစစ်ရာတွင် ၃ ကျပ် လာဘ်စားသည်ဟု မင်နီဖြင့် ရေးလိုက်သည်။ ထိုဟာကို ယခု ဆရာဝန်ကြီးက မကျေမနပ်ဖြစ်သည်။ ရေးသည်ကို မကျေနပ်ခြင်းမဟုတ်။ ဘုတ်အဖွဲ့ဘက်က ရှေ့နေလိုက်သည်ကို မကျေမနပ်ဖြစ်ပြီး ရင်ခွဲရုံသို့တာဝန်ချထားလိုက်ခြင်းဖြစ်သည်။ ယခု ဆရာဝန်ကြီးတွေလည်း မရှိကြတော့ပြီ။ ရင်ခွဲရုံမှာ အုပ်ဆက်လှန်ထားတာတို့၊ ရင်ကိုခွဲ အသည်းထုတ်ထားတာတို့ သူ ပထမဆုံး တွေ့သောနေ့က ဝက်သား၊ အမဲသား စား၍မရတော့။

"နင်ပဲ ချက်ခိုင်းထားပြီးတော့" လို့ ထမင်းဆိုင်က ပြောသည်။

"ဟုတ်တယ်။ ဒီနေ့ ကျွန်တော် မစားချင်တော့လို့"

နောက်တော့ ရိုးသွားသည်။ ဝက်သား၊ အမဲသား ပြန်စား၍ ရသွားသည်။ ထိုသို့ ထင်ရှားသောအမှတ်အသားများ High Lights အများကြီးပဲ ဖြစ်သည်။

တစ်ခါတော့ သွေးဗေဒဌာနစိတ်မှာ သူ ဂျူတီကျနေစဉ် ဓာတ်ခွဲခန်းမှူး လေးငါးယောက် မတိုင်ပင်ဘဲ ခွင့်ယူမိကြသည်။ တိုက်ဆိုင်မှုတစ်ခုဖြစ်ဖူးသည်။ သွေးဗေဒဌာနစိတ်မှာ ဓာတ်ခွဲမည့်လူမရှိတော့။ ထို့ကြောင့် ဆေးရုံကြီးမှကားဖြင့် လိုက်ခေါ်ရသည်။

တစ်ယောက်က အဖျားကြီးနေ၍ အလုပ်မဆင်းနိုင်ကြောင်း။

http://www.cherrythitsar.org



နောက်တစ်ယောက်က ခြေထောက်မှာ အနာပေါက်နေ၍ ခွင့်ယူလိုကြောင်း။

နောက်တစ်ယောက်က ယာယီ ခရီးသွားလို၍ ခွင့်လိုချင်ကြောင်း။

စတုတ္ထတစ်ယောက်ကတော့ မိန်းမ အသည်းအသန် ဖြစ်နေကြောင်း။

တကယ့်ကို တိုက်ဆိုင်ပြီး ရယ်စရာကောင်းလှသည်။ ခွင့်တိုင်သူကို အိမ်လိုက်ခေါ်ပြီး ချောင်းမြောင်းသော အစဉ်အလာမရှိသဖြင့် လွတ်လပ်စွာ နေခဲ့ကြသည်။

အဖျားကြီးနေသူကို ရေချိုးလျက်တန်းလန်း တွေ့ရသည်ဟု ဆို၏။

ခြေထောက်အနာပေါက်နေသူက ကြက်တောင်ရိုက်နေသည်။

ယာယီခရီးထွက်မည့်လူက စောင်ခြုံပြီး အိပ်နေသည်ကို တွေ့ရ၏။

အသည်းအသန်ဖြစ်နေသည်ဆိုသော မိန်းမက ပြုံးပြုံးရွှင်ရွှင်နှင့် ထွက်လာပြီး၊ သူ့ယောက်ျား ရပ်ကွက်ဘောလုံးပြိုင်ပွဲမှာ ဘောလုံးသွားကန်နေသည်ဟု ပြော၏။ ကြုံကြိုက်လျှင် ဓာတ်ခွဲခန်းမှူးသည် သူ့ဓာတ်ခွဲခန်းမှူးဘဝ၏ ထင်ရှားသောမှတ်တိုင်များကို လိုက်လံပြသလိုပါသေးသည်။

❑ ❑ ❑

# (ACID TO WATER) နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂၃)

ဓာတ်ခွဲခန်းမှူးသည် သူ့ကိုယ်ပေါ်တွင် ထင်ထင်ရှားရှားရှိသော အမာရွတ်များကို လျှောက်ကြည့်ပြီး အမာရွတ်တစ်ခုစီ၏ နောက်ခံ အကြောင်းအရာတွေကို တဖွေးဖွေး သတိရနေမိပြီး၊ ငယ်ရွယ်ပျိုမြစ်မှုကို မျက်ရည်လည်သွားသည်အထိ အောက်မေ့လွမ်းဆွတ်သွားသည်။ ဘာပဲ ဖြစ်ဖြစ် အမာရွတ်တွေက သူ့ထက် အသက် ၂၀၊ အသက် ၃၀၊ အသက် ၄၀ ငယ်ကြသည် မဟုတ်လား။ တချို့ အမာရွတ်တွေက သူ ဆယ်ကျော် သက်မှာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဘယ်ဘက်လက်ဖျံပက်လက်ပေါ်တွင်ရှိသော အမာရွတ်နှစ်ခု မှာ ကျောက်ဆေးထိုးထားသော သေရာပါ အမာရွတ်ဖြစ်လျက် သူ ယခု ရောက်ရှိနေသော အသက်အရွယ်ကို ဖော်ကောင်လုပ်နေသည်။ ကျောက် ကြီးရောဂါ ကာကွယ်ဆေးထိုးထားသော လူတစ်ယောက်၏ အသက်သည် အနည်းဆုံး အသက် ငါးဆယ့်နှစ်နှစ် သုံးနှစ်လောက်တော့ ရှိရမည်။

နဖူးထောင့်တွင် ကန့်လန့်ဖြတ်ချိုင့်နေသော အမာရွတ်မှာ

http://www.cherrythitsar.org



သရက်ပင်ပေါ်မှ ချော်ကျရာတွင် ရခဲ့သော ဒဏ်ရာ။ ညာဘက်တတောင် ဆစ်တွင်ရှိသော အမာရွတ်မှာ သွတ်ပြားထမ်းလာသော လူတစ်ယောက် က ဝင်ဆောင့်လိုက်ခြင်းဖြစ်သည်။ သိမ်ကြီးဈေးတွင်ဖြစ်သည်။ ထိုစဉ်က သိမ်ကြီးဈေးသည် ခမ်းခမ်းနားနားမဟုတ်။ ပျံကျဈေးဆန်ဆန်၊ ကျူးကျော် ဈေးဆန်ဆန်ဖြစ်သည်။ ရွံ့တိရွံ့စောင်း ယာယီအထည်ဆိုင်သေးသေးလေး တွေ အမြောက်အမြား ရောင်းနေကြသည်။

ဓာတ်ခွဲခန်းမှူးသည် အမာရွတ်တွေရခဲ့သောနေရာတွေကိုသာ ရုပ်ရှင်ဇာတ်ကားဟောင်းတစ်ကားလို မြင်ယောင်နေသည် မဟုတ်။ သူ၏ ဘယ်တော့မှပြန်မရတော့သည့် နုနုငယ်ငယ်အရွယ်တွေကိုပါ မြင်ယောင် နေမိသည်။ မြင်ယောင်မိခြင်းအတွက် ရပ်တံ့မသွားသေး။ ထိုအချိန်က သူ့ဘဝ၏ စီးပွားရေးအခြေအနေကိုပါ သတိရမိသေးသည်။ ထိုစဉ်က အရမ်းဆင်းရဲသည်။ ယခု အလွန်ဆင်းရဲသည်။ ဆင်းရဲခြင်းသည် ရွှေရတု သဘင် ကျင်းပ၍ရသည်အထိ သူ့ဆီမှာ ပေကပ်နေခဲ့သည်။

ထို့နောက် ဓာတ်ခွဲခန်းမှူးသည် သူ့ကိုယ်ပေါ်မှ တခြား အမာ ရွတ်တစ်ခုကို တွေ့ရှိပြီးနောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ‘အို’ဟု ပင် အော်လိုက်မိသည်။

ညာဘက်လက်ဖမိုးပေါ်မှ အမာရွတ်။

ရန်ကုန်ဆေးရုံကြီး ရောဂါရှာဖွေလေ့လာရေးဌာနမှာ ရခဲ့သော ဒဏ်ရာ။ အက်ဆစ်ပုလင်းပေါက်ကွဲမှု၏ သားကောင်။ ကန့် ငရဲမီးဆာလ် ဖြူရစ်အက်ဆစ်၏လောင်မြိုက်အားကို သူသည် ဦးနှောက်နှင့်ရော၊ အသည်း နှလုံးနှင့်ရော အသွေးအသားနှင့်ရော သိခဲ့ရသည်။ ထိုအက်ဆစ်ထဲ မီးခြစ် ဆံတို့လိုက်လျှင် မီးထတောက်သည်ကို ယခုမှ သူ သဘောပေါက်သွား သည်။ ကန့်ငရဲမီး။ ငရဲမင်းကြီး၏ ဒယ်အိုးအောက်က မီးလျှံထက် ပိုပူ

http://www.cherrythitsar.org



လောင်သော အက်ဆစ်။

ထိုစဉ်က လူနာအဆောင် ၁ နှင့် ၂ မှာ မိတ်ဆွေ ဆရာဝန် တစ်ယောက်က လက်ထောက်ဆရာဝန်ဖြစ်နေသည်။ တချို့လူနာ အဆောင်တွေမှာ တော်ရုံတန်ရုံ ဆီး၊ ဝမ်း၊ သွေး၊ သလိပ် ဓာတ်ခွဲမှုကို သူတို့ဘာသာသူတို့ ဆောင်ရွက်ကြသည်။ ဆီးချို ရှိ မရှိ ဆီးကို စစ်ဆေး ခြင်း (Urine for Sugar) နှင့် အယ်လ်ဗျူမင် ရှိ မရှိ ဆီးကို စစ်ဆေးခြင်း (Urine for Albumin)၊ တီဘီပိုး ရှိ မရှိ သလိပ်ကို စစ်ဆေးခြင်း (Spu-Tum for AFB) သူတို့ လူနာအဆောင်မှာပဲ ဆောင်ရွက်ကြသည်။

လူနာအဆောင် ၁ နှင့် ၂ မှ မိတ်ဆွေဆရာဝန်သည် ဓာတ်ခွဲ ခန်းမှူးကို 20% Sulphuric Acid ဖျော်ခိုင်းသည်။ သူတို့ လူနာဆောင် က ဓာတ်ခွဲခန်းအသေးစားလေးမှာ သုံးရန်ဖြစ်သည်။ သူ ဖျော်ပေးပါမည် ဟု ကတိပေးထားသည်မှာ တစ်လနီးပါးရှိပြီ။

ရန်ကုန်ဆေးရုံကြီးပေါ်မှာ ဖြတ်သွားဖြတ်လာ တွေ့တိုင်း၊ ဆရာဝန်က ၂၀ ရာခိုင်နှုန်း ကန့်ဇရဲမီးကို တောင်းနေသည်။ ယနေ့ပဲ ဖျော်ပေးပါရန်။ ကောင်းပြီ အခုပဲ ဖျော်ပေးပါတော့မည်။

ACID ရေနှင့်ရောလျှင် ACID to Water ဖြစ်ရမည်။ Water to ACID မဖြစ်ရ။ သဘောကတော့ ရေထဲသို့ အက်ဆစ်ကို နည်းနည်း ချင်း လောင်းထည့်လိုက်၊ သိပ်ပူလာလျှင် ခဏနားပြီး ပုလင်းအဖုံးကို မလုံ့တလုံပိတ်ကာ ရေဘုံဘိုင်အောက်မှာ အအေးခံလိုက် လုပ်ရသည်။ ရေထဲသို့ အက်ဆစ်ထည့်လျှင် ချက်ချင်းပူသွားသည်။ ထပ်ထည့်လျှင် ထပ်ပူလာမည်။ အပူရှိန် အရမ်းမြင့်လာမည်။ ထပ်၍ထပ်၍ မဆင်မခြင် ထည့်လျှင် ပေါက်ကွဲသွားလိမ့်မည်။ အက်ဆစ်သည် ရေကို အလွန်ကြိုက် သောကြောင့် အက်ဆစ်ခွက်ထဲသို့ ရေထည့်လျှင် အက်ဆစ်တွေက ဝိုင်း

http://www.cherrythitsar.org



လုပြီး ပေါက်ကွဲသွားလိမ့်မည်။ ထို့ကြောင့် Water to ACID ။ ဒါတွေကို ဓာတ်ခွဲမှူးက ကောင်းကောင်းကြီးသိပါသည်။ သို့သော် သူငယ်ချင်း မှား သွားသည်။ ပလတ်စတစ်ပုလင်းနှင့်ဖျော်သင့်သည်ကို မှန်ပုလင်းဖြင့် ဖျော် လိုက်မိသည်။ ဆရာဝန်ပေးလိုက်သောပုလင်း။ ပုလင်းက ပါးပါးကလေး။ ကန့်ငရဲမီး ၁၀၀ စီစီကို ရေပုလင်းထဲ ဖြည်းဖြည်းချင်းထည့်လိုက် အအေးခံ လိုက်လုပ်အပြီး ဘေစင်ထဲမှ ပုလင်းကို မ,တင်လိုက်စဉ် ပုလင်းသည် အလယ်မှပြတ်ပြီး ကြမ်းခင်းပေါ် တစ်ဝက်၊ ဘေစင်ထဲတစ်ဝက် ကျသွားစဉ် သူ့ညာဘက်လက်ဖမိုးနှင့် ပုဆိုးကို ထိသွားသည်။ ပုဆိုးအသစ်သည် ချက် ချင်း ပြတ်ထွက်ကြွေမွသွားသောကြောင့် တန်းပေါ် တွင်တွေ့သော မျက်နှာ သုတ်တစ်ထည်ကို ချက်ချင်းကောက်ပတ်ပြီး အိမ်သာထဲသို့ ပြေးသွားလေ သည်။ အိမ်သာထဲမှနေ ဆေးရုံကြီးထဲမှာနေသော ပုဂ္ဂိုလ်တစ်ယောက်ဆီမှ ပုဆိုးတစ်ထည် တောင်းသည်။ အိမ်သာထဲတွင် လက်ဖမိုးကို ရေစိမ်ထား စဉ် သက်သာသလိုရှိသော်လည်း ရေဘုံဘိုင်မှ လက်ကိုဖယ်လိုက်သည်နှင့် တရှုရှုနှင့်လောင်နေသည်မှာ ဘာနှင့်မှမတူ။ သည်တစ်သက် အေးမှအေး ပါတော့မလား အောက်မေ့ရသည်။ တခြား ဘာမှသတိမရတော့။ စီးပွား ရေး၊ အိမ်ထောင်ရေးနှင့် တခြားခံစားချက်တွေ ဘာမှသတိမရတော့ဘဲ ပူခြင်းတစ်ခုကိုပဲ သတိရသည်။ သူ့လက်ကို ရေဘုံဘိုင်အောက်မှာ ထားရ သည်။ ပယ်လိုက်သည်နှင့် မီးစနှင့်ထိုးသလို ပူသည်။ နိုင်ငံခြားပြန် ပါရဂူ ကြီးတွေ၊ ပါမောက္ခကြီးတွေက အက်ဆစ်လောင်လျှင် ဘာဆက်လုပ်ရ သည်ဆိုသည်ကို ဆေးတံခဲပြီး စာအုပ်ထူထူကြီးထဲ ရှာသည်။ အခြားပါရဂူ တစ်ယောက်က ဆော်ဒါဘိုင်ကတ် (Sodium bicarbonate) အုံးပေးရ မည်ဟုဆိုပြီး ဆော်ဒါဘိုင်ကတ် အပြည့်တစ်လုံး လာပေးသည်။ ဆေးတံခဲ ထားသော ပါမောက္ခကြီးကတော့ စာအုပ်ထူထူကြီးထဲ ရှာဆဲ။ တော်တော်

http://www.cherrythitsar.org



ကြာပါသည်။ 'တွေ့ပြီ' ဟု ပါမောက္ခကြီးက ပြောပြီး Picric Acid အရည် ထဲလက်ကို စိမ်ထားခိုင်းသည်။ ပစ်ကရစ်အက်ဆစ်သည် အဝါရောင် တောက်တောက်ဖြစ်ပြီး ရေခဲလိုအေးသည်။ အက်ဆစ်ထဲမှာ ထူးဆန်း သောအက်ဆစ်။ သူ့ထက် ထူးဆန်းသော အက်ဆစ်တစ်မျိုးရှိသည်။ Citric Acid စိုက်ထရစ်အက်ဆစ် သူက စား၍ရသည်။

ခပ်စောစောပဲ သူ အိမ်ပြန်သွားသည်။ အိပ်ဆေးတွေသောက် ပြီး မနက်မိုးလင်းတော့ သူ့မိန်းမက ကြင်နာစွာပြောသည်။ 'ညက ပူတယ် ပူတယ်လို့ ကယောင်ကတမ်းအော်နေတာ ကြားရတော့ ဝမ်းနည်းမိတယ်' ခရုသင်းလို အဖြူကွက်မထင်ရန် ကြိတ်မှန်ရွက်လိမ်းသည်။ Silver Nitrate Solution တွေလိမ်းသည်။ နောက်တစ်နေ့တွင် သူသည် ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာလှမွန်ထံသွားသည်။ အကျိုးအကြောင်း ပြောပြပြီး ဘာဆေးသောက်ရမလဲ မေးသည်။ တက်ထရာစိုင်ကလင်းနဲ့ စီဗစ်သောက်ခိုင်းသည်။ မေးခွန်းတွေလည်း လျှောက်မေးသည်။ ယခုခေတ် စကားနဲ့ပြောရလျှင် 'ဗျူး'တာပေါ့။

"မော်တာမှန်သွားသေးလား"

"ဘာလဲ"

"မှန်သွားသေးလားလို့"

"မမှန်ဘူး"

သူ့ဘေးနားတွင် ရှိသည့် သူနာပြုဆရာမများ ပြုံးကြသည်။ 'မှန် တယ်ဆိုရင် ဆေးမကုပေးဘူး။ သတ်သေလိုက်လို့ ပြောမလို့'။

❑ ❑ ❑

# တံခါးစောင့်တစ်ယောက်၏အကြောင်း
# နောက်ခံ

## ဓာတ်ခွဲခန်းမှူးတစ်ဦး၏ ဒိုင်ယာရီ (၂၄)

တစ်ခါတစ်ခါတော့ သူ နယ်ဆေးရုံတစ်ရုံမှာ မြုပ်နှံရင်းနှီးခဲ့ရသော ၆ နှစ်တာဘဝသည် ရိပ်ရိပ်ရေးရေးပေါ်လာသည်။ ရိပ်ရိပ်ရေးရေးမှ သေသေချာချာ မှတ်မိလာသောအခါတွင် သူသည် ထိုဆေးရုံကြီးကိုရော ထိုဆေးရုံတွင် အမှုထမ်းခဲ့ကြသည့် ဘဝတူများကိုရော အလွန်သတိရလွမ်းဆွတ်မိသည်။

နယ်ကို တာဝန်ကျသော ရန်ကုန်မြို့တော်မှလာသည့် အမှုထမ်းအရာထမ်းများသည် လူလွတ်ဖြစ်လျှင် ထိုနယ်သူ နယ်သားများနှင့် အိမ်ထောင်ကျသွားတတ်သည်ဆိုသော အယူအဆသည် ၉၀ ရာခိုင်နှုန်းလောက် မှန်နိုင်သည်။ အကယ်၍ ချစ်သူကျန်ခဲ့သည်ဆိုလျှင် ဝေးကွာဖို့ရာ မိုင် ၅၀ ရာခိုင်နှုန်းလောက် ဖြစ်နိုင်သည်။

ကျွန်တော်တို့၏ ဓာတ်ခွဲခန်းမှူး နယ်ကို ရောက်သွားစဉ်က အသက် ၂၂ နှစ်ပဲ ရှိသေးသည်။ ခန့်စာကို ဆေးရုံအုပ်ကြီးထံ သွားပြတော့ Medical Check Up စစ်ဆေးရန် ညွှန်ကြားသည်။ ဆီး၊ ဝမ်း၊ သွေး၊

http://www.cherrythitsar.org



သလိပ် စစ်ရမည်။ မည်သူစစ်ပေးမည်နည်း။ ကိုယ့်ဘာသာကိုယ်စစ်တဲ့။ ဓာတ်ခွဲမှူးမရောက်မီက ဆီးချို ရှိမရှိ သံဓာတ်ရာခိုင်နှုန်းများကို တိုင်းပေးသော ဓာတ်ခွဲခန်းမှူးအစစ်မဟုတ်သည့် ဆွဲခန့်ဓာတ်ခွဲခန်းမှူး အကူ အဘိုးကြီးတစ်ယောက်ရှိသည်။ ရှေ့ဟာဆန်အနွယ်ဝင်ဖြစ်ပြီး စကားပြောလျှင် မိန်းမအစစ်တွေထက် ပိုပြီး မိန်းမဆန်သည်။ သူ့အထက်တွင် Medical Technologist တစ်ယောက်ရှိရာ နာမည်ကြီးဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်ဖြစ်ပြီး ရန်ကုန်မှာနေသည်။ ထိုဆေးရုံမှာ သူ့နာမည်ကို လခသွားထုတ်တိုင်း တွေ့သော်လည်း သူ့ကို တစ်ခါမှ မတွေ့ဖူးခဲ့။ နောင် သူ ရန်ကုန်ဆေးရုံကြီးကိုရောက်သွားမှ တွေ့ဆုံရင်းနှီးသွားသည်။ ထိုပုဂ္ဂိုလ်သည် နိုင်ငံတကာအဆင့်ရှိသော ဓာတ်ခွဲပညာရှင်ဖြစ်သည်။ ထားတော့။ နိုင်ငံတကာအဆင့်မရှိသူအကြောင်း ဆက်ပြောမည်။

ဓာတ်ခွဲခန်းမှူးသည် ပြင်ပလူနာဌာနတွင် တာဝန်ထမ်းဆောင်နေသော ဆရာဝန်မကြီးထံသွားကာ. . စီအက်စ် (Civil Surgeon) လွှတ်လိုက်ကြောင်း ပြောပြသည်။

"အို ဓာတ်ခွဲမှူးက ငယ်ငယ်လေးပါလား" ဆိုပြီး အပြာဝတ်သူနာပြုဆရာမတွေ၊ အနီဝတ်သူနာပြုဆရာမတွေက ဝိုင်းပြီး မှတ်ချက်ပေးကြသည်။ အသက်ကို ပြောတာလား၊ လူကောင်ကို ပြောတာလား၊ သူမသိ။ သူကလည်း ညက်ညက်ကလေး။

"ကိုယ့်ဟာကိုယ်စစ်၊ ကိုယ်က ဓာတ်ခွဲမှူးပဲဟာ။ ကာလသားရောဂါတို့၊ ဆီးချိုတို့မရှိရင်ပြီးတာပဲ။ ကဲ. . ဓာတ်ခွဲခန်းကို သွားတော့"

ဓာတ်ခွဲခန်းသည် ပင်မဆေးရုံကြီးထဲမှာရှိသည်။ ပင်မဆေးရုံကို စနစ်တကျ ပိတ်ထားပြီး တံခါးပေါက်တွင် ဒရဝမ်စောင့်နေသည်။

"ဘာကိစ္စလဲဗျ"

http://www.cherrythitsar.org



"ဓာတ်ခွဲခန်းကို သွားမလို့"

"ဘယ်သူမှ မရှိဘူး။ ဟိုလူကြီးလည်း အပြင်ထွက်သွားတယ်။ မဖွင့်ပေးနိုင်ဘူး"

"ကျွန်တော် ဒီဆေးရုံက အမှုထမ်းပဲ။ ဖွင့်ပေးပါ"

"နောက်မနေနဲ့ ခင်ဗျားကို တစ်ခါမှမတွေ့ဖူးဘူး"

"ဘယ်တွေ့ဖူးမလဲ။ ခင်ဗျား ဘယ်သွားနေလဲမှ မသိတာ"

ထိုအချိန်တွင် ပြင်ပလူနာ ပိတ်ချိန်ဖြစ်သဖြင့် ဆရာဝန်မကြီးနှင့် သူနာပြုဆရာမတွေ တံခါးပေါက်နားရောက်လာသည်။ ဆရာဝန်မကြီးက ပြောပြသည်။

"ဖွင့်ပေးလိုက်လေ။ ဒါ ဓာတ်ခွဲခန်းမှူးအသစ်"

"အို ဆရာလေးရယ်။ စိတ်မရှိနဲ့နော်။ ကျွန်တော်မသိလို့။ ဆရာကလည်း ပွင့်ပွင့်လင်းလင်း မပြောဘူးဗျ"

ဒရဝမ်သည် ဓာတ်ခွဲခန်းသို့ မကြာခဏလာပြီး ထပ်တလဲလဲ တောင်းပန်သည်။ "ဆရာကလည်း ပွင့်ပွင့်လင်းလင်း မပြောဘူးဗျ" ဆိုသောစကားကို ကြိမ်ဖန်များစွာ ထည့်ပြောသည်။ သူသည် အရက်ကလေး နည်းနည်းပါးပါးသောက်ထားသဖြင့် သူ တွေ့ရှိသော မှားယွင်းမှုတစ်ခုကို အရက်သမားတွေထုံးစံအတိုင်း အပ်ကြောင်းထပ်အောင် ရိုနေခြင်းဖြစ်သည်။

ဓာတ်ခွဲခန်းမှူးသည် ရုပ်ချောသော သူနာပြုဆရာမများ၏ နာမည်ကို မမှတ်မိတတ်သော်လည်း သည်ဒရဝမ်၏နာမည်ကိုတော့ ကောင်းကောင်းကြီး မှတ်မိနေသည်။ ဦးတင်ရွှေ။

ထို ပြည်သူ့ဆေးရုံကြီး၏ရှေ့တွင် "ပြည်မြို့ ပြည်သူ့ဆေးရုံကြီး" လို့ ရေးထားသည်။ နံနက်ကျလျှင် သူနာပြုဆရာမများ၊ သားဖွားဆရာမ

http://www.cherrythitsar.org



သင်တန်းကျောင်းသူများ ဝင်လာလျှင် ကြည့်၍ အလွန်ကောင်းသည်။ ဆောင်းတွင်းဆိုလျှင် ဆွယ်တာလေးတွေ၊ အနွေးထည်လေးတွေနှင့် တန်းစီပြီးဝင်လာလျှင် သူသည် မယ်ရွေးပွဲတစ်ခုတွင် အကဲဖြတ်နေသော လူကြီးတစ်ယောက်လို ခံစားရသည်။ ထိုအချိန်က သူနာပြုဆရာမများနှင့် Mid Wife School ခေါ် သားဖွားသင်တန်းကျောင်းမှ ဆရာမများ ပေါင်းလိုက်လျှင် အပျို ၇၀ ရှိသည်။ တစ်ဆေးရုံလုံးမှာ လူပျိုက သူတစ်ယောက်တည်း။ များစွာ ကုသိုလ်ထူးသော်လည်း သူ တစ်ယောက်ယောက်ကိုမှ အမိမဖမ်းနိုင်ခဲ့။

ဟိုတုန်းကတော့ "သူနာပြုဆရာမကို ချစ်တယ်"လို့ စိတ်ကူးယဉ်ဖူးသည်။ သူနာပြုဆရာမကိုတွေ့လျှင် "ဒီမှာဆရာမ ဒီလို သူနာပြုအဝတ်အစားတွေကို ဆင်မြန်းလိုက်တာနဲ့ ဆရာမရင်ထဲက ကိုယ်ချင်းမစာနာမှုတွေ လွင့်ပါးသွားခဲ့ပြီ။ ကြင်နာမှုတွေ ထောင့်အသီးသီးမှာ နေရာယူထားကြပြီ။ ငြင်းပယ်မှုတွေကို ချောင်ထိုးထားလိုက်ပြီလို့ ကျွန်တော် ယုံကြည်တယ်"ဆိုပြီး ရည်းစားစကားတွေကိုတောင် စီထားခဲ့ဖူးသည်။ လက်တွေ့တွင် အပျို ၇၀ မကလို့ ၇၀၀ ကို သူ ဘာမှ မပြောမိ။ သိပ်လည်း စိတ်မဝင်စားတော့။ များလွန်းတော့ ဟုန်သွားသလားမသိ။ ထိုအချိန်လောက်တွင် The Behaviour of American Nurses အမေရိကန် သူနာပြုဆရာမများ၏ အကျင့်ဓလေ့စာအုပ်လည်း ထွက်လာသည်။ သူနာပြုဆရာမများ၊ သားဖွားဆရာမများကလည်း သူ့ကို မစားကောင်းသော အသီးတစ်လုံး၊ စားကောင်းသည့်တိုင် အရသာမရှိသော အသီးတစ်လုံးကဲ့သို့ သဘောထားနေသရွေ့ အပျို ၇၀တောင် အဆင်ပြေမည်မဟုတ်။ အနီးကပ်နေကြည့်တော့ တခြားမိန်းကလေးတွေနှင့် မခြားနား။ ထို့ကြောင့် Mid Wife Students တွေထဲက တစ်ယောက် နှစ်ယောက်လောက်ပဲ

http://www.cherrythitsar.org



နာမည်မှတ်မိသည်။ ရေးတေးတေး။ ဒရဝမ် ဦးတင်ရွှေလောက်တောင် မမှတ်မိခဲ့။

ဦးတင်ရွှေကတော့ တစ်နှစ်လောက်ကြာသည်အထိ အရက်သမားများ၏ ထုံးစံအတိုင်း ရှိနေဆဲ။ ဒီကြားထဲ စားသောက်ဆိုင်ကြီးတစ်ခုမှာ ဓာတ်ခွဲခန်းမှူးနှင့် အပေါင်းအသင်းများ အရက်ဝိုင်းဖွဲ့နေစဉ် ဆိုင်အတွင်း ဦးတင်ရွှေ ဝင်သွားသည်ကို သူ မတွေ့မိလိုက်ပါ။ ဘယ်အချိန်က ဝင်သွားသည် မသိ။ မျက်စောင်းထိုးခုံမှာ ဦးတင်ရွှေ ထိုင်မည်ပြုစဉ် ဓာတ်ခွဲခန်းမှူးကို တွေ့လိုက်သည်။

"ဆရာ ကျွန်တော့်ကို မြင်လျက်သားနဲ့ မမြင်ချင်ယောင်ဆောင်ရက်တယ်" လို့ ခဏခဏ လာပြောသည်။ "တကယ် မမြင်လိုက်တာပါဗျာ။ နော် ဦးတင်ရွှေ" လို့ ပြန်ပြောရသည်။

ဓာတ်ခွဲခန်းမှူးသည် ဦးတင်ရွှေကို လှည့်မကြည့်ရဲ။ လှည့်ကြည့်လိုက်သည်နှင့် ထ,လာကာ "ဆရာ ကျွန်တော့်ကို မြင်လျက်သားနဲ့ မမြင်ချင်ယောင် ဆောင်ရက်တယ်" လို့ချည်း ရိတော့သည်။

နောက်ဆုံးရှိသည်တွင် အပိုလေးများပါ ဆောင်းလာသည်။

"ဆရာ ကျွန်တော့်ကို မြင်လျက်သားနဲ့ မမြင်ချင်ယောင် ဆောင်ရက်တယ်။ အလုပ်စ,ဝင်တုန်းကလည်း ဒီလိုပဲ ပွင့်ပွင့်လင်းလင်း မပြောဘူး"

ဓာတ်ခွဲခန်းမှူးသည် ဟို အပျို ၇၀ နှင့်စာလျှင် ဦးတင်ရွှေကို ပိုလို့တောင် သတိရသေး၏။ ဟုတ် မဟုတ်တော့ မသိ။ တချို့ကပြောတော့ ၁၉၉၉-ခုနှစ်က ဦးတင်ရွှေတစ်ယောက် ဆုံးသွားရှာပြီတဲ့။

**မောင်ညိုပြာ**

http://www.cherrythitsar.org

မောင်ညိုမြ

ခေတ်ခွဲခန်းမှူး
တစ်ဦး၏

# ဒိုင်ယာရီ

